# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်ထုတ်ဝေသည်။ Established in 1957


**စင်စစ်ယောကျ်ားမြတ်**

အကြင်သူသည် သူပြောသောစကားဖြင့်သာ ယုံကြည်သူ မဟုတ်။ နိဗ္ဗာန်ကို ကိုယ်တိုင်သိသူလည်းဖြစ်၏။ ဝဋ်သုံးပါး၏ အစပ်ကို ဖြတ်တောက်ပြီးသူလည်းဖြစ်၏။ ကုသိုလ် အကုသိုလ်၏ အကျိုးပေးခွင့်ကို သတ်ဖြတ်ပြီးသူလည်းဖြစ်၏။ အလုံးစုံသောတဏှာကို ထွေးအန်ပြီးသူလည်းဖြစ်၏။ ထိုသူသည်သာ စင်စစ်ယောကျ်ားမြတ်ဖြစ်၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၇)


၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ 17, Wednesday August 2016 (၈၆၅၆)




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။
(ဓာတ်ပုံ - သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)

## အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု သစ်ပင်စိုက်ပျိုး နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေး

နေပြည်တော် ဩဂုတ် ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။**


စာမျက်နှာ ၃ ကော်လံ ၁ သို့


## ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ရွေးချယ်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ၊ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ကိုသိန်းဇော်(ခ) ကိုဇော်ဇော်ကို ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဩဂုတ် ၁၆ ရက်စွဲဖြင့်ထုတ်ပြန်ထားသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၇၈ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)**

၁။ နိုင်ငံများ၏အနာဂတ်သည် လူငယ်မျိုးဆက်သစ်များ၏ ပစ္စုပ္ပန်ကာလ လေ့လာသင်ယူမှုများနှင့် ဆက်စပ်လျက်ရှိပါသည်။ နိုင်ငံတည်ဆောက်ရေး မဟာဗျူဟာနှင့်မျှော်မှန်းချက်များကို ချမှတ်ရာတွင်လည်း လူငယ်မျိုးဆက်သစ်များ၏ အနာဂတ်မျှော်မှန်းချက်များနှင့် ကင်းလွတ်၍ မရနိုင်ပါ။

၂။ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်အတွက် ကြီးမားလှသော စွမ်းအားအရင်းအမြစ်များဖြစ်သည်သာမက ဤနိုင်ငံတော်၊ ဤပြည်ထောင်စုကို ထိုလူငယ်များက လက်ဆင့်ကမ်းလွှဲပြောင်းရယူကာ ဆက်လက်တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ နှစ်ဆယ့်တစ်ရာစု အသိပညာခေတ်စိန်ခေါ်မှုများကိုလည်း အသိပညာလူ့အဖွဲ့အစည်းဖြင့် ရင်ဆိုင်ကျော်လွှားသွားကြရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်များသည် မိမိကိုယ်ကို ယုံကြည်မှု၊ မိမိကိုယ်ကို အားကိုးအားထားပြုမှုများရှိနေစေရန် မပြတ်လေ့လာဆည်းပူးခြင်းဖြင့် ကြုံတွေ့လာနိုင်သော အရာရာအတွက် အဆင်သင့်ဖြစ်နေရန် အရေးကြီးလှပါသည်။ ယနေ့အချိန်ကာလတွင် နိုင်ငံသူ နိုင်ငံသားများအကျိုးအတွက် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာတွေ့မြင်နေရပါသည်။

၃။ ထိုသို့သောမျိုးဆက်သစ်လူငယ်များအနက်မှ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကတောကျေးရွာအုပ်စု စည်သာကျေးရွာမှ ကိုသိန်းဇော်(ခေါ်) ကိုဇော်ဇော်သည် အတန်းပညာအားဖြင့် စတုတ္ထတန်းအောင်မြင်သည်အထိသာ ပညာသင်ကြားခဲ့ရသော်လည်း ရန်ကုန်မြို့၌ သမ္မာအာဇီဝ ငါးကင်ရောင်းချခြင်းဖြင့် ကိုယ့်ထူးကိုယ်ချွန် ရပ်တည်လုပ်ကိုင်ကာ တစ်ဖက်တွင်လည်း "မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲနိုင်သည်မှာ စာအုပ်စာပေသာဖြစ်သည်" ဟုခံယူ၍ ချွေးနဲ့စာဖြင့် တစ်ပိုင်တစ်နိုင်စာကြည့်တိုက်များကို ထူထောင်လျက်ရှိကြောင်း သိရှိရပါသည်။ အများပြည်သူအသိအမြင် တိုးတက်ပြောင်းလဲလာစေရန် ရည်ရွယ်၍ အိုးပိုင်အိမ်ပိုင်မဟုတ်ဘဲ အခန်းငှားကာနေထိုင်ရသည့်ကြားမှ မွန်မြတ်သော ရည်ရွယ်ချက်ကို မဆုတ်မနစ် အကောင်အထည်ဖော်ဆောင်ရွက်နေသူလည်း ဖြစ်ပါသည်။ ကိုသိန်းဇော်(ခေါ်) ကိုဇော်ဇော်သည် လိုအပ်သည့်နေရာများသို့ စာအုပ်များလှူဒါန်းလျက်ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် "မန္တလေးအခမဲ့စာကြည့်တိုက်" ငါးခုအထိတည်ထောင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ စာအုပ်စာပေများမှ ရရှိသောခွန်အားဖြင့် ဘဝကိုခိုင်ခိုင်မာမာရပ်တည်နိုင်သည့်အပြင် မျိုးဆက်သစ်လူငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်းသည် အသိပညာလူ့အဖွဲ့အစည်း ဖြစ်ပေါ်လာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခြင်းဖြစ်သလို နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်နေခြင်းဟု ရှုမြင်ပါသည်။ သို့ဖြစ်၍ ကိုသိန်းဇော်(ခေါ်) ကိုဇော်ဇော်အား ယခုနှစ်ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ ကိုသိန်းဇော်(ခေါ်)ကိုဇော်ဇော် ကဲ့သို့ပင် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့လူ့အဖွဲ့အစည်း၊ မိမိတို့နိုင်ငံတော်အတွက် ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအားပေးလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**




## ကြေးမုံ

# ဒီမိုကရေစီရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး

မြန်မာနိုင်ငံ၌ လွတ်လပ်ရေးရသည်နှင့် ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်ဖြစ်ရာ လွတ်လပ်ရေးသာရခဲ့သော်လည်း အမှန်တကယ်ငြိမ်းချမ်းသာယာဖွံ့ဖြိုးသည့် နိုင်ငံတစ်ခု မဖြစ်ခဲ့ရ။ ပါလီမန်ဒီမိုကရေစီခေတ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အဘက်ဘက်တွင် အတော်အသင့်တိုးတက်ခဲ့သည်မှန်သော်လည်း ပြည်တွင်းစစ်ကို ရင်ဆိုင်နေခဲ့ရသည့်အတွက် တလူလူ ဆက်လက်လွင့်တက်ခဲ့ရမည့်အစား ဒီမိုကရေစီ ဆုံးရှုံးခဲ့ရသည့်အဖြစ်ဆိုးနှင့် ကြုံခဲ့ရလေသည်။

သည်ဖြစ်စဉ်တစ်ခုလုံးကို သုံးသပ်ကြည့်မည်ဆိုလျှင် ပြည်တွင်းစစ်ကို ရင်ဆိုင်နေရသည်က အဓိကကျသည့် ပြဿနာခေါင်းစဉ်တစ်ခုဖြစ်နေသည်ကို တွေ့ရပါမည်။ ပြည်တွင်းစစ်ကို ရင်ဆိုင်နေရသည့်အတွက် ကာကွယ်ရေးအသုံးစရိတ်ပိုသုံးလာခဲ့ရသည်မှစ၍ နိုင်ငံရေးနည်းစားပွဲဝိုင်းမှာ တွေ့ဆုံဆွေးနွေးအဖြေရှာသည့်နည်းထက် လက်နက်အင်အားဖြင့် ဖြေရှင်းရသည့်နည်းဆီသို့သာ ဦးတည်သွားခဲ့ခြင်းဖြစ်ပါသည်။

သည်လိုဖြင့် ဒီမိုကရေစီ တဖြည်းဖြည်းချင်း မှေးမှိန်ဖျော့တော့လာရာမှ နောက်ဆုံးတွင် ဒီမိုကရေစီ လုံးဝပိန်းပိန်းပိတ် အမှောင်ကျသည်အထိ ဖြစ်ခဲ့ရသည်။ သည့်နောက်ပိုင်း အစိုးရများအဆက်ဆက်လက်ထက်တွင် ငြိမ်းချမ်းရေးကို အမျိုးမျိုးကြိုးစားခဲ့သည်မှာ အနှစ်သာရမဆိုထားနှင့် ပုံသဏ္ဌာန်ကိုပင် ပီပြင်အောင် အကောင်အထည်မဖော်နိုင်ခဲ့ဖြစ်ရသည်။ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အလို့ငှာ စီးပွားရေး အခွင့်အလမ်းများနှင့် အလဲအလှယ်လုပ်သည့် သဘောမျိုး မြင်ရသည်အထိဖြစ်လာခဲ့သော်လည်း ငြိမ်းချမ်းရေးကိုကား ရေးရေးမျှ မတည်ဆောက်နိုင်ခဲ့တာအမှန်။

ပြည်သူလူထု၏ အားပေးထောက်ခံမှုဖြင့် အာဏာနှင့်လုပ်ပိုင်ခွင့်ကို ရရှိလာသော အစိုးရသစ်လက်ထက်ကို ရောက်ရှိလာခဲ့သည့်အခါ ပြည်သူလူထုတစ်ရပ်လုံးက ငြိမ်းချမ်းရေးကို အထူးအားထား မျှော်လင့်လာနိုင်သည့် အခြေအနေတစ်ရပ်ဆီသို့ ရောက်လာခဲ့ပြီဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သြဇာကြီးမှုကလည်း ငြိမ်းချမ်းရေးတည်ဆောက်ရန် များစွာသော အထောက်အပံ့ဖြစ်မည်ဟု ယူဆပါသည်။ ပြည်တွင်းရှိ ပြည်သူလူထု၏ ယုံကြည်မှုက အထွတ်အထိပ်ကို ရောက်နေတာဖြစ်သလို တိုင်းရင်းသားခေါင်းဆောင်များကလည်း သည်လိုပုဂ္ဂိုလ်နှင့် ဆွေးနွေးညှိနှိုင်းရလျှင် ဖြစ်နိုင်သည်ဟူသော အမြင်နှင့်သဘောထားက ရှိနေသည်။ နိုင်ငံတကာကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ငြိမ်းချမ်းရေးအပေါ်ထားရှိသည့် သဘောထားကို အားထားယုံကြည်နေကြသည်ဖြစ်ရာ သည်လိုအနေအထားများက ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် အဓိကဒေါက်တိုင်ကြီးများသဖွယ်ဖြစ်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံက အခြေခံအားဖြင့် သဘာဝသယံဇာတ ပေါကြွယ်ဝခြင်းက အားသာချက်ဖြစ်သလို မြန်မာပြည်သူလူထု၏ လုပ်နိုင်စွမ်းထိုးဖောက်နိုင်စွမ်းကလည်း ပါလီမန်ဒီမိုကရေစီခေတ်ကာလက ထင်သာမြင်သာရှိခဲ့ပြီးဖြစ်ပါသည်။ ဒီမိုကရေစီ ဆိတ်သုဉ်းသွားခဲ့ခြင်း၊ ပြည်တွင်းစစ်ကို ရင်ဆိုင်နေခြင်းတို့က တိုင်းပြည်ကို ဆင်းရဲတွင်းသို့ ဆွဲချသွားခြင်းဖြစ်ရာ ယနေ့ ကာလလို ဒီမိုကရေစီ တဖြည်းဖြည်းချင်း ပွင့်လင်းလာသည့်အချိန်တွင် တိုင်းပြည်ပြန်လည်ထူထောင်နိုင်ရေးက အားတက်စရာပတ်ဝန်းကျင် အနေအထားဖြစ်နေသည်။

ဖြတ်သန်းခဲ့ရသော သမိုင်းသင်ခန်းစာများအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟူသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်၊ ဒီမိုကရေစီပွင့်လင်းမှုအပေါ်၊ ပြည်ထောင်စုသားတို့၏ ညီညွတ်စည်းလုံးမှုအပေါ်၊ ငြိမ်းချမ်းသာယာသည့် အာဝါသရှိမှုတို့အပေါ် လုံးဝတည်မှီနေသည်ဆိုခြင်းကို အလေးအနက်ထားကြရန် လိုပါမည်။

နိုင်ငံငြိမ်းချမ်းရေး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူလူထုတစ်ရပ်လုံးက တောင့်တမျှော်လင့်နေကြသည့်အတိုင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်ထောင်စုသားများ၏ ညီညွတ်စည်းလုံးမှုနှင့် အောင်မြင်စွာ တည်ဆောက်နိုင်ကြပါစေသတည်း။ ။

# ငွေသားကိုင်ဆောင်သုံးစွဲမှုမှ ကတ်စနစ်သုံးစွဲမှု အဆင့်မြှင့်တင်ရေး မြန်မာ - ဂျပန် ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၆**

ဂျပန်နိုင်ငံရှိ JCB (Japan Credit Bureau)၊ ဧရာဝတီဘဏ်နှင့် MPU ( Myanmar Payment Union) တို့ ပထမဆုံးအကြိမ်ပူးပေါင်း၍ နိုင်ငံပေါင်း ၁၉၀ ကျော်တွင် VISA ကတ်ကဲ့သို့ ကိုင်ဆောင်အသုံးပြုနိုင်သည့်အပြင် ပြည်တွင်း၌လည်း ငွေသားထုတ်ယူသုံးစွဲနိုင်သည့် နိုင်ငံတကာသုံး ကတ်အမျိုးအစားကို ယခုလကုန်တွင် ထုတ်လုပ်သွားမည်ဟု ဩဂုတ် ၁၆ ရက်က နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်ခဲ့သော လက်မှတ်ရေးထိုးပွဲ အခမ်းအနားမှ သိရသည်။

"မြန်မာနိုင်ငံက အခုဆို ကျွန်တော်တို့အတွက် အရေးကြီးတဲ့ဈေးကွက်ကြီးတစ်ခုဖြစ်လို့လာပါပြီ။ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့အလျောက် ကတ်စနစ်နဲ့ ငွေပေးချေမှုတွေဟာ မြန်မာနိုင်ငံတွင်းမှာ ကောင်းမွန်တဲ့ ခြေလှမ်းတွေနဲ့ ဖွံ့ဖြိုးလာတာကို တွေ့ရပါတယ်။ ဒါကြောင့် အခုလို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အပေါ် ဝမ်းသာပီတိဖြစ်မိသလို မြန်မာပြည်သူတွေအနေနဲ့ ရွေးချယ်စရာ အသစ်အသစ်တွေကြားမှာ မတူညီတဲ့အတွေ့အကြုံတွေရရှိမယ်လို့လည်း မျှော်လင့်ပါတယ်"ဟု JCB international မှ ဒုတိယဉက္ကဋ္ဌ Kimihisa Imada က ပြောသည်။



JCB သည် ၁၉၆၁ ခုနှစ်တွင် ဂျပန်နိုင်ငံတွင်းသာ သုံးစွဲနိုင်သည့် ကတ်အဖြစ် စတင်ခဲ့ပြီး ၁၉၈၁ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုနိုင်သည့် ကတ်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ယခုအချိန်တွင် နိုင်ငံပေါင်း ၁၉၀ ကျော်၌ ဈေးဆိုင်ပေါင်း ၃၁ သန်းအထိရှိလာပြီး ကတ်သုံးစွဲသူ ၉၅ သန်းရှိကာ နိုင်ငံတကာမှ ဘဏ်ပေါင်း ၃၅၀ ခန့်ဖြင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီကတ်က မြန်မာနိုင်ငံရဲ့ ကတ်စနစ်သုံး ငွေပေးချေမှုဆိုင်ရာ ဈေးကွက်ကြီးအတွက် နောက်ထပ်မိုင်တိုင်တစ်ခုဖြစ်သလို နိုင်ငံရဲ့ ပြောင်းလဲလာတဲ့ စီးပွားရေးအခြေအနေမှာ ငွေသားမဲ့လူမှုပတ်ဝန်းကျင်အဖြစ် အဆင့်မြှင့်တင်လာနိုင်ဖို့ပါ" ဟု ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောသည်။

အဆိုပါ ကတ်ကို မြန်မာနိုင်ငံတွင် ဧရာဝတီဘဏ်မှ ပလက်တီနမ်၊ ရွှေ၊ ငွေ အစရှိသည့် Credit ကတ်အမျိုးအစားသုံးခုနှင့် Debit ကတ်ဟူ၍ ထုတ်လုပ်သွားမည်ဟု သိရသည်။ ယင်းကတ်ဖြင့် မြန်မာပြည်အနှံ့အပြားရှိ MPUနှင့် ချိတ်ဆက်ထားသော ဆိုင်များနှင့် ATM စက်များတွင်သာမက နိုင်ငံပေါင်း ၁၉၀ ကျော်ရှိ JCB ကွန်ရက်ဖြင့် ချိတ်ဆက်ထားသော POS များနှင့် ATM များတွင်ပါ ငွေပေးချေထုတ်ယူခြင်းများ ပြုလုပ်နိုင်မည်ဟု သိရသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းရှိ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံများတွင် အသုံးပြုနိုင်ကြောင်း သိရသည်။

**(သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချီကိုဟန်)**

❒

# ထူးကဲဒီရေတက်မည်

**နေပြည်တော် ဩဂုတ် ၁၆**

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၄ ပေခန့်မှ ၂၁ ဒသမ ၃၅ ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းအနီး နေထိုင်ကြသော ပြည်သူများအား ယခုကဲ့သို့ သတိပေးချက်ထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးထားသည်။

**(ကြေးမုံ)**




# လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဝေါမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ နေအိမ်များပျက်စီး

**ဝေါ ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် မြစ်ကျိုးတိုက်နယ် ကွေ့ကြီးကျေးရွာအုပ်စုအတွင်းရှိ ဖိုးစိန္ဒာစုကျေးရွာနှင့် လေးအိမ်စုကျေးရွာတို့တွင် ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည့်အတွက် သစ်ပင်များကျိုးကျခြင်း၊ လူနေတဲအိမ်များပြိုပျက်ခြင်း၊ နေအိမ်အချို့အမိုးသွပ်များလန်ထွက်ခြင်း၊ စာသင်ကျောင်းအမိုးများ လန်ထွက်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးမှုစာရင်းမှာ ဖိုးစိန္ဒာစုကျေးရွာတွင် သစ်ပင်ပိ တိုက်အိမ်လေးလုံး၊ ပြို သွပ်လန် ၄၆ လုံး၊ ထရံကာ၊ တောင်ထန်းမိုးအိမ် ၂၀ ပျက်စီးခဲ့ကြောင်းနှင့် လေးအိမ်စုရွာတွင် ထရံကာ၊ တောင်ထန်းမိုးအိမ် ၅၀ ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

**ဇော်ရှင်း(ဉသာ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဩ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၄၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

**ရှေ့ဖုံးမှ**

အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-တပ်ကုန်း အမှတ်(၁)ကားလမ်း မိုင်တိုင်အမှတ်(၂/၄)နှင့်(၂/၅)အကြားရှိ ဖိုးဇောင်းတောင်ကြိုးဝိုင်းအကွက်အမှတ်(၁၆)ရှိ သဘာဝသစ်တောအတွင်း၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ဝင်များက ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ အင်ကြင်း၊ ရင်းမာ၊ ငုရွှေဝါ၊ ပန်းမဲဇလီ၊ တမာ၊ ပုန်းညက်တို့ကို စိုက်ပျိုးကြရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၁၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အကြိမ်ရေ ၅၀၀ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူလူထု အင်အား ၁၂၀၀၀၀ ဦး ခန့် တက်ရောက်ကာ အပင်ပေါင်း ၃၅၀၀၀၀ ခန့်ကိုလည်း စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

၂၀၁၆ ခုနှစ် အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအဖြစ် တစ်နိုင်ငံလုံးပျိုးပင်မျိုးစုံ ၅၈ သန်းကို နိုင်ငံတော်ပိုင်စိုက်ခင်းတည်ထောင်ခြင်း၊ မိုးရာသီလူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးခြင်း၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ပြည်သူများ၊ အသင်းအဖွဲ့များပါဝင်သည့် သစ်ပင်စိုက်ပွဲတော်များကျင်းပခြင်း၊ တစ်အုပ်တစ်မစိုက်ခင်းတည်ထောင်ခြင်းနှင့် ကျေးရွာသုံးစိုက်ခင်းတည်ထောင်ခြင်း၊ စည်ပင်သာယာရေးကော်မတီများအစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အစီအစဉ်များဖြင့်စိုက်ပျိုးခြင်း စသည့် နည်းလမ်းများဖြင့်စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ အပင်ပေါင်း ၄၃ သန်းခွဲခန့် စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

■

## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၃၆)အား စီရင်ချက်(အမိန့်)ချမှတ်

**နေပြည်တော် ဩဂုတ် ၁၆**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံထားရသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒေါက်တာဘမောင်အပေါ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဖွေအားက ၂၄-၁၂-၂၀၁၅ ရက်နေ့တွင် ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ်( ၃၆ )အား သက်ဆိုင်ရာ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ (က)(၂)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူတို့ ခုံအဖွဲ့ဝင်များအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၄)က ဆက်လက်စစ်ဆေးကြားနာခဲ့သည်။

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘမောင်သည် ရွေးကောက်ပွဲ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၆ (ည)အရ တရားမဲ့ပြုကျင့်မှုပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ဒေါက်တာဘမောင်အား ရွေးကောက် တင်မြှောက်ခြင်းသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၁ (က)အရ ပျက်ပြယ်ကြောင်း ဦးဖွေအားသည် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်ကြောင်း ခုံအဖွဲ့မှ ဆုံးဖြတ်ပြီး တရားစရိတ် ငွေကျပ်နှစ်သိန်းတိတိအား လျှောက်ထားခံရသူက လျှောက်ထားသူအားပေးစေရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးများမှ ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ ၁၆-၈-၂၀၁၆ ရက်နေ့အထိ (၂၇) မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ (၁၅) မှုရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများနှင့် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၆**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအားသုံးသပ်ဆွေးနွေးရန်နှင့် မြန်မာနိုင်ငံရှိ ရုပ်သံလွှင့်လုပ်ငန်းများ ညီညွတ်မျှတစွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပထမအကြိမ် "ရုပ်သံလွှင့်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ" ကို မေ ၂၇ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို လက်ရှိအခြေအနေများနှင့်အညီ ပြင်ဆင်ရေးဆွဲနိုင်ရေး စုပေါင်းဆောင်ရွက်သွားကြရန်နှင့် ယင်းသို့ဥပဒေပြင်ဆင်ရေးဆွဲစဉ်ကာလအတွင်း ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လက်ရှိ MRTV ၏ Network ကို မျှဝေသုံးစွဲရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။

လက်ရှိ MRTV ၏ Multi Channel Palyout System တွင် ရုပ်သံထုတ်လွှင့်သူ (Content Provider)များအဖြစ် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများမှ လုပ်ငန်းဆောင်ရွက်နိုင်မည့်အစီအမံများ၊ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းဆောင်ရွက်မည့်အပေါ် စိတ်ပါဝင်စားမှု ဖော်ပြချက်အဆိုပြုလွှာ (Expression of Interest) ဆိုင်ရာများနှင့် ပတ်သက်သည့် အချက်အလက်များကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆွေးနွေးပွဲသို့ ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်နေထိုင်သည့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးဝန်ထမ်းများ ပြည့်ပြည့်မီမီစွာခန့်ထားပေးစေလိုဟုဆို

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နေထိုင်သည့် ဒေသခံပြည်သူများအတွက် ရေရှည်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးဝန်ထမ်းများ ပြည့်မီစွာ ခန့်ထားပေးရန်နှင့် ကျန်းမာရေးအသိပညာပေးမှုများ လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Orchid ဟိုတယ်တွင် ပြုလုပ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖြစ်ပွားနေသော ကူးစက်ရောဂါအခြေအနေ၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့မှု အခက်အခဲကြုံတွေ့နေရခြင်းနှင့် စပ်လျဉ်းပြီး နာဂအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် နာဂအမျိုးသားရေးရာကောင်စီမှ ဦးနော်အောင်ဆန်းက ပြောသည်။



"ခုလောလောဆယ် အနေအထားအရ နာဂဒေသတစ်ခုလုံး ကျန်းမာရေးဝန်ထမ်းက နောက်ထပ် သုံးပုံတစ်ပုံလောက်ခန့်ထားဖို့ကိုလိုတယ်။ ကျေးရွာတွေမှာ ကျေးရွာဆေးပေးခန်းတွေ မရှိသလို ဆရာ ဆရာမတွေလည်း မရှိဘူး။ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာတဲ့အပေါ်မှာ အစိုးရအနေနဲ့ ကျေးရွာတိုင်း ကျေးရွာတိုင်းမှာ ကျန်းမာရေး ဆရာ ဆရာမတွေကို အခြေအနေတည်ငြိမ်တဲ့အထိ ထားပေးစေချင်ပါတယ်။ လက်ရှိနာဂဒေသမှာလိုအပ်နေတဲ့ ကျန်းမာရေးဝန်ထမ်းလစ်လပ်နေတာတွေ ရာနဲ့ချီရှိတယ်။ အဲဒီလစ်လပ်နေတဲ့ ကျန်းမာရေးဝန်ထမ်းနေရာတွေမှာ တာဝန်ထမ်းဆောင်ချင်လာအောင် အစိုးရဘက်က ပံ့ပိုးကူညီပေးဖို့လိုတယ်"ဟု ၎င်းကပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး နာဂဒေသရှိ ကျေးရွာများသို့ ရန်ကုန်မှ သွားရောက်မည်ဆိုပါက ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ ခန္တီး၊ ခန္တီးမှ လဟယ်၊ လဟယ်မှ ကျေးရွာများသို့ ရောက်ရှိရန် အဆင့်ဆင့် သွားရောက်ရသည့်အတွက် ထိုဒေသတွင်နေထိုင်သည့်သူများအနေဖြင့် ကျန်းမာရေး အသိပညာ အားနည်းမှုများရှိနေကြောင်း နာဂဒေသအဖွဲ့မှသိရသည်။

"နေထိုင်မကောင်းတဲ့သူတွေဆို ကျန်းမာရေးဝန်ထမ်းတချို့ပြောပြလို့သိရတာက ဆေးထိုးဆေးသောက်ဆိုတာ မနည်းပြောရတယ်။ သူ့နည်းသူ့ဟန်နဲ့ပဲ ဆေးကုတာ။ အင်္ဂလိပ်ဆေးဝါးတွေနဲ့ ပတ်သက်လို့မသိကြဘူး။ ကျန်းမာရေးအသိအားနည်းတယ်လို့ မြင်တယ်။ အသိဉာဏ်ဗဟုသုတပြည့်ဝဖို့ အများကြီးဆောင်ရွက်ပေးဖို့လည်း လိုတယ်" ဟု ဦးနော်အောင်ဆန်းက ပြောသည်။

ထို့ပြင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်းယွန်း၊ ပန်းဆောင်၊ ဒုံဟီး၊ လေရှီး၊ ဆွမ္မရာ၊ မိုပိုင်း၊ လဟယ်၊ ထန်ပါခွေ မြို့နယ်ခွဲ ရှစ်မြို့နယ်၌ လက်ရှိတွင် ကျန်းမာရေးဝန်ထမ်း ၉၀ ခန့်သာရှိပြီး ကူးစက်ရောဂါပျံ့နှံ့ဖြစ်ပွားခဲ့သော လဟယ်နှင့် နန်းယွန်းမြို့နယ်ရှိ ကျေးရွာများမှာပင် လူဦးရေ ၉၀၀၀ နီးပါးရှိကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နာဂဒေသ ကူးစက်ရောဂါ ဖြစ်ပွားနေမှုအပေါ် တိုင်းရင်းသားလူငယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက နာဂဒေသအတွင်း လမ်းမကြီးများနှင့် ကျေးရွာချင်းဆက်လမ်းများ အစရှိသည်ကို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန်၊ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အသိပညာပေးမှုများနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းတို့ကို ရောဂါကာကွယ်ခြင်းနှင့် ပတ်သက်သည့် နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ ကျေးရွာများရှိ ကလေးငယ်များအားလုံးကို လိုအပ်သည့် ဖြည့်စွက်အာဟာရနှင့် အားဆေးများတိုက်ကျွေးနိုင်ရေးအတွက် အထူးစီမံကိန်းတစ်ရပ် ချမှတ်ဆောင်ရွက်ပေးရန်နှင့် အခြားဝေးလံခေါင်သီသော ဒေသများအတွက် ကျန်းမာရေးနှင့် ပညာရေးအစီအစဉ်များကို နိုင်ငံတော်မှ အထူးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်တို့ကို တောင်းဆိုထားသည့် သဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

**(သီသီမင်း)**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အသစ်မှာ အမျိုးသမီးတစ်ဦးဖြစ်သင့်ကြောင်း ဘန်ကီမွန်းပြော



**နယူးယောက် ဩဂုတ် ၁၆**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ၎င်း၏ နေရာကိုဆက်ခံမည့်သူမှာ အမျိုးသမီးတစ်ဦးသာဖြစ်သင့်ကြောင်း ပြောကြားသည်။

နှစ်ပေါင်း ၇၀ ကျော်ရှိလာပြီဖြစ်သည့် ကုလသမဂ္ဂအဖွဲ့ကြီးကို အမျိုးသားခေါင်းဆောင် ရှစ်ဦးက ဦးဆောင်လွှမ်းမိုးလာခဲ့ပြီး ယခုအချိန်တွင် အမျိုးသမီးခေါင်းဆောင်တစ်ဦးအား အလှည့်ပေးတာဝန်ထမ်းဆောင်စေသင့်ပြီဖြစ်ကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် ယှဉ်ပြိုင်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်း ၁၁ ဦးတွင် အမျိုးသမီး ငါးဦးပါဝင်သည်ဟု သိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံကထောက်ခံပေးရမည်ဖြစ်ပြီး အထွေထွေညီလာခံတွင် အဖွဲ့ဝင် ၁၉၃ နိုင်ငံက ရွေးချယ်တင်မြှောက်ပေးရမည်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ကို ယခုနှစ်ကုန်ပိုင်းတွင် ကြေညာနိုင်မည်ဟု မျှော်လင့်ရသည်။ ယှဉ်ပြိုင်ရွေးချယ်ခံကြမည့် ကိုယ်စားလှယ်လောင်း ၁၁ ဦးမှာ ဘူလ်ဂေးရီးယားနိုင်ငံသူ အိုင်ရီနာ ဘိုကိုဗာ၊ နယူးဇီလန်နိုင်ငံသူ ဟယ်လင်ကလာ့ခ်၊ ကော်စတာရီတာနိုင်ငံသူ ခရစ္စတီးနား ဖီဂူယာစ်၊ မော်လ်ဒိုဗာနိုင်ငံသူ နာတာလီယာ ဂရေမန်၊ အာဂျင်တီးနားနိုင်ငံသူ ဆူဆန်နာ မယ်လ်ကိုရာ၊ ပေါ်တူဂီနိုင်ငံသား အန်တိုနီယို ဂူတီးယားစ်၊ ဆာဘီးယားနိုင်ငံသား ဗက်ခ် ဂျာရီမစ်၊ မက်ဆီဒိုးနီးယားနိုင်ငံသား ဆာဂျီဂျန်ကန်း၊ ဆလိုဗက်ကီးယားနိုင်ငံသား မီရာစ်လော့ဗ် လက်ဆော့ခ်၊ မွန်တီနီဂရိုးနိုင်ငံသား အီဂါလူခ်ဆစ်ခ်နှင့် ဆလိုဗေးနီးယားနိုင်ငံသား ဒန်နီလိုထက်ခ် တို့ဖြစ်ကြသည်။

**ဘီဘီစီ။**

# ရုရှားစစ်လေယာဉ်များ အီရန်လေတပ်စခန်းကိုအသုံးပြု ဆီးရီးယားရှိ စစ်သွေးကြွပစ်မှတ်များအား ပထမဆုံးအကြိမ်ဗုံးကြဲ

**မော်စကို ဩဂုတ် ၁၆**

အီရန်နိုင်ငံတွင် အခြေစိုက်သည့် ရုရှားစစ်လေယာဉ်များက ဆီးရီးယားနိုင်ငံတွင်းရှိ စစ်သွေးကြွများ၏ ပစ်မှတ်များကို ဩဂုတ် ၁၆ ရက်က ပထမဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆီးရီးယားရှိ စစ်သွေးကြွများအား ကျယ်ပြန့်စွာ တိုက်ခိုက်နိုင်ရေးအတွက် အီရန်လေတပ်အခြေစိုက်စခန်း၌ ရုရှားစစ်လေယာဉ်များ ဖြန့်ကြက်ထားပြီးနောက် ယင်းသို့တိုက်ခိုက်ခြင်းဖြစ်သည်။



ရုရှားတာဝေးပျံဗုံးကြဲလေယာဉ် တူပိုလက်ဗ်-၂၂ အမ်-၃နှင့်အက်စ်ယူ-၃၄ ဗုံးကြဲတိုက်လေယာဉ်များသည် အီရန်နိုင်ငံ ဟာမာဒန်လေတပ် အခြေစိုက်စခန်းမှ ပျံတက်ကာ ဆီးရီးယားနိုင်ငံတွင်းရှိ စစ်သွေးကြွများ၏ ပစ်မှတ်များကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယမန်နှစ်စက်တင်ဘာလအတွင်းက ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ကို ထောက်ခံသည့်အနေဖြင့် စစ်သွေးကြွများအား လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီးနောက် အီရန်နိုင်ငံတွင်းမှနေ၍ ဆီးရီးယားနိုင်ငံတွင်းရှိ စစ်သွေးကြွများအား ရုရှားက လေကြောင်းမှ တိုက်ခိုက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အီရတ်နှင့်အီရန်နိုင်ငံတို့၏ ပိုင်နက်နယ်မြေများပေါ်ဖြတ်ကျော်၍ ဆီးရီးယားနိုင်ငံတွင်းရှိ စစ်သွေးကြွပစ်မှတ်များအား ကက်စပီယံပင်လယ်မှ ပစ်ခတ်တိုက်ခိုက်ခြင်းအားခွင့်ပြုရန် တောင်းဆိုသည်ဟု ရုရှားမီဒီယာများ၌ သတင်းများထွက်ပေါ်နေစဉ်အတွင်း ယင်းလေကြောင်းတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုမှာ အရှေ့အလယ်ပိုင်းဒေသတွင် ရုရှား၏စစ်ရေးတည်ရှိမှုအခန်းကဏ္ဍကို တိုးချဲ့ခြင်းအား ပြသခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အလက်ပိုမြို့အတွင်းမှ နူဆာတပ်ဦးဟုလူသိများသောအိုင်အက်စ်အဖွဲ့၏ပစ်မှတ်များနှင့်အိုင်ဒလက်နှင့်ဒီရာအယ်လ်ဇော်ပြည်နယ်များရှိ ပစ်မှတ်များအား ဩဂုတ် ၁၆ ရက်တွင် ရုရှားစစ်လေယာဉ်များက တိုက်ခိုက်ခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ရုရှားဗုံးကြဲလေယာဉ်များအား ရုရှားဟမ်မီယင်လေတပ်အခြေစိုက်စခန်းနှင့် ဆီးရီးယားနိုင်ငံ လာတာကီယာပြည်နယ်ရှိ ရုရှား၏ဟမ်မီယင်လေတပ်စခန်းမှ ရုရှားတိုက်လေယာဉ်များ စောင့်ကြပ်လိုက်ပါခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

# တောင်ကိုရီးယား ရေတပ်စခန်းရှိ သင်္ဘောကျင်း၌ ပေါက်ကွဲမှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**ဆိုးလ် ဩဂုတ် ၁၆**

တောင်ကိုရီးယားနိုင်ငံရှိ ရေတပ်စခန်းတစ်ခု၏ ရေငုပ်သင်္ဘောပြင်ဆင်ရေး သင်္ဘောကျင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း၊ အခြားတစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဆိုးလ်ရှိစစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်ကို ကိုးကားလျက်ယွန်ဟပ်သတင်းဌာနက ဩဂုတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

**ပေါက်ကွဲမှုဖြစ်ပွား**

ဩဂုတ် ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ကွမ်ဆောင်စီရင်စုဂျင်ဟဲမြို့ရှိ ရေတပ်စခန်း၏ ရေငုပ်သင်္ဘောပြင်ဆင်ရေး သင်္ဘောကျင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ရေငုပ်သင်္ဘောတစ်စင်းကို ပြင်ဆင်နေချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ သို့ရာတွင် ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို ယခုအချိန်အထိ အတည်ပြုနိုင်ခြင်းမရှိသေးပေ။ ဒဏ်ရာရသူနှစ်ဦးအတွက် တစ်ဦးမှာစိုးရိမ်ရသည့်အခြေအနေတွင်ရှိနေသည်။

**ဆင်ဟွာ။**

# ရီယိုဒီဂျနေးရိုးရှိ အိုလံပစ်အားကစားကျေးရွာ၌ ခိုးယူမှုများ ဆက်တိုက်ဖြစ်ပွားနေ

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၁၆**

ရီယိုအိုလံပစ်အားကစားပြိုင်ပွဲ စီစဉ်ကျင်းပသူများမှာ အားကစားသမားများနေထိုင်ရာကျေးရွာ၌ ဆက်တိုက်ခိုးယူမှုများဖြစ်ပွားနေမှုကို ကြိုးပမ်းဖြေရှင်းပေးနေရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပြင်သစ်လက်ပစ်ဘောကစားသမားတစ်ဦး၏အခန်းအတွင်းမှ ငွေသားယူရို ၅၀ ခန့် သို့မဟုတ် အမေရိကန်ဒေါ်လာ ၅၅ ဒေါ်လာခန့် ခိုးယူခံခဲ့ရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အသက် (၂၀) နှစ်အရွယ် သန့်ရှင်းရေးအမျိုးသမီးတစ်ဦးကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ ၎င်းတို့နေထိုင်ရာအခန်းများမှ ငွေသား ယူရို ၁၀၀၀ ခန့်နှင့် အမေရိကန်ဒေါ်လာ ၂၄၀၀ ခန့် ပျောက်ဆုံးသွားခဲ့သည်ဆိုသော အီရန်ပြေးခုန်ပစ်အားကစားသမားနှစ်ဦး၏ တိုင်ကြားချက်တစ်ခုကိုလည်း ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ ရီယိုဒီဂျနေရိုးမြို့တော် အားကစားရွာရှိ ကစားသမားအချို့က ၎င်းတို့၏လက်တော့ပ်များနှင့်မိုဘိုင်းဖုန်းများ ခိုးယူခံခဲ့ရကြောင်း အစောပိုင်းက တိုင်ကြားခဲ့သည်။

**နေ့စဉ်နီးပါး တောင်းဆို**

အားကစားရွာဝန်းကျင်၌ လုံခြုံရေးတင်းကျပ်ထားခြင်းကြောင့် ကျူးကျော်ဝင်ရောက်မှုများမှာ ဖြစ်နိုင်ဖွယ်မရှိဟုထင်မှတ်ရသည်။ ဗြိတိသျှအားကစားအဖွဲ့က ကစားသမားများနေထိုင်ရာအခန်းများအတွင်းသို့ သန့်ရှင်းရေးသမားများဝင်ရောက်ခြင်းကို ပိတ်ပင်ထားသည်။ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက ပစ္စည်းခိုးယူမှုများ ပိုမိုတားဆီးရန် ကြိုးပမ်းလုပ်ဆောင်မည်ဟု ကတိပေးနေကြသော်လည်း လုံခြုံရေးတိုးမြှင့်ပေးရန်နေ့စဉ်နီးပါး တောင်းဆိုခြင်းခံခဲ့ရသည်။

**အန်အိတ်ချ်ကေ။**




# ကာလီဖိုးနီးယားရှိ မြို့ငယ်လေး၌ တောမီးကူးစက်ခံရ၊ အဆောက်အအုံများပျက်စီး

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၆**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်မြောက်ပိုင်းရှိ မြို့ငယ်လေးတစ်မြို့တွင် တောမီးကူးစက်ခံရမှုကြောင့် နေအိမ်နှင့်ဈေးဆိုင် ၁၇၅ လုံးထက်မနည်း ပျက်စီးခဲ့ရကြောင်း အာဏာပိုင်များက ဩဂုတ် ၁၆ ရက်တွင် ပြောကြားကြသည်။

လိုဝါလိတ်အရပ်တောင်ကုန်းပေါ် တည်ထားသည့် မြို့ငယ်လေးဖြစ်သော ကလေတန်မြို့၌ တောမီးကူးစက်ခံခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် ဒေသခံပြည်သူရာပေါင်းများစွာမှာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရကြောင်း ကာလီဖိုးနီးယားသစ်တောဌာနမှ ဒန်နီယယ် ဘာလန့်က ပြောကြားသည်။ နေအိမ်အများအပြား ပျက်စီးဆုံးရှုံးရကြောင်း ၎င်းက ပြောကြားသည်။

ဆန်ဖရန်စစ္စကိုမြို့မြောက်ဘက်မိုင် ၈၀ ခန့်အကွာရှိအဆိုပါမြို့တွင် တောမီးကူးစက်ခံရမှုကို ငြိမ်းသတ်နိုင်ရန်နှင့် တောမီးကို ထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင် ၁၆၀၀ ကို စေလွှတ်ထားသည်။ **ရိုက်တာ။**

# တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေးတို့အတွက် မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် တိုက်တွန်းကြောင်းအဆို တင်သွင်း

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပန်းတောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် တင်သွင်းသည့် **အစိုးရသစ်၏ လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတား အနှောင့်အယှက် ဖြစ်နေသောကြောင့် မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က အဆိုရှင် တင်ပြရာတွင် ပါဝင်သော မြန်မာနိုင်ငံ၏ မှုခင်းဖြစ်ပွားမှုနှင့် တရားဥပဒေစိုးမိုးရေး အခြေအနေများ၊ မှုခင်းဖြစ်ပွားရခြင်း၏ ဆက်နွှယ်မှုများ၊ ရဲလုပ်ငန်း၏အရေးပါသော အခန်းကဏ္ဍများ၊ မှုခင်းကျဆင်းမှုရှိလာပါက ရရှိလာမည့် အကျိုးဆက်များသည် အလွန်အရေးကြီးသော အချက်များဖြစ်ပါကြောင်း၊ မှုခင်းကျဆင်းရေးသည်လည်း တရားဥပဒေစိုးမိုးရေး၏ အဓိက အစိတ်အပိုင်းဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် ဖြစ်နေသည့်အခြေအနေကိုသိအောင် ဝိုင်းဝန်းအဖြေရှာပြီး ပြုပြင်ဆောင်ရွက်ရန်မှာ တာဝန်တစ်ရပ်ဖြစ်ပါကြောင်း။

မှုခင်းဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ စိတ်ဓာတ်ရေးရာများ ပျက်စီးယိုယွင်းမှုအားလုံးနှင့် သက်ဆိုင်နေပါကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိ၍ မူးယစ်ဆေးဝါးအမှုများ၊ လူကုန်ကူးမှုအမှုများ၊ ခိုးဆိုးလုယက်အမှုများ၊ လောင်းကစားမှုများ၊ ယာဉ်တိုက်မှုများအပါအဝင် လူသတ်မှု၊ မုဒိမ်းမှုများစသည်ဖြင့် မှုခင်းများဖြစ်ပွားရခြင်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့သော မှုခင်းများလျော့ကျသွားစေရန် ရဲတပ်ဖွဲ့ဝင်များတွင် အဓိကတာဝန်ရှိပါကြောင်း၊ ထို့အပြင် ပြည်သူလူထုအားလုံးအနေဖြင့် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လိုက်နာကျင့်သုံးရန်လည်း လိုအပ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေပါတာဝန်များ ထမ်းဆောင်ရန် ကူညီဆောင်ရွက်ရာတွင်လည်း ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ပင်ဖြစ်ပါကြောင်း၊ အပြစ်မရှိသော ပြည်သူကို ကာကွယ်ရေး၊ အပြစ်ရှိသူများကို ဖမ်းဆီးပေးရန် တာဝန်ရှိသူမှာလည်း



ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

ရဲတပ်ဖွဲ့ဝင်၏ ဆောင်ရွက်ရမည့် တာဝန်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အမှုတရားခံများကို အချိန်တိုအတွင်းမှာ လျင်မြန်စွာဖော်ထုတ်၍ အိမ်နီးချင်းနိုင်ငံများနည်းတူ ထိထိရောက်ရောက် အရေးယူမှုများပြုလုပ်နိုင်ပါက မှုခင်းကျဆင်းရေးကို ထိရောက်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိပါက မိမိတို့နိုင်ငံသည် ကောင်းမွန်သော အုပ်ချုပ်ရေးရှိသည့် နိုင်ငံတစ်ခုဖြစ်လာမှာ ဖြစ်ကြောင်း၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးရရှိမှသာလျှင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာဆက်ဆံရေးများ ကောင်းမွန်လာပြီး ကမ္ဘာ့အလယ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ရပ်တည်လာနိုင်မည် ဖြစ်ပါကြောင်း။

မှုခင်းများ များခဲ့မည်ဆိုပါက တရားဥပဒေစိုးမိုးမှုများ ရှိနိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများလည်း ရှိလာနိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံတကာ ဆက်ဆံရေးများလည်း အားနည်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများကို ထိခိုက်စေပါကြောင်း၊ သို့ဖြစ်၍ ဒီမိုကရေစီနိုင်ငံတိုင်းဟာ အရည်အသွေးအကဲခတ်ခံနိုင်မည် ဖြစ်သကဲ့သို့ အစိုးရသစ်၏ မူဝါဒထဲတွင်ပါသည့် လွတ်လပ်လုံခြုံဖွံ့ဖြိုးတိုးတက်လာမှာလည်း ဖြစ်ပါကြောင်းနှင့် အဆိုရှင်၏ အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။

**ဘားအံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်**က မြဝတီမြို့သည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ နယ်စပ်ဂိတ်ပေါက်မြို့ ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖြစ်သည်နှင့်အညီ မိမိတို့၏ဒေသအခေါ် မြင်းဆေးဟုခေါ်သည့် မူးယစ်ဆေးကို အလွယ်တကူ ဝယ်ယူ၍ ရနေသကဲ့သို့ လူငယ်၊ လူရွယ်၊ လူလတ် အသက်အရွယ်စုံ သုံးစွဲနေမှုများလည်း များစွာဖြစ်နေပါကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် ဆေးကြောင်ကာ တုတ်၊ ဓား၊ လက်နက်ဖြင့် ရမ်းကားသည့်အမှုများ၊ မိသားစု၏ ပစ္စည်းဥစ္စာများကို ခိုးယူလုယက်မှုများလည်း ဖြစ်နေပါကြောင်း၊ ယင်းသို့သောအမှုများမှာ မိမိတို့နယ်စပ်ဒေသများတွင်သာမက ပြည်မဖြစ်သည့် ရန်ကုန်မြို့တွင်ပင် ဖြစ်ပွားနေပါကြောင်း၊ မိမိတို့နယ်စပ်ဒေသရှိ ကျေးရွာများတွင် အလုပ်အကိုင်ရှားပါးမှုကြောင့် လည်းကောင်း၊ စားဝတ်နေရေး မပြေလည်မှုကြောင့် လည်းကောင်း အမျိုးသမီးငယ်လေးများသည် တစ်ဖက်နိုင်ငံတွင် ကြုံရာကျပန်းလုပ်ရန် နယ်စပ်ဂိတ်ပေါက်ကတစ်ဆင့် သွားနေကြပါကြောင်း၊ လူကုန်ကူးသူ၊ အလုပ်သွင်းပေးသူပွဲစားများက မက်လုံးပေးခေါ်ဆောင်သွားခြင်းကို ခံရသော်လည်း အမျိုးသမီးငယ်များသည် ဘာမျှနားမလည်နိုင်သည့် လူမသိ သူမသိအမှုများလည်း ဖြစ်ပေါ်နေပါကြောင်း၊ မြန်မာအမျိုးသမီးငယ်လေးများဖြစ်သော်လည်း စောင့်ထိန်းရမည့် ကိုယ်ကျင့်တရားကို မထိန်းသိမ်းနိုင်သည့် အခြေအနေများလည်း ဖြစ်ပေါ်နေပါကြောင်း၊ အရှက်တရားအရ လူကုန်ကူးခံရမှု၊ လိင်အကြမ်းဖက်ခံရမှုများသည် မဖော်ထုတ်နိုင်လောက်အောင် များစွာရှိနေပါကြောင်း။

အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း၊ လောင်းကစားခြင်းတို့သည် မြန်မာနိုင်ငံ၏ အမှုကြီးထဲတွင် ပါဝင်သည့် လူသတ်မှုအထိဖြစ်ပွားလာစေရန် အကြောင်းရင်းဖြစ်သကဲ့သို့ တွန်းအားပေးသည့် အကြောင်းအရာ တစ်ခုလည်း ဖြစ်လာနေသည်ကို ရဲတပ်ဖွဲ့၏ ပညာပေးလက်ဆင့်ကမ်းစာစောင်များတွင် တွေ့ရှိလာရပါကြောင်း၊ မှုခင်းများလျော့နည်းကျဆင်းရေးအတွက် တင်သွင်းသည့် အဆိုအပေါ် လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် ပေါက်တောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏ **နှစ်စဉ် တစ်နိုင်ငံလုံး၏ စီမံကိန်းနှင့် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲရာတွင် မည်သည့်မူဝါဒအရ ရေးဆွဲပြီး မည်သို့သောနည်းလမ်းဖြင့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်နေသည်ကို သိလိုကြောင်း** မေးခွန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအစိုးရသည် နှစ်စဉ် တစ်နိုင်ငံလုံး၏ စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းကို အချိန်မီရေးဆွဲ၍ ဘဏ္ဍာရေးကော်မရှင်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရာတွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ အမျိုးသားစီမံကိန်းဥပဒေကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှလည်းကောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ လည်းကောင်း ရေးဆွဲပြုစုတင်ပြပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

# DVB-T2 ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၄၄ ရုံမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်နိုင်ပြီး တိုင်းရင်းသားရုပ်သံလိုင်း အစီအစဉ်များလည်း ထည့်သွင်းထုတ်လွှင့်

**နေပြည်တော် ဩဂုတ် ၁၆**

ယခုလက်ရှိအချိန်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် DVB-T2 ရုပ်သံ ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ထားရှိခြင်း မရှိသေးပါကြောင်း၊ လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရန်လျာထားပါကြောင်း၊ ထို့ကြောင့် DVB-T2 ရုပ်သံ ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပြီးစီးသည့်အချိန်တွင် နာဂတိုင်းရင်းသားဘာသာ အစီအစဉ်ကို ထပ်မံတိုးချဲ့ထုတ်လွှင့်သွားနိုင်ရေး လျာထားပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးမင်းနိုင်၏ **"မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်နေသော တိုင်းရင်းသားအစီအစဉ်တွင် နာဂတိုင်းရင်းသား အစီအစဉ် ထည့်သွင်းပေးရန် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့မှစ၍ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းကို တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ပြည်နယ်များကို ကိုယ်စားပြုကာ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ တစ်ရက်လျှင် ၁၇ နာရီ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားရေဒီယိုအစီအစဉ်မှလည်း အထက်မြန်မာပြည်အတွက် နံနက် ၅ နာရီခွဲမှ ည ၁၁ နာရီခွဲအထိလည်းကောင်း၊ အောက်မြန်မာပြည်အတွက် နေ့စဉ်နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိလည်းကောင်း တိုင်းရင်းသားဘာသာ ၁၇ ဘာသာဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်ရန် စနစ်တကျ အဆင့်လိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ခုနှစ်တွင် တစ်နိုင်ငံလုံးဖြန့်ကြက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တတိယအဆင့် လုပ်ငန်းများပြီးစီးခဲ့သဖြင့် DVB-T2 ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၁၄၄)ရုံမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်နိုင်ပြီဖြစ်ရာ တိုင်းရင်းသားရုပ်သံလိုင်း အစီအစဉ်များလည်း ထည့်သွင်းထုတ်လွှင့်လျက်ရှိပါကြောင်း၊ ထို့အတူ FM လွှင့်စက်ရုံ (၇၈) ရုံကိုလည်း တတိယအဆင့်တွင် အပြီးတည်ဆောက်နိုင်ခဲ့ပြီး ထုတ်လွှင့်လျက်ရှိပါကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **"ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များ၊ ကျောင်းသားကျောင်းသူများအပါအဝင် ပြည်သူများ၏ အသက်ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်စောင့်ရှောက်သည့် အနေဖြင့် သက်ဆိုင်ရာက ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကို ယခုထက် ပိုမိုကောင်းမွန်အောင် လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် လတ်တလော ရေကြောင်းခရီးကိုအသုံးပြုနေကြသော ကျောင်းသားလူငယ်များ၏ အသက်အန္တရာယ်ကိုကာကွယ်ရန်အတွက် စက်လှေ၊ မော်တော်များတွင် အသက်ကယ်ဝတ်စုံများကို လုံလောက်စွာ ထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ရခိုင်ဒေသ ရေကြောင်းပို့ဆောင်ရေးအတွက် ဂျပန်နိုင်ငံ အကူအညီဖြင့် ရေယာဉ်သုံးစင်းရရှိရေး Project Proposal ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ထားပြီးဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ဒေသအတွက် လိုအပ်လျက်ရှိသော ခရီးသည်တင်ရေယာဉ်ကို ဂျပန်နိုင်ငံအစိုးရမှ ပေးအပ်လှူဒါန်းရန် ဆောင်ရွက်လျက်ရှိရာ ပြေးဆွဲမည့်ရေလမ်းခရီးနှင့် လှူဒါန်းမည့်ရေယာဉ်သည် သင့်လျော်ကိုက်ညီမှုအခြေအနေကို ဂျပန်နှင့် မြန်မာရေကြောင်းကျွမ်းကျင်ပညာရှင်များက ဇူလိုင်လအတွင်းက ရခိုင်ပြည်နယ်သို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်ပါကြောင်း။



အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

ကူးတို့လုပ်ငန်းများကိုလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ချမှတ်ကာ ပြေးဆွဲစေလျက်ရှိသည့်အပြင် ရခိုင်ပြည်နယ်အတွင်း ရေကြောင်းဖြင့် သွားလာကြသော ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာဒေသ တာဝန်ရှိသူများနှင့် ပူးပေါင်းစိစစ်ကြပ်မတ်လျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနအနေဖြင့် ရခိုင်ဌာနခွဲတွင် လက်ရှိ၌ စစ်တွေ-ဘူးသီးတောင်နှင့် စစ်တွေ-မြောက်ဦးခရီးစဉ်တို့ကို ဌာနပိုင် အောင်တံခွန်ရေယာဉ် သုံးစင်းဖြင့် ပြေးဆွဲပေးလျက်ရှိပါကြောင်း။

အဆိုပါရေယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာရန်နှင့် ကုန်စည်နှင့် ခရီးသည်များအား သတ်မှတ်ချက်အတိုင်း တင်ဆောင်ပြီး ဝန်ချိန်ပို၍ မတင်ဆောင်ရန်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရေယာဉ်ကြံ့ခိုင်မှုများကို တိုင်းတာစစ်ဆေးမှုခံယူပြီး Surveyor လိုင်စင်ရှိမှသာ ခရီးလမ်းပြေးဆွဲစေခြင်း၊ ရေယာဉ်များတွင် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေ၏ ၁၀ ရာခိုင်နှုန်းထပ်ဆောင်း၍ Life Jacket များ ထားရှိခြင်းအပြင် Life Buoy များပါထားရှိခြင်း စသည်တို့ကို ပြည့်စုံစွာဖြည့်ဆည်းထားပြီး ဘေးကင်းလုံခြုံစိတ်ချစွာ ပြေးဆွဲနိုင်ရေးစီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

စစ်တွေ-မြေပုံ-ကျောက်ဖြူ-မာန်အောင်-တောင်ကုတ်ခရီးစဉ်အနေဖြင့် အောင်တံခွန် (၃) ရေယာဉ် နစ်မြုပ်ပြီးနောက် ပင်လယ်ကမ်းရိုးတန်းကို ဖြတ်သန်းသွားလာရန် ရေယာဉ်ကြံ့ခိုင်မှု ယုံကြည်စိတ်ချရသည့် ရေယာဉ်များ မရှိသည့်အတွက် ယခုအချိန်အထိပြေးဆွဲခြင်း မပြုဘဲ

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့**



အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

☐ ကျောဖုံးမှ

**အမှု ၂၇၈၈ မှု၊ တရားခံ ၄၃၄၉ ဦး ဖမ်းဆီးရမိခဲ့**

မှုခင်းကျဆင်းရေးတွင် အရေးယူဆောင်ရွက်ခြင်းအနေဖြင့် ကြိုတင်ကာကွယ်အရေးယူမှု ၅၈၁၀၈ မှု၊ အမှုကြီး ၇၉၁ မှုနှင့် အခြားအမှု ၁၆၈၅၄ မှုတို့ကို အရေးယူနိုင်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် အမှု ၂၇၈၈ မှု၊ တရားခံ ၄၃၄၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ် ပေါ်ထွက်လာရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသူများ၏ အမှုများအား တရားရုံးများတွင် ရုပ်သိမ်းခြင်း/ပိတ်သိမ်းခြင်းတွင် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၊ ဥပဒေရုံးအဆင့်ဆင့်၊ တရားစွဲအဖွဲ့အစည်းအဆင့်ဆင့်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရုပ်သိမ်း/ပိတ်သိမ်းအမှုပေါင်း ၂၇၄ မှုနှင့် အမှုရင်ဆိုင်နေရသူ ၄၅၇ ဦးတို့အား ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြောင်းလဲဖော်ဆောင်လျက်ရှိပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များစွမ်းရည်မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနှင့် ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များအတွက် နှစ်နိုင်ငံရဲချုပ်များက ဇွန် ၁၃ ရက်တွင် ဆစ်ဒနီမြို့၌ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ပြည်တွင်းတွင် UNODC၊ ICRC၊ ISDP၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့နှင့် လုပ်ဆောင်လျက်ရှိပြီး ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများသို့လည်း စေလွှတ်လျက်ရှိပါကြောင်း။

**ဘိန်းချက်စခန်း နှစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား သန်း ၃၀ ခန့် ဖော်ထုတ်ဖမ်းဆီးနိုင်**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် ထူးခြားချက်အနေဖြင့် ဘိန်းချက်စခန်း နှစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ဒသမ ၈ သန်း၊ ဘိန်းစိမ်း ၁၇၅ ကီလို၊ ဘိန်းဖြူ ကီလို ၆၀၊ အက်ဖီဒရင်း ကီလို ၅၀၀၊ ကဖင်း ၁၄ တန်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား ပိုမိုရင်းနှီးနွေးထွေးစွာ ဆက်ဆံနိုင်ရေးအတွက် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်၏ အနှစ်သာရများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့နှင့် ရဲစခန်းဌာနများအပေါ် ထိတွေ့ဆက်ဆံရမည့် ပြည်သူလူထု၏ အကြောက်တရားနှင့် စိုးရိမ်မှုများကို လျှော့ချနိုင်ခဲ့ပြီး ပိုမိုရင်းနှီးပွင့်လင်းသောဆက်ဆံရေးများနှင့် ပြည်သူ၏ ယုံကြည်အားကိုးမှုကို ပိုမိုတည်ဆောက်နိုင်ခဲ့ပါကြောင်း။

ရက် ၁၀၀ စီမံချက်ကာလအတွင်း ကျေးရွာမြေငှားဂရန်များထုတ်ပေးခဲ့မှုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်တို့ရှိ ကျေးရွာပေါင်း ၂၇၅ ရွာတွင် ကျေးရွာမြေငှားဂရန်များထုတ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၁ ရက်မှ ယနေ့ကာလအထိ ကျေးရွာမြေငှားဂရန်ပေါင်း ၁၂၇၉၃ ခု ထုတ်ပေးပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်ကျေးရွာမြေငှားဂရန်များအား ပြည်သူများ၏ လက်ဝယ်သို့ မြန်ဆန်စွာ ပြီးပြတ်အောင် ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါကြောင်း။

**ပြည်သူ့ဝန်ဆောင်မှုရုံးများ**

ပြည်သူ့ဝန်ဆောင်မှုရုံးများက ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများမှာ စားသောက်ဆိုင်များနှင့် ပတ်သက်၍ ထောက်ခံချက်ပေးခြင်း၊ ပုဂ္ဂလိကအိမ်ဆိုင်လုပ်ငန်းလိုင်စင်များ၊ ယစ်မျိုးလိုင်စင်ချထားခြင်းနှင့် အခွန်လေးမျိုးကောက်ခံခြင်း၊ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ကိစ္စများ၊ မြေငှားဂရန်လျှောက်ထားခြင်းကိစ္စရပ်များကို အကြံပြုခြင်း၊ ဘိလိယက်ခုံ လိုင်စင်ထုတ်ပေးခြင်း၊ ပျော်ပွဲရှင်ပွဲအတွက် ပွဲမိန့်လျှောက်ထားခြင်း ကိစ္စရပ်များ၊ အိမ်ထောင်စုလူဦးရေပြောင်း ဝင်/ထွက်ကိစ္စနှင့် မွေးဖွားမှု၊ သေဆုံးမှုမှတ်ပုံတင်ရေးကိစ္စရပ်များ၊ ပထမသတင်းပေးတိုင်ကြားချက်များ၊ မီးဘေးလုံခြုံရေးကိစ္စရပ်များ၊ စည်ပင်နှင့်ပတ်သက်သော ရေ၊ မီး၊ မိလ္လာသန့်ရှင်းရေးတိုင်ကြားမှုကိစ္စရပ်များ၊ သစ်တောနှင့်သက်ဆိုင်သောကိစ္စရပ်များ၊ လူမှုဖူလုံရေး၊ အလုပ်သမား၊ အလုပ်အကိုင်ကိစ္စရပ်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဖြစ်ပါကြောင်း။

**အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်များထုတ်ပေးခြင်း**

အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်များထုတ်ပေးခြင်းအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့အရေအတွက်မှာ ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့မှ NGO ၆၅၀၊ INGO ၁၄၈ ခု၊ တိုင်းဒေသကြီး/ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့မှ NGO ၁၀၁ ခု၊ နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့မှ NGO နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်)ဒေသမှတ်ပုံတင်ရေးအဖွဲ့မှ NGO ငါးခု၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့မှ NGO ၁၅ ခု၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့မှ NGO ၂၇၀ စုစုပေါင်း NGO ၁၀၄၃ ခု၊ INGO ၁၄၈ ခု ထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက မြစ်ဆိပ်ကမ်းနှင့် ရေလမ်းကြောင်းထိန်းသိမ်းရေးအတွက် ပြည်ထောင်စုဘတ်ဂျက်မှ ဆောင်ရွက်သည့် လုပ်ငန်းနှစ်ခု၊ တိုင်းဒေသကြီးအစိုးရများ၏ ဘတ်ဂျက်ခွင့်ပြုငွေနှင့် ကမ်းပြို ကမ်းထိန်းလုပ်ငန်း ၃၆ ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချင်းတွင်း၀-မုံရွာ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းပြီး ဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် လုပ်ငန်းများ စတင်နိုင်မှုမရှိသေးပါကြောင်းနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အပြီးဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင်မည်**

ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၃၆ ခုအနက် ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီးလုပ်ငန်း ၂၈ ခု၊ ၆၅ ရာခိုင်နှုန်း ပြီးစီးသည့် လုပ်ငန်းတစ်ခု၊ ၆၀ ရာခိုင်နှုန်း ပြီးစီးသည့်လုပ်ငန်းနှစ်ခု၊ ၅၅ ရာခိုင်နှုန်း ပြီးစီးသည့် လုပ်ငန်းနှစ်ခု၊ ၅၀ ရာခိုင်နှုန်း ပြီးစီးသည့် လုပ်ငန်းနှစ်ခုတို့ ဆောင်ရွက် ပြီးစီးခဲ့ပါကြောင်း၊ ဧရာဝတီမြစ်ရေ သုံးကြိမ်မြင့်တက်မှုကြောင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်း၊ မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင် တည်ဆောက်ရန် ဂျပန်နိုင်ငံမှ ထောက်ပံ့ငွေရရှိရေးအတွက် ဆောင်ရွက်ထားပါကြောင်း။

မိုးလေဝသနှင့် ဇလဗေဒကဏ္ဍအတွက် မုန်တိုင်းဖြစ်ပေါ်မှုများကို စောင့်ကြည့်နိုင်ရန် ရန်ကုန်၌ ရေဒါတပ်ဆင်ရေးအတွက် အမြင့် ၇၇ မီတာရှိ တာဝါတည်ဆောက်ခြင်း၊ စက်ကိရိယာတပ်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အယ်နီညိုနှင့် လာနီညာဖြစ်စဉ်များ၏ နောက်ဆုံး အခြေအနေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး အယ်နီညိုရာသီဥတုဖြစ်စဉ်၏ အခြေအနေများကို တစ်လလျှင် နှစ်ကြိမ် ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ လာနီညာရာသီဥတုဖြစ်ပေါ်လာမှုမှာ ဇူလိုင်မှ စက်တင်ဘာလအထိ ၄၄ ရာခိုင်နှုန်းဖြစ်နိုင်ခြေရှိသည်ဟု ခန့်မှန်းရသဖြင့် ဆက်လက်စောင့်ကြည့် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း။

**စီးပွားရေးတွက်ခြေမကိုက်သည့် ရထားလမ်း ၁၆ခုကို ဖျက်သိမ်း**

မြန်မာ့မီးရထားအနေဖြင့် မြစ်ငယ်ဒွေးလမ်းတံတား (အရှည်ပေ ၈၆၀)တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ရထားများ အစုန်အဆန်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ စီးပွားရေးတွက်ခြေမကိုက်သော ရထားလမ်းပိုင်းများ ဖျက်သိမ်းရေးစိစစ်မှုများ ဆောင်ရွက်ခြင်းအတွက် လုံး၀ ဖျက်သိမ်းရမည့် ရထားလမ်းပိုင်း ၁၆ ခုကို ဖျက်သိမ်းခဲ့ပြီး ရထားလမ်း ၁၄ ခုကို ပြင်ဆင်ပြေးဆွဲစေလျက် ရှိပါကြောင်း။

**Mobile Operation Center ဖွင့်လှစ်**

ဆက်သွယ်ရေးကဏ္ဍတွင် လိုင်းနှုန်းအသုံးပြုခွင့်အတွက် လိုင်းနှုန်းစဉ် လေလံတင်မှု ဆောင်ရွက်ခဲ့ပြီး Action Framework ကို ဇူလိုင် ၂၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ Myanmar National Satellite Project အတွက် ဦးစားပေးရွေးချယ်ထားသော Intelsat Satellite Operator နှင့် အပြီးသတ် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်း၊ မိုဘိုင်းစခန်း ၄၄၂၈ ခု ဖွင့်လှစ်ထားရှိပြီး ထပ်မံ၍ GSM စခန်း ၅၀၀ တိုးချဲ့ ဖွင့်လှစ်ခြင်းကို ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အော်တိုအိတ်ချိန်းရုံးတွင် Mobile Operation Center (MOC) ဖွင့်လှစ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များတွင် MPT Brand Shop ၄၉ ခု ဖွင့်လှစ်ထားပြီး ထပ်မံ၍ ၂၀ တိုးချဲ့ဖွင့်လှစ်ရန် လျာထားခဲ့ပါကြောင်း၊ ၄၀ အထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း၊ ရေအောက်ကေဘယ်ဆက်ကြောင်းအတွက် ငွေဆောင်ကမ်းခြေနှင့် ပုသိမ်မြို့ ရေအောက်ကေဘယ်စခန်းအကြား ၅၈ ကီလိုမီတာ မြေအောက်ဆက်ကြောင်းဖြင့် ဖိုင်ဘာကေဘယ်နှင့် ပါဝင်ကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

**ပို့ဆောင်ရေးမူဝါဒကြေညာချက်သစ်**

လုပ်ငန်းစီမံကိန်း ၁၇ ခုအနက် လုပ်ငန်း ၁၆ ခု ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီး မြစ်ဆိပ်ကမ်းနှင့် ရေလမ်းကြောင်း ထိန်းသိမ်းရေး၊ ကမ်းပြို/ကမ်းထိန်း လုပ်ငန်းစီမံကိန်းတစ်ခုသာ မြစ်ရေမြင့်တက်မှုကြောင့် ကျန်ရှိပါကြောင်း၊ လုပ်ငန်းတစ်ခုလုံးအတွက် ၈၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ကျန်ရှိလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးမူဝါဒ ကြေညာချက်သစ်တစ်ရပ် ချမှတ်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ပြည်သူများအတွက် ကျပ်သိန်း ၁၀၀ အောက် တန်ဖိုးနည်းအိမ်ရာများကို နမူနာဆောက်လုပ်ခြင်း၏ စံနှုန်းများအရ ကျန်ဒေသအသီးသီးတွင် ဆက်လက်ဆောက်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ တန်ဖိုးနည်းအိမ်ရာ (Low Cost Housing) ၏ နမူနာပုံစံကို အဆောက်အအုံဦးစီးဌာန၊ ဗိသုကာ၊ ပုံထုတ်-ခန့်သု၊ ရေသန့်၊ လျှပ်စစ်ဌာနခွဲများမှ ဆောင်ရွက်ပြီးစီး၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ညှိနှိုင်းပြီးဖြစ်ပါကြောင်း။

**ကျပ်သိန်း ၁၀၀ အောက် တန်ဖိုးနည်းအိမ်ရာ နမူနာစီမံကိန်း**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်တွင် ကျပ်သိန်း ၁၀၀ အောက် တန်ဖိုးနည်းအိမ်ရာ နမူနာစီမံကိန်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆောက်အအုံဦးစီးဌာနသို့ လုပ်ငန်းအပ်နှံမှုဖြင့် အဆောက်အအုံ ဦးစီးဌာန၊ အဆောက်အအုံ အထူးအဖွဲ့(၂)မှ ရှစ်ခန်းတွဲ ငါးထပ် အိမ်ခန်း ၄၀ ပါ သံကူကွန်ကရစ် (R.C.C) အဆောက်အအုံတစ်လုံးနှင့် သံထည် (Steel Structure) အဆောက်အအုံတစ်လုံး၊ စုစုပေါင်း အဆောက်အအုံနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (Myanmar National Building Code - MNBC) ကို အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (Myanmar National Building Code -MNBC) ကို စည်းမျဉ်းစည်းကမ်း (Code) အနေဖြင့် ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် MNBC ကို ဥပဒေပြုနိုင်ရေးအတွက် UN-Habitat အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် စည်းမျဉ်းစည်းကမ်းအဖြစ် လိုက်နာဆောင်ရွက်သွားရန် အထိန်းအကွပ်တစ်ရပ်အနေဖြင့် ရရှိလာမည်ဖြစ်ပါကြောင်း။

**ဂိတ် ၁၆၀ ကျော် လမ်း/တံတား အသုံးပြုခ ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြု**

နိုင်ငံတစ်ဝန်း လမ်း/တံတားအသုံးပြုခ ကောက်ခံလျက်ရှိသည့်ဂိတ်အရေအတွက် ၃၀၂ ဂိတ်အနက်မှ ၁၆၁ ဂိတ်ကို လမ်း/တံတားအသုံးပြုခ ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ် လေးခုတို့တွင် လမ်းဂိတ် ၈၉ ဂိတ်နှင့် တံတားဂိတ် ၇၂ ဂိတ် စုစုပေါင်း ၁၆၁ ဂိတ်ကို ဧပြီ ၁ ရက်မှ စ၍ တိုးလ်ဂိတ်ကောက်ခံခြင်းမှ ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်း၍ ဘေးကင်းလုံခြုံရေးအတွက် Road Patrol ကားများထားရှိဆောင်ရွက်ခြင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်မဆမှု အဖြစ်များသောနေရာများတွင် Road Patrol ကားနှစ်စီးဖြင့် စောင့်ကြပ်ကြည့်ရှုရန် မိုင်တိုင်အပိုင်းအခြားအလိုက်နှင့် အချိန်နာရီအလိုက် တာဝန်ချထားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က အစိုးရသစ်တာဝန်ယူပြီးနောက် မိမိတို့ဝန်ကြီးဌာနသည် ပြည်သူများ၏ဘေးကင်းလုံခြုံမှုကို ပိုမိုဖန်းတီးပေးနိုင်ပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ဦးစားပေးစီမံချက် ခုနစ်ရပ်ပါဝင်သော ရက် ၁၀၀ စီမံချက်ကို ဧပြီ ၂၁ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင်လုပ်ငန်းစီမံချက်ငါးရပ်မှာ ရာနှုန်းပြည့်ပြီးစီးပြီး ကျန်စီမံချက်နှစ်ရပ်မှာ ၉၈ ရာခိုင်နှုန်းနှင့် ၇၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပါကြောင်း။

**မြေပြိုဆည်ကျိုးပေါက်ခြင်းကြောင့် ဘေးအန္တရာယ် ကျရောက်ခြင်းမှ ကင်းဝေးခဲ့ပြီ**

ချင်းပြည်နယ် မြေပြိုဆည်များနှင့်ပတ်သက်၍ ဘေးအန္တရာယ်လျော့ပါးစေရေးအတွက် အရေးပေါ်တုံ့ပြန်ရေးစီမံချက်အရ နေပြည်တော်သို့ ဆည်အခြေအနေသတင်းပို့နိုင်ရန် Single Side Band (SSB) ဆက်သွယ်ရေးစက်နှစ်လုံးတပ်ဆင်ခြင်း၊ မြေပြို ဆည်ပြိုခဲ့ပါက ဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်ရမည့် နေရာ ၆၆ ခု သတ်မှတ်ဖော်ထုတ်ခြင်း၊ ယင်းမြေပြိုဆည်ပြိုကျလာပါက ရာဇဂြိုဟ်ဆည်သို့ နုန်းများ အတိုင်းအဆမရှိ ဝင်ရောက်၍ ဆည်ထိခိုက်မှုကာကွယ်ရေးနုန်းတားဆည် သုံးခု တည်ဆောက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ် ၂၅၈ ဒသမ ၀၆ သန်းကို သုံးစွဲနိုင်ရန် စီစဉ်ပေးခဲ့ပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနမှ မြေပြိုဆည်တွင် ပေ ၃၀၀×ပေ ၂၀ ရေပိုလွှဲဖောက်လုပ်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊

**စာမျက်နှာ ၇ သို့ ❍**

## ပြည်တွင်းရေးရာ

○ စာမျက်နှာ ၆ မှ

ဇူလိုင် ၃ ရက်တွင် ယင်းရေပိုလွှဲမှ ရေတိုက်စားကာ ဆည်ကျိုးပေါက်ခဲ့သဖြင့် တည်ဆောက်ဆဲ နှုန်းဖမ်းဆည် သုံးခုထိခိုက်ပျက်စီးခဲ့ပြီး ယခုအခါ မြေပြိုဆည်တွင် ရေအနည်းငယ်သာကျန်ရှိနေပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွက် မြေပြိုဆည်ကျိုးပေါက်ခြင်းကြောင့် ဘေးအန္တရာယ်ကျရောက်ခြင်းမှ ကင်းဝေးခဲ့ပြီဖြစ်ပါကြောင်း။

နေပြည်တော်ရှိ အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန ( Emergency Operation Centre- EOC) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း၊ ဘေးအန္တရာယ်ကျရောက်လွယ်သော ဒေသများတွင် ပြည်သူလူထုထံ ကြိုတင်သတိပေးချက်ရရှိစေရေးအတွက် Single Side Band (SSB) စက်များတပ်ဆင်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ ဘေးအန္တရာယ်ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ပြည်သူများကိုယ်စားသတင်းပေးပို့နိုင်မည့် Kobo Collect Mobile Application ထုတ်ဝေမှု ၁၀၀ ရာခိုင်နှုန်း၊ ဘေးအန္တရာယ်ကြိုတင်သတိပေးချက်များအား ပြည်သူများထံသတိပေးနိုင်မည့် (Disaster Alert Notification-DAN) Mobile Application ဆောင်ရွက်ခြင်း ၁၀၀ ရာခိုင်နှုန်းနှင့် ပြည်သူလူထု ကိုယ်တိုင်ပါဝင်သော မုန်တိုင်းဘေးအန္တရာယ်ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်ခြင်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင်မြင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မူလလျာထားသည့် လုပ်ငန်းများပြီးစီးခဲ့ပြီဖြစ်သဖြင့် ကျန်ရှိနေသော လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### Help Line နှင့် Hot Line ဖုန်းနံပါတ်များ

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများနှင့် ဆက်စပ်ပြီး ပြည်သူများ သိရှိလိုသည့် သတင်းအချက်အလက်များ ဆက်သွယ်မေးမြန်း၍ အကူအညီရယူနိုင်ရန် နေပြည်တော်တွင် Help Line နှင့် Hot Line ဖုန်းနံပါတ်များဖြစ်သည့် ၀၆၇-၄၀၄၆၆၆ နှင့် ၄၀၄၇၇၇ တို့ကို တပ်ဆင်စေပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးမှလည်း ပြည်သူ့ဆက်ဆံရေးဌာန ဖွင့်လှစ်၍ ဖုန်းအမှတ်- ၀၉၄၅၃၁၉၇၂၈၅ သို့ ဆက်သွယ်၍ လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ၊ အကူအညီများ ဆက်သွယ်ဆောင်ရွက်နိုင်နေပြီဖြစ်ပါကြောင်း။

လူငယ်မူဝါဒရေးဆွဲရေးအကောင်အထည်ဖော်ရေး စီမံချက်ကို ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်မူဝါဒ (မူကြမ်း)ရေးဆွဲရေးအဖွဲ့တွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လူငယ်များနှင့်တွေ့ဆုံပွဲများ ပြုလုပ်ခဲ့ပြီး လူငယ်ကိုယ်စားလှယ်များ ရွေးချယ်ရေးနှင့် လူငယ်မူဝါဒတွင် ထည့်သွင်းရေးဆွဲမည့် အချက်များပေါ်ထွက်လာရေး ဆက်လက်ဆောင်ရွက်လျက်ရှိရာ စီမံချက်အနေဖြင့် ၇၀ ရာခိုင်နှုန်းပြီးစီးအောင်မြင်ခဲ့ကြောင်း။

### လမ်းပေါ်နေကလေးများနှင့် မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်

လမ်းပေါ်နေကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းစီမံချက်ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ရွယ်ဆောင်ရွက်ပါကြောင်း၊ ဤစီမံချက်နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့များကို တွေ့ဆုံဆွေးနွေးတင်ပြခဲ့ပါကြောင်း၊ ဆက်စပ်ဌာနဆိုင်ရာများ၊ မိတ်ဖက်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ရန်ကုန်နှင့်မန္တလေးမြို့များတွင် ကနဦးဆန်းစစ်ချက်များ ပြုလုပ်၍ ဦးတည်အုပ်စု၏ လိုအပ်ချက်များ ဖော်ထုတ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါလမ်းပေါ်နေ ကလေးများနှင့် ခိုကိုးရာမဲ့များအား ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အရေးယူအပြစ်ပေးခြင်း စသည့်လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ဆန်းစစ်တွေ့ရှိချက်ကို အခြေခံ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် စီမံချက်ကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း။

### ချင်းပြည်နယ်အတွက် လူမှုကာကွယ်စောင့်ရှောက်ပေးရေး

မြန်မာနိုင်ငံ၏ ဆင်းရဲမှုအမြင့်မားဆုံး ချင်းပြည်နယ်မှ ထိခိုက်အားနည်းလွယ်သော အုပ်စုများအား လူမှုကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေးအတွက် စီမံချက်တစ်ရပ်ပေါ်ထွန်းလာရန် ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကာကွယ်စောင့်ရှောက်ပေးရမည့်အုပ်စုများဆိုင်ရာ စာရင်းကောက်ယူမှုနှင့် အတည်ပြုမှုအတွက် လမ်းညွှန်များ၊ စာရင်းဇယားပုံစံများ ပြုစုခြင်း၊ စီမံချက်ရေးဆွဲခြင်းတို့ကို ၂၀၁၆ ခုနှစ် မေလအစောပိုင်းတွင် ဆောင်ရွက်ခဲ့ပြီး မေ ၁၇ ရက်တွင် ဤလုပ်ငန်းအကောင်အထည်ဖော်ရာ၌ ပါဝင်သက်ဆိုင်မည့်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်းအသိပေးခဲ့ပါကြောင်း၊ ဇွန် ၂၀ ရက်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းပြီး ဖြစ်ပါကြောင်း၊ ဤလုပ်ငန်းမှာ လူမှုကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ဝန်ကြီးဌာနက စီမံချက်ဖော်ထုတ်ပေးခြင်းဖြစ်ပြီး နိုင်ငံတော်က ရန်ပုံငွေသတ်မှတ်ခွင့်ပြုပေးခြင်း (သို့မဟုတ်) ရန်ပုံငွေရရှိနိုင်ရေး အခြားနည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများ ဘဝပိုမိုလုံခြုံအေးချမ်းစေရန်နှင့် လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ရေရှားပါးမှုပြဿနာအတွက် ငွေကျပ်သန်း ၂၇၀ ကျော် သုံးစွဲ

ဦးစားပေးစီမံချက် (၇)ရပ်အပြင် အယ်နီညိုကြောင့် ရေရှားပါး၍ ဆင်းရဲဒုက္ခရောက်ရှိနေသော ပြည်သူများအား ဧပြီ ၁၇ ရက်မှ မေ ၃၁ ရက်အထိ သောက်သုံးရေသန့် လီတာ ၃၁၃၃၀၊ သောက်သုံးရေ ၆၃၃၁၅၅ ဂါလန် ဖြန့်ဝေခြင်းအတွက် ဝန်ကြီးဌာနဘတ်ဂျက်မှ ကျပ်သန်း ၉ ဒသမ ၉၄၂ သန်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၉ ဒသမ ၄၅၅ သန်း စုစုပေါင်း ငွေကျပ်သန်း ၁၉ ဒသမ ၃၉၈ သန်းကို သုံးစွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ရေတွင်းရေကန်တူးဖော်ခြင်း၊ ရေသန့်စက်များထောက်ပံ့ခြင်းနှင့် ယာယီရေလှောင်ကန် ပြုလုပ်ရန်အတွက် ငွေကျပ် ၂၅၇ ဒသမ ၁၄ သန်းသုံးစွဲခဲ့သဖြင့် အယ်နီညိုကြောင့် ရေရှားပါးမှုပြဿနာအတွက် စုစုပေါင်း ကျပ်သန်း ၂၇၆ ဒသမ ၅၃၉ သုံးစွဲဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။



ချင်းပြည်နယ် မြေပြိုဆည်ကျိုးပေါက်ပြီးနောက် ဇူလိုင် ၁၄ ရက်က မြင်တွေ့ရသည့် မှတ်တမ်းဓာတ်ပုံ။

**ဆက်လက်၍ သတင်းထောက်များ၏ မေးမြန်းချက်များကို ဝန်ကြီးဌာန ကိုယ်စားလှယ်များက ရှင်းလင်းဖြေကြားကြသည်။**

### အဂတိလိုက်စားမှုတိုက်ဖျက်ရေး

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် အရေးယူဆောင်ရွက်မှုနည်းပါးကြောင်းနှင့် ယခုမည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးမြန်းချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က လာဘ်ပေးလာဘ်ယူမှုနှင့်အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းကို ယခင်အစိုးရလက်ထက်က စတင်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဆောင်ရွက်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးထားပြီး ယနေ့အချိန်ထိ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းနှင့်အဖွဲ့က ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မရှိခင်က အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနကို နိုင်ငံတော်အစိုးရက တိုက်ရိုက်တာဝန်ပေးအပ်ပြီး ခိုင်းခဲ့ပါကြောင်း။

### ငွေကြေးခဝါချမှုလုပ်ငန်းများ အဓိက စုံစမ်းဖော်ထုတ်

ယခုအချိန်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဆောင်ရွက်လျက်ရှိသည့်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် ငွေကြေးခဝါချမှုလုပ်ငန်းများကို အဓိကစုံစမ်းဖော်ထုတ်၍ တရားစွဲဆိုဆောင်ရွက်ပါကြောင်း၊ ယခုကာလအတွင်း တာဝန်ပေးမှု ၃၉ မှုရှိပါကြောင်း၊ ဆောင်ရွက်ပြီးစီးမှု ၂၉ မှုဖြစ်ပြီး လက်ကျန် ၁၀ ခုရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ငွေကြေးစီးဆင်းမှု မှန်ကန်မှုတခြင်း၊ ဆုံးရှုံးသွားသည့် ပြည်သူ့ဘဏ္ဍာများ ပြန်လည်ရရှိခြင်းအကျိုးအမြတ်များကို ရရှိခဲ့ပါကြောင်း။

### တိုင်စာများလည်း စုံစမ်းစစ်ဆေး

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက တိုင်စာများကိုလည်း စုံစမ်းစစ်ဆေးပါကြောင်း၊ အထက်အဖွဲ့အစည်း အဆင့်ဆင့်၏ တာဝန်ပေးချက်အရ ဝန်ထမ်းမသမာမှုကိစ္စများ၊ အဂတိတရားလိုက်စားမှုကိစ္စများကို စုံစမ်းပြီး နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားမှုအရ ဆောင်ရွက်ရပါကြောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အဂတိလိုက်စားမှုများ၊ လာဘ်ပေးလာဘ်ယူကိစ္စများကို တိုက်ရိုက်ဆောင်ရွက်ရခြင်းမဟုတ်ဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို အကူအညီပေးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

အဂတိလိုက်စားမှုကိစ္စရပ်များကို တိုင်ကြားရာတွင် အရေးယူဆောင်ရွက်မှု အားနည်းနေသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ သီးခြားအစီအစဉ်ဖြင့် ဆောင်ရွက်ရန် ရှိ၊ မရှိနှင့် ယခင်အတိုင်း အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို အထူးတာဝန်ပေးခိုင်းစေရန် ရှိ၊ မရှိ မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ယခုကိစ္စကို နိုင်ငံတော်သမ္မတရုံး၏ အစီအမံအတိုင်းသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုကိစ္စရပ်များနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ဌာနအသီးသီးတွင် အရေးယူဆောင်ရွက်မှုများရှိပြီး အချို့ဝန်ထမ်းများကို ထုတ်ပယ်ခြင်း၊ ပြောင်းရွှေ့ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူကိုမျက်နှာမူသည့် အစိုးရဖြစ်သည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေအနေပေးသည့်အခါတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အရေးယူ ဆောင်ရွက်ခဲ့မှုများကို သတင်းထုတ်ပြန်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

### CID မှုခင်းတပ်ဖွဲ့

အစိုးရသစ် ရက် ၁၀၀ အတွင်း CID မှုခင်းတပ်ဖွဲ့က ကိုင်တွယ်နေသည့် အမှုကြီးများ ဖော်ထုတ်နိုင်မှု ရှိ၊ မရှိနှင့် ဖယ်ခုံမြို့တွင် IS အယောက် ၈၀ ကျော်ရောက်နေသည်ဆိုသည့်ကိစ္စ မှန်၊ မမှန် သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က CID မှုခင်းတပ်ဖွဲ့အနေဖြင့် အမှုကြီးများကို စုံစမ်းဖော်ထုတ်ပါကြောင်း၊ လူသတ်၊ လုယက်၊ ဖောက်ထွင်းမှု အပါအဝင် အမှုကြီး ၁၀ မျိုးတွင် ခေတ်မီသည့် ကိရိယာများဖြင့် ဆောင်ရွက်ရန် စီမံနေပါကြောင်း၊ အမှုကြီးများထဲတွင် လူသတ်မှု၊ မုဒိန်းမှုများကို နှစ်စဉ် ပိုမိုဖမ်းဆီးရမိမှုရှိပါကြောင်းနှင့် ဖယ်ခုံတွင် IS များ ရောက်နေသည်ဆိုသည့် သတင်းမှာ မှားယွင်းသည့် သတင်းဖြစ်ပါကြောင်း ဖြေကြားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးရာဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဇော်ဝင်းအောင်က CID မှုခင်းတပ်ဖွဲ့အနေဖြင့် ဖော်ထုတ်ရန် ခက်ခဲသည့်အမှုများ၊ အများပြည်သူစိတ်ဝင်စားနေသည့်အမှုများ၊ ငွေတုပြုလုပ်သည့်အမှုများကို ဖော်ထုတ်ပေးပါကြောင်း၊ ထို့ပြင် မှုခင်းတပ်ဖွဲ့မှ ကျွမ်းကျင်သူများသည် သိပ္ပံနည်းကျ ထင်မြင်ချက်ပေးနိုင်ရေး ဆောင်ရွက်ပါကြောင်း။

### အမှုကြီးများ ၉၀ ရာခိုင်နှုန်းခန့် ဖော်ထုတ်နိုင်ခဲ့

ရက် ၁၀၀ စီမံချက်ကာလအတွင်း အမှုကြီးများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မှုခင်းတပ်ဖွဲ့တို့ ပူးပေါင်း၍ ဖော်ထုတ်သည့်အခါ ၈၉ ဒသမ ၂ ရာခိုင်နှုန်းအထိ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ အခြားအမှုများနှင့်ပတ်သက်ပြီး ဖြစ်ပွားမှုများအပေါ် စီမံချက်ကာလအတွင်း ၉၁ ဒသမ ၇၄ ရာခိုင်နှုန်းအထိ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ပြည်သူလူထုအပိုင်းကလည်း မှုခင်းကျဆင်းရေးအသိပညာပေးမှုများကို လိုက်နာရန်လိုအပ်ပါကြောင်း၊ ပြည်သူများက ဝိုင်းဝန်းပူးပေါင်း လိုက်နာမှသာလျှင် မှုခင်းများ လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

### စည်းကမ်းချက်များနှင့်အညီ မြေဂရန်များ ထုတ်ပေးနေ

ရက် ၁၀၀ စီမံချက်နောက်ပိုင်း ပြည်သူများ မြေဂရန် လျှောက်ထားသည့်အခါ လွယ်လင့်တကူ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် မည်သို့ညွှန်ကြားပေးနိုင်မလဲ၊ မြေပုံမြေစာရင်း ရေးကူးခွင့်လျှောက်ထားရာတွင် မည်သို့လျှောက်ထားရမည်၊ မည်မျှကြာမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က မြေငှားဂရန်များကို တည်ဆဲဥပဒေများအရဆောင်ရွက်ရပါကြောင်း၊ မြေငှားရမ်းထုတ်မည်ဆိုပါက ယင်းမြေနှင့်ပတ်သက်၍ ကန့်ကွက်မှုရှိ၊ မရှိ ဥပဒေနှင့်အညီ ကြေညာရပါကြောင်း၊ ဥပဒေအရ ရက် ၃၀ သတ်မှတ်ထားသည့် ရက်ပြည့်သည်အထိ ကြေညာရပါကြောင်း၊ ယင်းမြေအား ကန့်ကွက်မှုမရှိသည့်အခါ လျှောက်လွှာစိစစ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ကန့်ကွက်လွှာများခေါ်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ရပါကြောင်း၊ ယင်းမြေသည် သစ်တောမြေ၊ မြေလွတ်မြေလပ်မြေရိုင်း၊ ယဉ်ကျေးမှုနယ်မြေ၊ ရှေးဟောင်းနယ်မြေ၊ စားကျက်မြေ၊ ဘုံမြေစသည့် အမျိုးအစားထဲတွင် ပါဝင်ပါက ဂရန်ပေး၍ မရပါကြောင်း၊ မြို့အဖြစ် တရားဝင်ဥပဒေအရ သတ်မှတ်ထားသည့်မြေကို ဂရန်ပေးခြင်းဖြစ်ပါကြောင်း။

### တိုင်ကြားနိုင်

ဂရန်ပြုလုပ်ရာတွင် တစ်ဧကထက်မပိုသောမြေကို ခရိုင်အုပ်ချုပ်ရေးမှူးက ထုတ်ပေးရပြီး ရက် ၄၀ အတွင်း ထုတ်ပေးရန်၊ တစ်ဧကထက်ပိုသော ငါးဧကအထိမြေကို တိုင်းအုပ်ချုပ်ရေးမှူးက ထုတ်ပေးရပြီး ရက် ၆၀ အတွင်း ထုတ်ပေးရန်၊ ငါးဧကထက်မြေများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးရပြီး ရက် ၈၀ ထုတ်ပေးရန် ဖြေလျှော့မှုများ ပြုလုပ်ပေးထားပါကြောင်း၊ ကန့်ကွက်မှုများရှိပါက ယခုရက်များထက် ပိုမိုကြာမြင့်နိုင်ပါကြောင်း၊ မြေငှားဂရန်နှင့်ပတ်သက်၍ သတ်မှတ်ရက်ကာလထက်ပိုပြီး ကန့်ကွက်မှုမရှိ၊ မြေသည်လည်း မြို့မြေ၊ ဂရန်ပေးနိုင်သည့်မြေဖြစ်ပါလျက် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းအုပ်ချုပ်ရေးမှူးများက ကပ်ထားခြင်း၊ မလုပ်ပေးခြင်းပြုလုပ်ပါ က တိုင်ကြားနိုင်ပါကြောင်းနှင့် အရေးယူပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

### ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဆောင်ရွက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက နိုင်ငံပိုင် လုပ်ငန်းများအား ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းပြီး ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ယခင်အစိုးရသက်တမ်းတွင် ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဆောင်ရွက်သည့်ဌာန လေးခုရှိပါကြောင်း၊ ယင်းတို့အနက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အခြေခံပြည်သူများအတွက် အဓိက လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ ပြည်တွင်းရေကြောင်းအနေဖြင့် နိုင်ငံတော်၏ လမ်း၊ တံတားများဖွံ့ဖြိုးလာသော်လည်း မြစ်ကြောင်းပြုပြင်ထိန်းသိမ်းမှုအပိုင်း၌ နည်းပညာနှင့် ဘဏ္ဍာငွေခွဲဝေရရှိမှုတို့တွင် အားနည်းခဲ့ပါကြောင်း၊ ထို့အပြင် လမ်း၊ တံတားများ တိုးတက်လာမှုကြောင့် ပြည်သူများအနေဖြင့် အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်မှုကို အသုံးပြုမှုများလာပါကြောင်း၊ ပြည်တွင်းရေကြောင်းအနေဖြင့် ရခိုင်ကမ်းရိုးတန်းဒေသနှင့် ဧရာဝတီကမ်းရိုးတန်းဒေသရှိ နေရာအချို့မှလွဲ၍ နေရာတော်တော်များများတွင် အခက်အခဲများ ကြုံတွေ့ရပြီး အရှုံးပေါ်နေပါကြောင်း၊ ပြီးခဲ့သည့်ကာလတွင် ယခုလုပ်ငန်းများကို မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်းက ပိုင်ဆိုင်သော မြေများပေါ်တွင် စီးပွားရေးအရ တွက်ခြေကိုက်သည့် ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ပါက ဝင်ငွေရရှိမည်ဖြစ်သော်လည်း ဝန်ဆောင်မှုဌာနတစ်ခုဖြစ်ခြင်း၊ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိခြင်းတို့ကြောင့် အရှုံးပေါ်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ အရှုံးပေါ်သည့်လုပ်ငန်းကို ဖျက်သိမ်းပါကလည်း ပြည်သူလူထု၏ လိုအပ်ချက်ရှိနေသည့်အတွက် နိုင်ငံတော်ဘတ်ဂျက်သို့ ပြန်လည် ဝင်ရောက်ရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

စာမျက်နှာ ၁၁ သို့ ❖

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံအတွင်း လတ်တလောရေဘေးအန္တရာယ် ကျရောက်နေသည့်ဒေသများရှိ ရေဘေးသင့်ပြည်သူများ အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော်ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၁ ဦး၏ တစ်ရက်စာနေ့တွက်စရိတ် လှူဒါန်းငွေကျပ် ၄၄၂၀၀၀၀ နှင့် အမျိုးသားလွှတ်တော်ရုံး အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၅၅၈၀၀၀၀ စုစုပေါင်း ကျပ်သိန်း ၁၀၀ ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံသို့ ပေးအပ်လှူဒါန်းပြီး**(ယာပုံ)** ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပေးအပ်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ် တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**( သတင်းစဉ် )**




# ဧရာဝတီတိုင်းဒေသကြီးရှိ ရေနစ်မြုပ်ကျေးရွာများသို့ အလှူငွေ ကျပ်သိန်း ၅၀၀၊ ဆန်အိတ် ၁၀၀၀ နှင့် ပစ္စည်းအစုံပါ အရေးပေါ်သေတ္တာများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီးရှိ ရေနစ်မြုပ် ကျေးရွာများအတွက် အကူအညီပေးနိုင် ရန် ရည်ရွယ်ပြီး CB-KMA ဖောင် ဒေးရှင်းက အလှူငွေကျပ်သိန်း ၅၀၀၊ ဆန်အိတ် ၁၀၀၀ နှင့် အသင့်စား နိုင်သည့်အစားအသောက်များ၊ အသုံး ဆောင်ပစ္စည်းများ၊ ရေသန့်များနှင့် ဆေးဝါးများပါဝင်သည့် ပစ္စည်းအစုံပါ အရေးပေါ်သေတ္တာအလုံး ၂၀၀၀ ကို ဩဂုတ် ၁၅ ရက်က CB-KMA ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခင်မောင်အေး နှင့် အဖွဲ့ဝင်များက ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်ဂျဲ့မိုးမြတ်မြတ်သူနှင့် အစိုးရအဖွဲ့ဝင်များထံ သွားရောက် လှူဒါန်း ခဲ့သည်။



CB-KMA ဖောင်ဒေးရှင်းက ပုသိမ်မြို့အနီးရှိ ရေဘေးဒုက္ခ တွေ့ကြုံခံစားနေရသည့် နေရာများ အနက် ကျောက်ချောင်းကြီးကျေးရွာ နှင့် ပုသိမ်မြို့ပေါ်ရှိ ရေကြည်ဦး ရပ်ကွက်မှ ရေဘေးသင့်ပြည်သူများ ထားရှိသော စခန်းတစ်ခုဖြစ်သည့် နဂါးရုံဘုရားကုန်းတော်သို့ သွား ရောက်လှူဒါန်းခဲ့သည်။

ထို့ပြင် ဝေဠုကျော်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဝေဠုကျော်၊ နှင်းဆီဖောင်ဒေး ရှင်းဥက္ကဋ္ဌ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ဖိုးချစ်၊ ထွန်းထွန်း၊ ရဲလေး၊ မိုးယံဇွန်၊ ဝေလျှံ၊ လင်းနစ်၊ ကလုန်း၊ စိုးပြည့် သဇင်၊ မေကဗျာ၊ မိုးပြည့်ပြည့်မောင်၊ ဝင်းလှဲ့ချယ်ရီနှင့် ဖိုက်စတားအဖွဲ့ဝင် များအစရှိသည့် ရုပ်ရှင်၊ ဂီတနှင့် သဘင်အနုပညာရှင်များ ကလည်း လိုက်ပါအားဖြည့်ခဲ့ကြပြီး ရေဘေး သင့်ပြည်သူများအတွက် အားပေး စကား ပြောကြားခဲ့သည်။

အလားတူ ဩဂုတ် ၁၄ ရက်တွင် လည်း ညောင်တုန်းမြို့နယ်အတွင်းရှိ အေးရွာလေး၊ အောက်ဆည်၊ မူတူးကြီး၊ ရေတိမ်ကြီး၊ မသုန်ကျေးရွာအစရှိသည့် ကျေးရွာ ငါးရွာရှိ အိမ်ထောင်စု ၅၀၀ အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ ငါးသေတ္တာ နှစ်ဘူး၊ ဘီစကစ်မုန့်များ (တန်ဖိုးငွေကျပ် သိန်း ၅၀ ခန့်) ကို CB-KMA ဖောင်ဒေးရှင်းမှ တာဝန် ရှိသူများက သွားရောက်လှူဒါန်းခဲ့ ကြောင်း သိရသည်။

**(ကြေးမုံ)**

# လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီအတွင်း ထူးကဲစွာမိုးရွာသွန်းမှုကြောင့် သီးနှံအမျိုးအစားအလိုက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှု၊ ထိခိုက်၊ ပျက်စီး၊ ပြန်စိုက်မှု ဧကအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၆**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရေမြုပ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၃၁၂ | ၁၄၈ | ၇၆ | - |
| ၂။ | ကချင်ပြည်နယ် | ၁၁၆၄၃ | ၆၃၄၁ | ၁၇၆၇ | ၄၃၃ |
| ၃။ | ချင်းပြည်နယ် | ၈၃ | ၈၃ | ၄၀ | - |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၆၈၆၈ | ၂၃၅၃၈ | ၁၃၀၂၈ | ၅ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၆၂၄၄၂ | ၁၂၈၃၀ | ၂၈၄၉ | ၁၇၉၈ |
| ၆။ | မကွေးတိုင်းဒေသကြီး | ၆၁၄၈၄ | ၂၁၆၈၀ | ၈၄၃၀ | - |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၆၄၀၆ | ၁၂၅၇ | ၅၆၄ | - |
| ၈။ | မွန်ပြည်နယ် | ၄၇၀၈ | - | - | - |
| ၉။ | ရခိုင်ပြည်နယ် | ၄၈၇၂ | ၅၂၀ | - | - |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၆၂၃၉၃ | ၁၇၄၉ | ၈၉၈ | ၈၉၈ |
| ၁၁။ | ရှမ်းပြည်နယ် | ၇၄၆၅ | ၄၆၁၆ | ၁၉၉၁ | ၇၆ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၂၃၅၀၉၄ | ၁၄၀၇၆ | ၉၉ | - |
| | ပြည်ထောင်စုချုပ် | ၅၈၃၇၇၀ | ၈၆၈၃၈ | ၂၉၇၄၂ | ၃၂၁၀ |

**(သတင်းစဉ်)**

**နောက် နှစ်ရက်အတွက် ခန့်မှန်းချက်**
ဧရာဝတီတိုင်းဒေသကြီးတွင် မိုးအားလျော့နည်းနိုင်သည်

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်-လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၅၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း-ဖလမ်းမြို့ | ၁၉၅၄ | ၀. ၇၀' |
| ၃။ | ရာဇဗြိုဟ်ရေလှောင်တမံ | စစ်ကိုင်း-ကလေးမြို့ | ၅၂၀၀၀ | ၂. ၀၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၃၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၁၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၁၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၃၇၀၀ | ၀. ၂၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး-ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၉၉' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး-ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၅၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး-လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၆၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး-မြို့သစ်မြို့ | ၂၅၀၀၀ | ၀. ၇၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး-စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄. ၉၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး-ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး-ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆. ၀၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး-ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၃၀' |
| ၁၈။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၃၀' |
| ၁၉။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀. ၁၅' |
| ၂၀။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်-နမ္မတူမြို့ | ၂၅၉၀၀ | ၀. ၈၀' |
| ၂၁။ | ကညင်ရေလှောင်တမံ | ဧရာဝတီ-အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၂၀' |

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

# ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း(၁၀၀)ချေးယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုနိုင်က ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများအလိုက် တာဝန်ခံဆောင်ရွက်ရမည့် ကျင့်သုံးဆဲဥပဒေများနှင့်စပ်လျဉ်း၍ ခေတ်ကာလအလိုက် ပြဋ္ဌာန်းပြီး ဥပဒေပေါင်း ၁၅၈၉ ခု ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းဥပဒေများမှ ဥပဒေပေါင်း (၆၈၁)ခုကို ရုပ်သိမ်းပြီးဖြစ်၍ တည်ဆဲဥပဒေ (၉၁၇)ခုဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေ(၉၁၇)ခုတွင် ပြင်ဆင်သည့် ဥပဒေ (၂၈၉)ခုနှင့် တည်ဆဲမူရင်းဥပဒေ (၆၂၈) ခု ပါဝင်ပါကြောင်း၊ ယင်းတည်ဆဲ ဥပဒေများတွင် ဆက်လက်ကျင့်သုံးခြင်းမရှိသည့် ဥပဒေ (၂၃၁)ခု ပါဝင်ပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက တာဝန်ခံဆောင်ရွက်ရမည့်၊ စီမံခန့်ခွဲကိုင်တွယ်ကျင့်သုံးလျက်ရှိနေကြသည့် ကျင့်သုံးဆဲ တည်ဆဲဥပဒေ (၃၉၇)ခု ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း(၁၀၀)ချေးယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေသည် ဝန်ထမ်းများနှင့် လစာ တိုးမြှင့်ရေးတွင် သုံးစွဲရေးနှင့် မည်သို့မျှပတ်သက်စပ်ဆိုင်မှုမရှိပါကြောင်း၊ လစာပေးရန် ငွေမလုံလောက်၍ ချေးယူရခြင်း လုံးဝမဟုတ်ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် တစ်နှစ်အတွက် လစာအသုံးစရိတ်မှာ ကျပ်ငွေ ၂၃ ဘီလီယံခန့်ရှိပါကြောင်း၊ လစာကဲ့သို့သော အသုံးစရိတ်သည် ပွင့်လင်းမြင်သာပြီး အဂတိလိုက်စားမှု ကင်းရှင်းသော အသုံးစရိတ် ဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းသည် အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုစေမည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရန်ဟူသည့် မူဝါဒကို အဓိကအထောက်အကူပြုမည့် စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းသည် အစိုးရအတွက်သာ ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်ဘဲ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူများငွေကြေးဝင်ဆောင်မှု လွယ်လင့်တကူရရှိရေး၊ ကုန်ကျစရိတ်သက်သာရေး၊ အကာအကွယ်ပေးရေး စသည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည့် ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်ဝန်ထမ်းများ အရည်အသွေးတည်ဆောက်ရေး၊ IT အဆင့်မြှင့်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံပိုင်ဘဏ်များ စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖြည့်ဆည်းရမည့် ညွှန်းကိန်းများ အောင်မြင်စွာ လက်တွေ့အကောင်အထည်ဖော်ရာတွင် သုံးစွဲမည်ဖြစ်ပြီး အသုံးစရိတ်ကို ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ ကုန်ကျစရိတ်နှင့် အချိန်ကာလ သတ်မှတ်ချက်များ တိကျစွာဖော်ပြ အကောင်အထည်ဖော်နိုင်မှသာ ဆောင်ရွက်မှုပေါ် မူတည်၍ ထုတ်ချေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။



ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း(၁၀၀)ချေးယူမည့်ကိစ္စရပ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်လုပ်ငန်းကဏ္ဍ အရည်အသွေးမြှင့်တင်တည်ဆောက်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာ အဆင်မြင့်သင်တန်းကျောင်း ဖွင့်လှစ်ရေးဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာ (၆)သန်း၊ သတင်းအချက်အလက် နည်းပညာစနစ် တည်ဆောက်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ် ရေးဆွဲခြင်းလုပ်ငန်းစဉ်များ၊ အဆင့်မြှင့်တင်ခြင်း သို့အတွက် အမေရိကန်ဒေါ်လာ (၂)သန်း၊ ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာ (၁၅) သန်းနှင့် စီမံကိန်းအကောင်အထည်ဖော်ရန် စီမံကိန်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွဲ့စည်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပါဝင်မည့် ဝန်ထမ်းများကို အရည်အသွေးတည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာ (၂)သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် သေချာစွာ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာ (၇၅)သန်း ချေးယူနိုင်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်နှိပ်ဆန္ဒပြုကြရာ ထောက်ခံမဲ (၄၉၂)မဲ၊ ကန့်ကွက်မဲ(၂၃)မဲ၊ ကြားနေမဲ(၇)မဲဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ (၂၅) သန်း ချေးယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်နှိပ်ဆန္ဒပြုကြရာ ထောက်ခံမဲ (၅၀၆)မဲ၊ ကန့်ကွက်မဲ(၁၃)မဲ၊ ကြားနေမဲ (၅)မဲတို့ဖြင့် လွှတ်တော်ကအတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ချုံကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေး စာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အာဆီယံ-အိန္ဒိယဗဟိုဌာန တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၌ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့က ဆွေးနွေးကြသည်။

လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းက စာချွန်လွှာပါ ရည်ရွယ်ချက်များကို ကြည့်လျှင် အာဆီယံ၏ မူလမဏ္ဍိုင်ကြီး(၃)ရပ်ကို အခြေခံပြီး တိုးမြှင့်ဆောင်ရွက်ခြင်း ဖြစ်သည့်အတွက် အာဆီယံ၏မူလရည်မှန်းချက်များနှင့် ကိုက်ညီသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ စာချွန်လွှာ၏ အပိုဒ်(၉)အပိုဒ်ခွဲ(၅)တွင် အသုံးစရိတ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျခံရမည်ဖြစ်သည်ဟူသည့် အချက်ကို ရှင်းလင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ရရှိရန် လိုအပ်ကြောင်း၊ အလားတူ အပိုဒ်(၁၂) အပိုဒ်ခွဲ(၁)တွင် မည်သည့်ကင်းလွတ်ခွင့်သက်ညှာခြင်းကိုမျှပြုမည် မဟုတ်ကြောင်း၊ ရည်ညွှန်းသည်ကို နားလည်ထားရမည်၊ အဆိုပါကိစ္စအတွက် သီးခြားသက်ညှာခွင့် လိုအပ်မည်ဟု ဆိုထားသည့်အတွက် ကင်းလွတ်ခွင့်၊ သီးခြားသက်ညှာခွင့် မည်မျှရမည်ကို ရှင်းလင်းစွာသိရန် လိုအပ်မည်ဖြစ်ကြောင်း၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ (၅)ဆမှ (၁၀)ဆအထိ နည်းပါးနေသည်ကို တွေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူ လက်မှတ်ရေးထိုးသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က မြန်မာ-အိန္ဒိယ နယ်နိမိတ်ထိစပ်နေခြင်းသည် ကြီးမားသည့် အခွင့်အရေးတစ်ရပ်ဖြစ်ပြီး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် အကျိုးပိုမိုခံစား ရရှိနိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ဝါဒအရ အိန္ဒိယနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်ဆက်သွယ်မည်ဆိုလျှင် ပင်လယ်ရေကြောင်းဖြစ်စေ၊ ကုန်းလမ်းဖြစ်စေ၊ ပထမဆုံး ထိတွေ့ရမည်မှာ မြန်မာနိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အရှေ့တောင်အာရှ၏ တံခါးပေါက်တစ်ခုဟု ပြော၍ ရပါကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က အာဆီယံနိုင်ငံများမှ ကျခံရမည့် စရိတ်စကများနှင့်စပ်လျဉ်း၍ အာဆီယံ-အိန္ဒိယဗဟိုဌာန တည်ထောင်နေသမျှကာလပတ်လုံး အာဆီယံနိုင်ငံများက အချိုးကျ ကျခံကြရမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် ရုံးခန်းငှားခြင်းနှင့် အမှုထမ်း ခန့်အပ်ခြင်းတို့အတွက် ပထမ(၂)နှစ်တွင် အိန္ဒိယနိုင်ငံမှ တာဝန်ယူပေးချေသွားမည်ဖြစ်ကြောင်း၊ ယခုစာချွန်လွှာကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုမည်ဆိုပါက အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)မြောက် ထိပ်သီးအစည်းအဝေး၌ အာဆီယံနှင့်အိန္ဒိယ ခေါင်းဆောင်များ ချမှတ်ခဲ့သည့် မျှော်မှန်းချက်တစ်ရပ်ဖြစ်သည့် အာဆီယံ-အိန္ဒိယ ဗဟိုဌာနတည်ဆောက်ခြင်း အောင်မြင်မှုဖြစ်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့ လက်မှတ်ရေးထိုးပြီးလျှင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အတည်ပြုစာချွန်လွှာပေးပို့ရမည်ဖြစ်ကြောင်း၊ ထိုသို့ပေးပို့ပြီးပါက အာဆီယံ-အိန္ဒိယဗဟိုဌာနပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ အာဆီယံ -အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များတွင် ကူညီပံ့ပိုးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အာဆီယံ-အိန္ဒိယ ဗဟိုဌာန တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၌ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## ဝေဠုကျော်ဖောင်ဒေးရှင်းမှ ကျောင်းကုန်းမြို့သို့ လာရောက်လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ (ဒေါ်သန်းတင် ခန်းမဆောင်)သို့ ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီခန့်က ဝေဠုကျော်ဖောင်ဒေးရှင်းမှ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော် ကိုယ်တိုင်လာရောက်၍ ဆန်အိတ် ၇၀၊ ဆီ တစ်လီတာဘူး ၂၆၀ နှင့် ငါးပိကြော် အထုပ် ၅၂၀ လာရောက်လှူဒါန်းခဲ့သည်။

လှူဒါန်းမှုအပြီး ကျုံဖားရိုးကျေးရွာအုပ်စု သံဒင်းအိုင်ရွာ အိမ်ခြေ ၁၇၄ အိမ်၊လူဦးရေ ၆၉၄ ဦး၊ ကြိမ်ငူကြီးရွာ အိမ်ခြေ ၁၃ အိမ်၊ လူဦးရေ ၄၁ ဦးနှင့် ကုန်းတန်းလေးရွာ အိမ်ခြေ ၃၃ အိမ်၊ လူဦးရေ ၁၂၀ တို့ထံ ကိုယ်တိုင်သွားရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



**ဝင်းကြိုင်(မြန်/ဆက်)**

## ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးဆောင်ရွက်လျက်ရှိသော ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်လှူဒါန်းရန် မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ (၂၀၁၆) ကျင်းပရေးကော်မတီက မတည်လှူဒါန်းငွေကျပ် သိန်း ၅၀၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်က ကျပ်သိန်း၅၀၊ သစ်၊ ဝါး၊ ကြိမ်စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ကျပ် သိန်း ၂၀၊ LEGEND INTERNATIONAL DEVELOPMENT PTE LTD ဦးဝိလျံမိသားစုက ကျပ် ၁၀ သိန်း၊ ဦးအေးသောင်းမိသားစုက ငွေကျပ် ၁၀ သိန်း၊ မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ (၂၀၁၆) တွင် ပါဝင်ပြသသော ပြခန်းကုမ္ပဏီများက ကျပ်သိန်း ၆၀ စုစုပေါင်းကျပ်သိန်း ၂၀၀ ကို ဩဂုတ် ၁၄ ရက်တွင် ပြပွဲကျင်းပရေးကော်မတီက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ သို့ တပ်မတော်ခန်းမ၌ ပေးအပ်လှူဒါန်းခဲ့သည်။

Myanmar International Furniture Expo - ၂၀၁၆ ကိုဩဂုတ် ၁၁ ရက်မှ ၁၄ ရက်အထိ လေးရက်တိုင်တိုင် ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ၌ ၂၀၁၆ ပြပွဲကို မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြင့် မြန်မာ့ပရိဘောဂထုတ်လုပ်တင်ပို့ခြင်းကဏ္ဍ တိုးတက်လာစေရန်၊ နိုင်ငံတကာ ပရိဘောဂဈေးကွက်သို့ ဝင်ရောက်ထိုးဖောက်နိုင်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊ ပရိဘောဂထုတ်လုပ်မှုကဏ္ဍမှ ဝင်ငွေတိုးတက်ရှာဖွေ နိုင်ရန်၊ ကုန်ကြမ်းသက်သက်ရောင်းချနေသော အခြေအနေမှတန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်တင်ပို့နိုင်စေရန် ရည်ရွယ်၍ ဤပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်တွင်းရေးရာ

❂ **တရားဥပဒေစိုးမိုးရေးမှ**

နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒ အပေါ်အခြေခံ၍ ရေးဆွဲခြင်းဖြစ်ပါကြောင်း၊ **နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒမှာ အဓိကအားဖြင့် အခွန်မူဝါဒနှင့် အသုံးစရိတ်မူဝါဒဟူ၍ နှစ်ပိုင်း ပါဝင်ပါကြောင်း၊ အသုံးစရိတ်မူဝါဒဆိုသည်မှာ** ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များကို ဆက်လက်မြှင့်တင်သုံးစွဲရန်၊ ပြည်သူလူထုကို ချက်ချင်းလက်ငင်းအကျိုးပြုသည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊ ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျစိစစ်ခန့်အပ်ရန်၊ စီမံကိန်းများကို ဦးစားပေးအဆင့်ခွဲ၍ လတ်တလော မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊ ပစ္စည်းဝယ်ယူမှုများကို စနစ်တကျစိစစ်ဆောင်ရွက်ရန်၊ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို စနစ်တကျထိန်းချုပ်သုံးစွဲရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်တို့ ဖြစ်ပါကြောင်း။

စီမံကိန်းများကိုရေးဆွဲရာတွင် နိုင်ငံတော်အတွက် အမျိုးသားစီမံကိန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထိုသို့ တိုင်းဒေသကြီး/ပြည်နယ်များ၏ စီမံကိန်းများတွင် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်နေသော စီမံကိန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရပိုင်းမှ ဆောင်ရွက်နေသော စီမံကိန်းများဟူ၍ နှစ်ပိုင်းပါဝင်ပါကြောင်း။

ထိုသို့ ဗဟိုနှင့် ဒေသအစိုးရများက ဆောင်ရွက်နေသော စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရ၏ မူဝါဒ၊ ဦးစားပေးအစီအစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးစားပေးရွေးချယ်ရာတွင်လည်း ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်း၊ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များကို ပြည်ထောင်စုက ထောက်ပံ့ပေးသည့်အခါတွင် တိုင်းဒေသကြီး/ပြည်နယ်ကိုသာ မိမိတို့က ထောက်ပံ့ပေးလိုက်ခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း ခွဲဝေသုံးစွဲသည့်ကိစ္စမှာမူ ပြည်နယ်အစိုးရနှင့် လွှတ်တော်တို့၏ အစီအမံ၊ အစီအစဉ်များအတိုင်းပင် ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်ထောင်စုဝန်ကြီးဌာနများအတွက် အသုံးစရိတ်များကို ကြိုတင်သတ်မှတ်ပေးသည့် အချိန်တွင်လည်း ဝန်ကြီးဌာနများအလိုက်ကိုသာ သတ်မှတ်ပေးခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့၏ လက်အောက်ခံဌာန အဖွဲ့အစည်းများအတွက်ကိုလည်း သတ်မှတ်ပေးရပါကြောင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီကလည်း ၎င်းတို့၏ လက်အောက်ခံ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စသည့်အဆင့်ဆင့်သောရုံးခွဲများကိုလည်း ခွဲဝေသုံးစွဲရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

❁ **DVB-T2 မှ**

ရပ်နားထားပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှဦးဝင်းမောင်၏ **"မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ မီးရထားလမ်းဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ ၄၀၂ ဦး၊ စိုက်ပျိုးမြေ ၄၈၉ ဒသမ ၈၁ ဧကအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေးငွေ စုစုပေါင်းငွေကျပ် ၉၉၆၁၇၉၀၀၀ ကို ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က စလင်းမြို့နယ်အတွက် မြေယာလျော်ကြေးငွေများကို ပေးချေနိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတောင်းခံရာတွင် ထည့်သွင်းလျာထား တောင်းခံထားပြီးဖြစ်၍ ဖြည့်စွက်ရန်ပုံငွေသုံးစွဲခွင့်ရရှိပါက မြေယာလျော်ကြေးငွေများကို ဆက်လက်ပေးချေသွားမည်ဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင်မရရှိခဲ့ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေတောင်းခံရာတွင် ထည့်သွင်းလျာထား တောင်းခံ၍ ခွင့်ပြုပါက မြေယာလျော်ကြေးများအား ဆက်လက်ပေးချေသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် **"နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး**က ပြည်သူ့ဘဏ္ဍာကိုစားနေသည့် ဝန်ထမ်းများသည် ပြည်သူများကို မိဘသဖွယ်သဘောထားပြီး အလုပ်အကျွေးပြုရမည် ဆိုသည့်အသိတရား ပြင်းပြင်းထန်ထန်ပြဋ္ဌာန်းပြီး ပြည်သူများလိုလားနေသည့် အပြောင်းအလဲကို ဖော်ဆောင်နိုင်စေရန် လွှတ်တော်က ကြိုးပမ်းဆောင်ရွက်ပေးသင့်ပါကြောင်း၊ ဥပဒေ၏အမည်ကို အရပ်သားနိုင်ငံ့ဝန်ထမ်းများဥပဒေဟု ပြောင်းလဲပြင်ဆင်သင့်ပါကြောင်း၊ ဥပဒေကိုရေးသားရာတွင် အနှစ်သာရရှိပြီး ကိုယ်သိရုံ၊ မှန်ကန်ရုံဖြင့် မပြီးပါကြောင်း၊ မှန်ကန်မျှတကြောင်း အများပြည်သူ မြင်သာထင်ရှားအောင်လည်း ရှင်းရှင်းလင်းလင်း ရေးသားသင့်ပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး**က တိုင်းပြည်၏ စနစ်ကောင်းမှ ဝန်ထမ်းကောင်းမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ စနစ်ကောင်းရန်အတွက် ပေါ်ပေါက်လာသည့် အစိုးရသည် ပြည်သူနှင့် အမြဲတမ်းရင်းရင်းနှီးနှီးထိတွေ့ဆက်ဆံပြီး ပြည်သူ၏အသံကို နားထောင်မှ စနစ်ကောင်းတစ်ခု ပေါ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံသူ နိုင်ငံသားများပင်ဖြစ်ပါကြောင်း၊ ပေါ်ပေါက်လာသည့် အစိုးရတစ်ရပ်၏ ကောင်းမွေဆိုးမွေကို ပြည်သူနှင့်အတူ ခံစားရသူများဖြစ်ပါကြောင်း၊ အစိုးရ၏ယန္တရားကိုလည်ပတ်စေသည့် ဝန်ထမ်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေနှင့်အညီ လည်ပတ်စေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများက ပြဋ္ဌာန်းထားသည့်ဥပဒေများကို စနစ်တကျထိန်းချုပ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး**က ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ အိမ်ပိုင်မရှိသောကြောင့် ဘဝနိဂုံးမလှကြသည်ကိုတွေ့ရပါသဖြင့် ဝန်ထမ်းများ သက်ပြည့်၍ အငြိမ်းစားယူသည့်အခါ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ခွင့်ရရန် အဆောက်အအုံ သို့မဟုတ် တိုက်ခန်းများပိုင်ဆိုင်ခွင့် အထူးအခွင့်အရေးပေးရန်လိုအပ်ပါကြောင်းကို လည်းကောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



ဒေါ်စောမြရာဇာလင်း



ဦးသုဝေ

❖ **ပြည်ထောင်စုငြိမ်းချမ်းရေးမှ**

တည်ဆောက်ရေးအတွက် သမိုင်းတစ်ခုကို အပြောင်းအလဲဖြစ်စေမယ့် ပွဲတစ်ခုဖြစ်သွားပါပြီ။ ကျွန်မအနေနဲ့ ပြောချင်တာက ကျွန်မတို့တိုင်းပြည်မှာ သေနတ်သံတွေ စဲသွားမယ်။ သေနတ်သံတွေစဲသွားရေးဟာ ပြည်သူတွေရဲ့ တမ်းတမ်းတတမျှော်မှန်းနေတဲ့ မျှော်မှန်းချက်ဖြစ်တယ်။ အဲဒီလို မျှော်မှန်းချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် လာမယ့် ၃၁ ရက်မှာ ကျင်းပတော့မယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစုပင်လုံဟာ အနာဂတ်တိုင်းပြည်ကို ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ ပြည်သူ့ရဲ့ဆန္ဒတွေကို အကောင်အထည်ဖော်ဖို့အတွက် အနေအထားကောင်းတစ်ခုကို လမ်းဖွင့်ပေးတဲ့ ညီလာခံတစ်ခုပါ" ဟု အစည်းအဝေးတက်ရောက်လာသူ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှ ဒေါ်စောမြရာဇာလင်းက ပြောကြားသည်။

အလားတူ ချင်းအမျိုးသားတပ်ဦး (CNF) မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ဒီနေ့ဆွေးနွေးပွဲမှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကတော့ မကြာမီကျင်းပမယ့် ညီလာခံပြီးပြီးချင်းမှာ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲကြီး စတင်ကျင်းပမယ်ဆိုတဲ့ အချက်ပါပဲ။ ဒီဆွေးနွေးပွဲမှာ လူမျိုးအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အကြောင်းအရာတွေကို ဆွေးနွေးနိုင်မယ်ဆိုတဲ့ အချက်ကို သဘောတူထားကြပါတယ်"ဟု ပြောကြားသည်။

"မူဘောင်တွေကတော့ အခုမဆွေးနွေးသေးပါဘူး။ အခုလုပ်မယ့်ညီလာခံကို ဘယ်လိုလုပ်ကြမလဲဆိုတာကို ဆွေးနွေးကြတာပါ။ ဒီညီလာခံကြီးပြီးမှပဲ မူဘောင်ကိစ္စကို ဆွေးနွေးကြမှာပါ။ အခုဆွေးနွေးပွဲကတော့ မကြာမီကျင်းပမယ့် ညီလာခံမှာ အားလုံးပါဝင်နိုင်ရေးကိုဆွေးနွေးကြတာပါ။ ကျွန်တော့်အမြင်ကတော့ အားလုံးပါဝင်လာလိမ့်မယ်လို့ ထင်ပါတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေလည်း ညီလာခံကိုတက်မယ်ထင်ပါတယ်။ လက်မှတ်မထိုးရသေးတဲ့အတွက် ကိုယ်စားလှယ်တော့ မဖြစ်ဘူးပေါ့။ ညီလာခံတက်ပြီးရင်တော့ သူတို့ဆုံးဖြတ်ကြလိမ့်မယ် ထင်ပါတယ်။ ကျွန်တော့်အမြင်ကတော့ ညီလာခံဟာ နောင်ကျင်းပမယ့် ညီလာခံတွေအတွက် အစပဲဖြစ်မှာပါ။ လက်မှတ်မထိုးရသေးတဲ့ သူတွေကလည်း ညီလာခံတက်ပြီးရင် ဆုံးဖြတ်ကြလိမ့်မယ်ထင်ပါတယ်။ လက်မှတ်ထိုးမယ့်သူတွေလည်း များလိမ့်မယ်ထင်ပါတယ်"ဟု ဦးသုဝေ (နိုင်ငံရေးပါတီများအစုအဖွဲ့) ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

**မျိုးမြင့်၊ အောင်ရဲသွင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-ထိန်နန်နော်**

# ဝေနမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေနမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေနမြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**

# နာဂဒေသရှိ တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

**ခန္တီး ဩဂုတ် ၁၆**



စစ်ဗျူဟာအဖွဲ့ (အခြေချ)ခန္တီးမြို့မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းစိုး ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ တပ်မတော်မှ ပါရဂူဆေးမှူးများနှင့်ပူးပေါင်း၍ နာဂဒေသရှိ ထန်ခေါ်လားမားရွာ၊ ထန်ခေါ်နောက်ကုန်းရွာ၊ ယမ်းကြုံးရွာနှင့် လောင်ဂီးရွာတို့ရှိ ဒေသခံနာဂတိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နယ်လှည့်ကွင်းဆင်း ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါနာဂဒေသမှ ကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးအရ မိုးတွင်းကာလ၌ သွားလာရန် လွန်စွာခက်ခဲသည့် ဒေသဖြစ်သော်လည်း ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနေသော နယ်လှည့်ဆေးကုသရေးအဖွဲ့၏ သွားလာရေးကိစ္စများနှင့် အခြားသောကူညီထောက်ပံ့မှုလုပ်ငန်းများကို စစ်ဗျူဟာအဖွဲ့ (အခြေချ)ခန္တီးတပ်နယ်မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(စန်းလွင်ဦး)**

# ညောင်တုန်းမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ သဲအိတ်များဖြင့် တာဖို့

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မျိုးအောင်၏ ကြီးကြပ်မှုဖြင့် ညောင်တုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသိန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု သာကွေ့ကျေးရွာ ပုသိမ်-ရန်ကုန်ကားလမ်းဘေးရှိ တာပေါင်အား သဲအိတ်များ တာဖို့ခြင်းလုပ်ငန်းကို ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဂုဏ်ပြုငွေကျပ် နှစ်သိန်းပေးအပ်ရာ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မျိုးအောင်က လက်ခံခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

❑



# ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၇ မှ

### နိုင်ငံတော်ဘဏ္ဍာငွေသက်သာမှု

မြန်မာ့မီးရထားလမ်းပိုင်းများ ရပ်ဆိုင်းမှုကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ သက်သာမှုအခြေအနေနှင့် စပ်လျဉ်းပြီး မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက မြန်မာ့မီးရထားအနေဖြင့် စီးပွားရေးအရ တွက်ခြေမကိုက်သည့် လူစီးရထားတွဲ ၁၆ စင်းကိုရပ်ဆိုင်းပြီး ကျန်လူစီးရထားတွဲ ၁၄ စင်းကို ခရီးစဉ်ပြောင်းလဲပြေးဆွဲခဲ့ပါကြောင်း၊ ခရီးစဉ်များရပ်ဆိုင်းခြင်းနှင့် ပြောင်းလဲပြေးဆွဲသည့်အတွက် ခရီးသည် ၈၀၀ ကျော်ခန့် လျော့နည်း၍ ဝင်ငွေတစ်ရက်လျှင် နှစ်သိန်းခွဲကျော် လျော့နည်းသွားပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စက်သုံးဆီကုန်ကျမှု တစ်ရက်လျှင် ပျမ်းမျှ ၂၉၉ ဂါလန် (တန်ဖိုး ငွေကျပ်ကိုးသိန်းခန့်) လျော့နည်းသက်သာသွားပါကြောင်း ရှင်းလင်းဖြေကြားသည်။

### အဆောက်အအုံများ အရည်အသွေးထိန်းသိမ်းရေး

ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက အဆောက်အအုံများ အရည်အသွေးထိန်းသိမ်းမှုအပိုင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ အဆောက်အအုံများကို ပုဂ္ဂလိကပိုင်းကဆောက်လုပ်ရာတွင် အချို့သည် စံချိန်စံညွှန်းမမီသည့်အပြင် လုပ်ငန်းခွင်အန္တရာယ်ကင်းမှုမရှိသည့်အတွက် ပြိုကျမှုများရှိပါကြောင်း၊ ရန်ကုန်၊ မန္တလေးသာမက နယ်များတွင်လည်း ဖြစ်နေပါကြောင်း။

### ဆောက်လုပ်ရေးစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘုတ်အဖွဲ့ ဥပဒေ

ထို့ကြောင့် စံချိန်စံညွှန်းမီအဆောက်အအုံများနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှုရှိသော လုပ်ငန်းခွင်များဖြစ်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ ဥပဒေ (Construction Industry Development Board Law – CIDB Law)ကို ရေးဆွဲနေပါကြောင်း၊ ထိုဥပဒေကို နိုင်ငံတိုင်းတွင် ရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ မလေးရှားနိုင်ငံတွင် Construction Industry Development Board Construction Industry Development Board Law လည်းရှိပါကြောင်း၊ စင်ကာပူနိုင်ငံတွင် အဆောက်အအုံဆောက်လုပ်ရေးအာဏာပိုင်အဖွဲ့ (Building Construction Authority – BCA)ရှိပါကြောင်း။

### ဆောက်လုပ်ရေးစီမံခန့်ခွဲမှုစည်းမျဉ်း

မြန်မာနိုင်ငံရှိ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့၏ဥပဒေ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့် ဆောင်ရွက်နေသည့်အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ စည်းမျဉ်းဥပဒေများအတိုင်း ကွဲပြားစွာဆောင်ရွက်နေပါကြောင်း၊ တစ်နိုင်ငံလုံး ဆောက်လုပ်ရေးဆိုင်ရာမူဝါဒတစ်ခုဖြစ်ရန်အတွက် CIDB Law ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေဖြင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းခွင်တိုင်းတွင် ဘေးကင်းလုံခြုံမှု အင်ဂျင်နီယာနှင့် ဘေးကင်းလုံခြုံမှုအစီအမံ (Safety Measures)များကို စီမံဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြို့ပြစီမံကိန်းများရေးဆွဲရာ၌ အတိုင်းအတာနှင့် သတ်မှတ်ချက်များသည် တစ်ပြေးညီဖြစ်ရန် ရေးဆွဲနေပါကြောင်း၊ အလားတူ CIDB Law နှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် ဆောက်လုပ်ရေးစီမံခန့်ခွဲမှု စည်းမျဉ်း (Construction Management Regulation)ကို ကိုရီးယားနိုင်ငံ ဆောက်လုပ်ရေးစီမံခန့်ခွဲမှုအသင်း၏ အကူအညီဖြင့် ရေးဆွဲနေပါကြောင်း၊ ၎င်းဥပဒေကို လေးစားလိုက်နာကျင့်သုံးရေးအတွက် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းကို ရေးဆွဲပြဋ္ဌာန်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



မြစ်ငယ်ဒွေးလမ်းတံတား တည်ဆောက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

### အခန်းပေါင်း တစ်သိန်းရှစ်သောင်း ဖော်ထုတ်သွားမည်

တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး သိန်းတစ်ရာအောက် တန်ဖိုးနည်းအိမ်ရာများ ပေါ်ထွန်းလာရေးအတွက် နမူနာအိမ်နှစ်လုံးကို နေပြည်တော် ရွှေနံ့သာရပ်ကွက်တွင် စတင်စမ်းသပ်ဆောက်လုပ်နေပါကြောင်း၊ ၎င်းနမူနာပုံစံရရှိပါက တစ်နိုင်ငံလုံးတွင် ဆက်လက်ဆောက်လုပ်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဆောက်လုပ်ဆဲအခန်းပေါင်း ၂၂၀၀ ကို ယခုလေးလအတွင်း အပြီးတည်ဆောက်ခဲ့ပါကြောင်း၊ အဆိုပါအိမ်ခန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် အိမ်ရာအမှန်တကယ် လိုအပ်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရောင်းချပေးသွားမည် ဖြစ်ပါကြောင်း၊ တန်ဖိုးနည်းအိမ်ရာများကို ပုဂ္ဂလိကပိုင်းနှင့် အစိုးရပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီး ငါးနှစ်တာကာလအတွင်းအခန်းပေါင်း ၁၈၀၀၀၀ ခန့် ဖော်ထုတ်သွားရန်အတွက် မြေနေရာရှာဖွေနေပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်မည့် အခန်းပေါင်း ၈၀၀၀ အတွက် မြေနေရာရရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

### အမြန်လမ်းအတွက် နိုင်ငံတကာမှ အကူအညီများ တောင်းခံထား

ရန်ကုန်-မန္တလေး အမြန်လမ်းပိုင်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က အမြန်လမ်းမကြီး၏ ပင်မစီမံချက်အရ ကားကြီး၊ ကားငယ်အကုန်အသုံးပြုနိုင်မည့် ခြောက်လမ်းသွားလမ်းအဖြစ် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းပိုင်း ပြီးစီးပါက လမ်းဘေးအကာအရံများ အပါအဝင် လမ်းမကြီးတစ်လျှောက်ကို အပြည့်အဝထိန်းချုပ်သွားမည့်အပြင် ကျေးရွာချင်းဆက်လမ်းများကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ယခုငါးနှစ်အတွင်း ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်းကို ပင်မစီမံချက်အတိုင်း တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာမှ အကူအညီများ တောင်းခံထားပါကြောင်း ဖြေကြားသည်။

### ရန်ကုန်-မန္တလေးလမ်းဟောင်း အဆင့်မြှင့်တင်ရေး

ထို့ပြင် ရန်ကုန်-မန္တလေးလမ်းဟောင်းအဆင့်မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရန်ကုန်-မန္တလေးလမ်းဟောင်းကို လေးလမ်းသွားအဆင့်မြှင့်တင်ရန် ဆောင်ရွက်မည့်ကုမ္ပဏီများရှိပါကြောင်း၊ ရန်ကုန်-ပဲခူးလမ်းပိုင်းကို ပြည်သူများအတွက် ခြောက်လမ်းသွား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးမည့် ကုမ္ပဏီများရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် မတ်လတွင် ရန်ကုန်-မန္တလေးလမ်းဟောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြီးစီးမည်ဟု မျှော်လင့်ပါကြောင်း၊ အဆိုပါအဆင့်မြှင့်တင်မှုလုပ်ငန်းများကို ကုမ္ပဏီခုနစ်ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အတွင်းသာမက စီမံချက်အလွန်တွင်လည်း ပြည်သူ့လိုလားချက်များကို လေ့လာဆန်းစစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ရေဘေးသင့်ဒုက္ခသည်များ လုံလုံလောက်လောက် စားသောက်နိုင်အောင် စီမံထား

ရေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးအခြေအနေများနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ရေဘေးသင့်ဒေသများကို ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရာတွင် အနီးဆုံးဒေသမှဝယ်ပြီး မြန်မြန်ဆန်ဆန် ထောက်ပံ့ပေးပါကြောင်း၊ ရေဘေးသင့်ပြည်သူများကို မျှမျှတတ လုံလုံလောက်လောက် စားသောက်နိုင်ရေး စီမံထားပါကြောင်း၊ ဆန်ကို ဒေသပေါက်ဈေးအတိုင်း ဝယ်ယူထောက်ပံ့ပေးပါကြောင်း၊ ဘတ်ဂျက်အနေဖြင့် လုံလောက်မှုရှိပါကြောင်း၊ ထပ်မံလိုအပ်ပါကလည်း နိုင်ငံတော်မှ ထပ်မံဖြည့်တင်းပေးရန် အစီအစဉ်ရှိပါကြောင်း။

### နာဂဒေသအတွက် အာဟာရဖြည့်စွက်ဆန်များ ဝယ်ယူပို့ဆောင်

နာဂဒေသမှာ အာဟာရချို့တဲ့မှုအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဟာရဖြည့်စွက်ဆန်ဝယ်ယူပြီး တပ်မတော်လေယာဉ်ဖြင့် ဟုမ္မလင်းမြို့သို့ ဩဂုတ် ၁၆ ရက် နေ့လည်ပိုင်းမှာ ပို့ဆောင်ခဲ့ပါကြောင်း၊ ၎င်းမှတစ်ဆင့် လဟယ်မြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ပေးပို့လျက်ရှိပါကြောင်း၊ သဘာဝဘေးဖြစ်လာပါက တပ်မတော်၊ အစိုးရအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

## မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမားများ ဆက်လက်၍ ပြန်လည်ခေါ်ဆောင်သွားမည်

**နေပြည်တော် ဩဂုတ် ၁၆**

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် C of I ရရှိပြီး မြန်မာနိုင်ငံသို့ ပြန်ရန် လေယာဉ်စရိတ် မတတ်နိုင်သည့် မြန်မာနိုင်ငံသားများအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေး ကော်မတီ၏ အစီအစဉ်ဖြင့် ပြန်လည်ခေါ်ယူလျက်ရှိသည်။

ဩဂုတ် ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် ပြန်လည်ခေါ်ဆောင်မည့် မြန်မာနိုင်ငံသား ၁၃၈ ဦး၏ အမည်စာရင်းများနှင့် ဆက်လက်ခေါ်ယူမည့် အလုပ်သမားများ၏ အမည်စာရင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏Website: www.mol.gov.mm တွင် ကြည့်ရှုနိုင်ပြီး ဖုန်းအမှတ် ၀၆၇-၄၃၀၁၈၄၊ ၀၁-၆၆၇၆၄၄ နှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဗဟိုကောင်စီအစည်းအဝေးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ (၇၇)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဩဂုတ် ၂၅ ရက်တွင် လည်းကောင်း၊ ဒွါဒသမအကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံကို ဩဂုတ် ၂၆ ရက်တွင် လည်းကောင်း နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးနှင့် ညီလာခံသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်နှင့် မကွေး အပြိုင်လုမည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဗိုလ်လုပွဲ

**ရန်ကုန် ဩဂုတ် ၁၆**

၂၀၁၆ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်နှင့် မကွေးအသင်းတို့ ဩဂုတ် ၁၇ ရက်တွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်နှင့် မကွေးအသင်းမှာ ယခုရာသီ၏ တစ်ခုတည်းသော ဆုဖလားအတွက် ယှဉ်ပြိုင်ရမည်ဖြစ်သလို နည်းပြများဖြစ်သည့် ဦးကြည်လွင်နှင့် ဦးမျိုးမင်းထွန်းတို့မှာလည်း ပရော်ဖက်ရှင်နယ်နည်းပြဘဝ ပထမဆုဖလားအတွက်ပါ ပြိုင်ဆိုင်ကြမည်ဖြစ်သည်။

ရန်ကုန်အသင်းနှင့် မကွေးအသင်းသည် ယခုရာသီ၏ နောက်ဆုံးဖလားအတွက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ချန်ပီယံဆုရရှိသည့် အသင်းမှာ ၂၀၁၇ AFC Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသလို ပြည်တွင်းနည်းပြများကိုင်တွယ်နေသည့် အသင်းများဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်သည့် ဗိုလ်လုပွဲဖြစ်လာနိုင်ပေသည်။ ယင်းနှစ်သင်းစလုံးမှာ ယခုပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ရန်ကုန်အသင်းသည် ဒုတိယအဆင့်တွင် မဟာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကွာတားဖိုင်နယ်တွင် ဟံသာဝတီအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဆီမီးဖိုင်နယ်တွင် ရတနာပုံအသင်းကို နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုး၊ မကွေးအသင်းသည် ဒုတိယအဆင့်တွင် ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကွာတားဖိုင်နယ်တွင် ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဆီမီးဖိုင်နယ်တွင် ဇွဲကပင်အသင်းကို နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းသည် ယခင်က ရှုံးထွက်ပြိုင်ပွဲတွင် အမြင့်ဆုံးဆီမီးဖိုင်နယ်သာ တက်ရောက်ခဲ့ဖူးပြီး ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ရှုံးထွက်ပြိုင်ပွဲတွင် ၂၀၁၁ ခုနှစ်က ချန်ပီယံဆုရရှိခဲ့ဖူးပြီး ဗိုလ်လုပွဲသို့ ငါးနှစ်အကြာမှ ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းနှစ်သင်း၏ လက်ရှိအနေအထားကို နှိုင်းယှဉ်ကြည့်ပါက ကစားသမားအင်အားပိုင်းတွင် ကွာခြားမှုမရှိဘဲ ကစားသမားကောင်းများ ပိုင်ဆိုင်ထားသည်။ ကြည်လင်း ဒဏ်ရာကြောင့် ပါဝင်နိုင်ရန် မသေချာသော်လည်း နည်းပြဦးမျိုးမင်းထွန်း ဖြေရှင်းနိုင်ဖွယ်ရှိနေသည်။ နည်းပြပိုင်းတွင် ရန်ကုန်နည်းပြ ဦးမျိုးမင်းထွန်းမှာ နည်းပြသက်တမ်းနုသေးပြီး တစ်ချိန်က မြန်မာလူငယ်အသင်းများတွင် ဦးကြည်လွင်လက်အောက်၌ ကစားခဲ့ဖူးကာ ဆရာဖြစ်သူနှင့် ပြန်လည်ရင်ဆိုင်ရခြင်းဖြစ်သည်။ ဦးမျိုးမင်းထွန်းသည် ယခုရာသီဝက်ကျော်မှသာ ရန်ကုန်အသင်း၏ ယာယီနည်းပြချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ ဦးကြည်လွင်သည် မကွေးအသင်းကို ၂၀၀၉ ခုနှစ်ကတည်းက ကိုင်တွယ်ခဲ့သူဖြစ်ပြီး ပထမဆုံးချန်ပီယံဆုဖလားရယူနိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်(ရွှေဈေး) ၈၄၉၀၀၀ - ၈၄၉၀၀၀ မန္တလေး(ရွှေဈေး) ၈၄၉၀၀၀ - ၈၄၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |
| (ခ) | အောက်တိန်း *95* | တစ်လီတာ | ၅၇၀/၆၂၀ ကျပ်၊ | ၆၇၀/၇၅၀ ကျပ် |
| (ဂ) | အောက်တိန်း *92* | တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၈၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၆၀ ကျပ်၊ | ၆၀၀/၆၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၂၃ ကျပ်၊

အောက်တိန်း *92* တစ်လီတာ ၄၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၂၈.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၈.၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄.၃၂၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆.၄၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇.၇၅၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၄.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈.၁၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၁.၉၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၄.၇၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၇- ၈ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညနေပိုင်း

- ၆း၀၀ အဖွင့်
  - မိုးလေ၀သအစီအစဉ်
  - တေးဂီတအစီအစဉ်
- ၆း၂၅ ကာတွန်းအစီအစဉ် "Arthur Christmas" (အပိုင်း-၂)
- ၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၆၄)
- ၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘ၀ ကိုယ့်အိပ်မက်" (အပိုင်း-၂၄)
- ၈း၃၀ MRTV Entertainment Music
- ၈း၄၀ စွန်းဟိန်းဂူ
- ၉း၀၅ နိုင်ငံတကာ ရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉း၁၅ ပြည်သူ့နီတိ "အတုမြင် အတတ်သင်"
- ၉း၃၅ နားမကြားကလေးငယ်များ သင်တန်းကျောင်း (မေရီချက်ပရင်း) (အပိုင်း-၃)
- ၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "ကြေကွဲကောင်းကင်"
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၁၆ မေတ္တာပို့
- ၇း၂၂ ဓမ္မပူဇာတေး
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၄၅ ဇာတ်လမ်းတို
- ၉း၁၅ သူနှင့်သူ၏သီချင်းများ
- ၉း၃၅ အမှတ်တရနေ့ရက်လေးများ
- ၁၀း၁၀ Made In Myanmar
- ၁၀း၂၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၀း၃၅ Journal Talk
- ၁၀း၅၀ သီချင်းလက်ဆောင်
- ၁၁း၂၅ ကျန်းမာသုတ
- ၁၁း၄၀ Sport Review
- ၁၂း၀၀ ခရီးလည်းသွားစကားလည်းဆို
- ၁၂း၂၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
- ၄း၂၅ ရှေးဟောင်းသုတ
- ၄း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၄း၅၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၅း၁၀ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အယ်ဒါနာ (အပိုင်း-၅၀)
- ၆း၁၅ Top Magic
- ၆း၃၅ ဘ၀များစွာ
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - -ချစ်သောကေရီ အပိုင်း(၅၉)
  - -VOAအင်္ဂလိပ်စာသင်တန်းစာ
  - -ရယ်စရာပျော်စရာဟာသကမ္ဘာ
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရင်နှင့်အောင်ချစ်ရသူ အပိုင်း(၂၈)

### MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ၀ဋ္ဋသုတ်
- ၅း၄၀ "ပဋိစ္စသမုပ္ပာဒ်သင်တန်း" (အပိုင်း-၁၀) တရားတော် [ဆရာတော်အရှင်သူရိယ (ရှမ်းစုအောင်စကြာ)]
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ ဟင်းချက်ရအောင်
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၂၉)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း-၃၅)
- ၄း၀၀ Cartoon Series (Welcome To Sky Ville)
- ၆း၀၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၃၆)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၃၀)
- ၈း၁၅ ရသစုံညွှန်းတမ်းများ
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၈၃)
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၁၃)
- ၉း၅၀ အနုပညာမိုးကောင်းကင်
- ၁၀း၁၅ Let's Talk
- ၁၀း၄၅ MRTV-4 Stage
- ၁၁း၁၀ World of Knowledge (Expedition Wild Yellow Stone Winter)

### mitv

- 07:26 Bago: A City Of Famous Historic Pagoda
- 07:46 Traditional Customs of Holy Waso
- 08:26 Taung Byone Nat Festival (Ep-3)
- 08:44 Kyeikhteeyoe: Welcome All
- 08:50 Mt. Naw Bu Baw
- 09:03 News
- 09:26 Director: Maung Myo Min (Yin Twin Pyit)
- 09:36 YUFL
- 09:50 Excavation At Kawhmu
- 10:03 News
- 10:26 Pictures Decorated With Seashells And Gemstones
- 10:39 Memorable Yaw Region
- 10:56 Hip-Hop and Design
- 07:03 News
- 07:26 My Travel In This Exceptional Place, Inle Lake
- 07:46 Amazing: Magician Sak Kaw Ma
- 08:03 News
- 08:26 Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
- 08:40 Inspiration
- 08:47 Chef Life "Oliver E Soe Thet"

# ဟောင်ကောင်တွင် ခမ်းနားစွာကျင်းပမည့် ကေပေါ့ပ်ဂီတလောက၏ Mnet ဆုပေးပွဲအခမ်းအနား



၂၀၁၅ ခုနှစ်က Mnet Asian Music Awards ဆုပေးပွဲအခမ်းအနား ကျင်းပနေစဉ်။

ပေါ့ပ်သီချင်းကဏ္ဍမှ အဆိုရှင်များကို နှစ်စဉ်ချီးကျူး ဂုဏ်ပြုသည့် ဆုပေးပွဲတစ်ပွဲဖြစ်သည့် တောင်ကိုရီးယား ကေပေါ့ပ်လောက၏ Mnet Asian Music Awards ဆုပေးပွဲ အခမ်းအနားကို ယခုနှစ်တွင် ဟောင်ကောင်၌ ငါးနှစ် ဆက်တိုက်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားဒေသတွင်း အနုပညာသတင်း စာမျက်နှာများတွင် ဖော်ပြထားသည်။

အဆိုပါဆုပေးပွဲကို ယခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဟောင်ကောင်ရှိ AsiaWorld-Expo တွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့် နေရာများကို အတိအကျထုတ်ပြန်ပေးပြီးနောက် Mnet အနေဖြင့် ယခုနှစ်ဆုပေးပွဲအခမ်းအနားကို ပရိသတ်များ ထူးခြားအံ့ဩသွားရလောက်အောင် ကြီးကျယ်ခမ်းနားစွာတင်ဆက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Mnet Asian Music Awards ဆုပေးပွဲကို နှစ်စဉ် နှစ်ကုန်ပိုင်းရောက်တိုင်း CJ E&M ကုမ္ပဏီမှ ကြီးမှူးကာ တောင်ကိုရီးယားနိုင်ငံ၏ ဂီတချန်နယ်တစ်ခုဖြစ်သည့် Mnet မှ နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။

ကေပေါ့ပ်အနုပညာ လောကသားများအကြားတွင် MAMA ဟု အတိုကောက်ခေါ်ဆို သုံးနှုန်းသည့် အဆိုပါ Mnet Asian Music Awards ဆုပေးပွဲတွင် တောင်ကိုရီးယား ကေပေါ့ပ်အဆိုရှင်များကိုသာမကဘဲ အခြားနိုင်ငံများဖြစ်သည့် ထိုင်ဝမ်နှင့် ဟောင်ကောင် အပါအဝင် တရုတ်ပေါ့ပ်အဆိုရှင်များ၊ ဂျပန်၊ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့မှ ပေါ့ပ်သီချင်းရှင်များကိုလည်း နှစ်စဉ်ရွေးချယ် ဆုချီးမြှင့်လျက်ရှိသည့် ဂီတဆုပေးပွဲတစ်ပွဲဖြစ်သည်။

# မတူကွဲပြားသည့်ဇာတ်ရုပ်များတွင် ပိုမိုပါဝင်လိုကြောင်း ထုတ်ဖော်ခဲ့သည့် မင်းသမီး လီချောင်အေး





တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီချောင်အေးအနေဖြင့် အနုပညာသက်တမ်းတစ်လျှောက် မိမိ၏အနုပညာလုပ်ငန်းများအပေါ် အားရကျေနပ်မှုရှိပြီး အနာဂတ်တွင်လည်း မတူကွဲပြားသည့်ဇာတ်ရုပ်များတွင် ပိုမိုပါဝင်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မင်းသမီး လီချောင်အေးသည် ယခုနှစ် နှစ်ဆန်းပိုင်းကထုတ်လွှင့်ပြသခဲ့သည့် Vampire Detective ရုပ်သံဇာတ်လမ်းတွဲနှင့် Lucky Romance တို့တွင် ပါဝင်သရုပ်ဆောင်ထားပြီး အနုပညာသက်တမ်း ၁၀ နှစ်အတွင်း အမျိုးမျိုးသော ဇာတ်ရုပ်များကိုပါဝင်သရုပ်ဆောင်ခဲ့ဖူးကြောင်း၊ နောက်ထပ်လည်း ပိုမိုနက်နဲသည့် ဇာတ်ကောင်စရိုက်များဖြင့် ပါဝင်သရုပ်ဆောင်လိုကြောင်း ပြောကြားခဲ့သည်။

"ကျွန်မက အလုပ်နဲ့ပတ်သက်ရင် ခေါင်းမာတတ်တဲ့လူတစ်မျိုးပါ။ ကျွန်မ သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ရုပ်တွေအပေါ်မှာ အားရကျေနပ်မှုရှိခဲ့ပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်က ဘ၀ကို အနုပညာလုပ်ငန်းတွေလုပ်ကိုင်ရင်းပဲ ကုန်ဆုံးချင်ပါတယ်" ဟု မင်းသမီး လီချောင်အေးက ဆိုသည်။

လီချောင်အေးအနေဖြင့် အနုပညာလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရသူတစ်ဦးဖြစ်သလို အခွင့်အရေးပေါင်းများစွာကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရသူတစ်ဦးဖြစ်ကြောင်း၊ အက်ရှင်နှင့် ဒရမ်မာဇာတ်ကားများတွင် ဇာတ်ရုပ်စုံအောင် ပါဝင်သရုပ်ဆောင်လိုကြောင်းလည်း ဆိုသည်။

# ပြည်တွင်းပြည်ပ iTunes singles charts များတွင် ထိပ်တန်းစာရင်းဝင်ဖြစ်နေခဲ့သည့် BLACKPINK အဖွဲ့၏ တေးသီချင်းသစ်




BLACKPINK အဖွဲ့၏ title သီချင်း Whistle ပါဝင်သည့် SQUARE ONE အယ်လ်ဘမ်သည် ဒေသတွင်းရှိ music charts ခုနစ်ခုနှင့် ပြည်ပရှိ တေးသီချင်းဇယားများတွင် ထိပ်တန်းမှ ရပ်တည်ခဲ့သည်။

ယခုလ ၇ ရက်က ဖြန့်ချိခဲ့သည့် အဆိုပါ အယ်လ်ဘမ်သည် တောင်ကိုရီးယား ပြည်တွင်းတေးသီချင်းဇယားများဖြစ်သော MelOn, Genie, Olleh Music, Naver Music, Mnet.com, BugS နှင့် Monkey3 တို့တွင် ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် Whistle သီချင်းသည် ဩဂုတ် ၁၆ ရက်တွင် မွန်ဂိုလီးယား၊ ဟောင်ကောင်၊ ထိုင်း၊ ဘရူနိုင်း၊ ဗီယက်နမ်၊ မလေးရှား စသည့် နိုင်ငံများ၏ iTunes singles charts များတွင် ထိပ်တန်းစာရင်းဝင်ဖြစ်နေခဲ့ပြန်သည်။

တောင်ကိုရီးယားနှင့် အာရှဒေသ၌သာမက နယူးဇီလန်၊ ဩစတြေးလျ၊ ထိုင်းတို့မှ အားပေးသူပရိသတ် အခိုင်အမာရရှိထားသည့် BLACKPINK အဖွဲ့ကို ယခုနှစ်အတွင်းက ဝိုင်ဂျီအင်န်တာတိန်းမန့်မှ စတင်ပုံဖော်ခဲ့ခြင်းဖြစ်ကာ အရှိန်အဟုန်ဖြင့် ကေပေါ့ပ်ဂီတလောကို ထိုးဖောက်ရန် ပထမခြေလှမ်းလည်းဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

# ဟာဇက်နှင့် ဒီယေကိုကော်စတာတို့၏ သွင်းဂိုးများဖြင့် ပရီမီယာလိဂ်ရာသီအဖွင့်ပွဲစဉ် ချယ်လ်ဆီးအသင်း နိုင်ပွဲရရှိ

၂၀၁၆-၂၀၁၇ ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲ၏ ရာသီအဖွင့်ပွဲစဉ် (၁)၏ နောက်ဆုံးလက်ကျန်ပွဲစဉ်တစ်ပွဲဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့၏ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့၏ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူး ဟာဇက်က ပွဲကစားချိန် ၄၇ မိနစ်တွင်လည်းကောင်း၊ တိုက်စစ်မှူးဒီယေဂိုကော်စတာက ပွဲကစားချိန် ၈၉ မိနစ်တွင်လည်းကောင်း သွင်းယူပေးခဲ့ပြီး ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးကို ကိုလ်လင်က ပွဲကစားချိန် ၇၇ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရလဒ်ပိုင်းဆိုးရွားမှုပြဿနာကြောင့် နည်းပြမော်ရင်ဟိုအား ထုတ်ပယ်ကာ အီတလီလူမျိုးနည်းပြကွန်တီဖြင့် အစားထိုးခန့်အပ်ခဲ့သည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်းသည် ရာသီအဖွင့်နိုင်ပွဲနှင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် နည်းပြကွန်တီအတွက် အလားအလာကောင်းတစ်ခုဖြစ်လာခဲ့သည်။ ဂျူဗင်တပ်နည်းပြဟောင်း ကွန်တီသည် အီတလီစီးရီးအေဖလားသုံးကြိမ်အထိဆွတ်ခူးနိုင်ခဲ့ပြီး ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အီတလီအသင်းအား ကွားတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုအပြောင်းအရွှေ့ကာလအတွင်း ကစားသမားရှစ်ဦးအထိ ခေါ်ယူထားခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့် ကစားခဲ့သည့် ရာသီအဖွင့်ပွဲစဉ်တွင် ခေါ်ယူထားခဲ့သည့် ကစားသမားရှစ်ဦးအနက် သုံးဦးကို ထည့်သွင်းအသုံးပြုခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ဆွမ်ဆီးအသင်းမှ ပေါင် သန်း ၂၀ ဖြင့် ခေါ်ယူထားခဲ့သည့် တိုက်စစ်မှူး အေးရိဗ်ကို ချယ်လ်ဆီးအသင်းနှင့် ပွဲစဉ်တွင် ထည့်သွင်းအသုံးပြုခဲ့သော်လည်း ပေါင်ဒဏ်ရာပြဿနာကြောင့် ပထမပိုင်းမှာပင် လူစားလဲခဲ့ရသည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂)အဖြစ် လာမည့်စနေနေ့တွင် ဝက်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဝက်စ်ဟမ်းအသင်းမှာမူ ယူရိုပါလိဂ်ခြေစစ်ပွဲပထမအကျော့ပွဲစဉ်အဖြစ် ရိုမေးနီးယားနိုင်ငံကလပ် အက်စ်ထရာဂီယာဂူအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**



© REUTERS

# ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံးနိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၂၇ | ၂၄ | ၂၆ | ၇၇ |
| ၂ | ဗြိတိန်နှင့်မြောက်အိုင်ယာလန် | ၁၆ | ၁၇ | ၈ | ၄၁ |
| ၃ | တရုတ် | ၁၅ | ၁၄ | ၁၈ | ၄၇ |
| ၄ | ရုရှား | ၁၁ | ၁၂ | ၁၃ | ၃၆ |
| ၅ | ဂျာမနီ | ၉ | ၇ | ၆ | ၂၂ |
| ၆ | အီတလီ | ၈ | ၉ | ၆ | ၂၃ |
| ၇ | ပြင်သစ် | ၇ | ၁၀ | ၁၀ | ၂၇ |
| ၈ | ဂျပန် | ၇ | ၄ | ၁၇ | ၂၈ |
| ၉ | နယ်သာလန် | ၇ | ၂ | ၃ | ၁၂ |
| ၁၀ | သြစတြေးလျ | ၆ | ၇ | ၉ | ၂၂ |
| ၁၁ | တောင်ကိုရီးယား | ၆ | ၃ | ၅ | ၁၄ |
| ၁၂ | ဟန်ဂေရီ | ၆ | ၃ | ၄ | ၁၃ |
| ၁၃ | စပိန် | ၄ | ၀ | ၂ | ၆ |
| ၁၄ | နယူးဇီလန် | ၃ | ၆ | ၀ | ၉ |
| ၁၅ | ခရိုအေးရှား | ၃ | ၁ | ၀ | ၄ |
| ၁၆ | ဘရာဇီး | ၂ | ၄ | ၄ | ၁၀ |
| ၁၇ | ကာဇက်စတန် | ၂ | ၃ | ၅ | ၁၀ |
| ၁၈ | မြောက်ကိုရီးယား | ၂ | ၃ | ၂ | ၇ |
| ၁၉ | ကင်ညာ | ၂ | ၃ | ၀ | ၅ |
| ၂၀ | ကနေဒါ | ၂ | ၂ | ၉ | ၁၃ |

**မှတ်ချက် -**
**၁၆-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည - ၁၁ နာရီ ရလဒ်များဖြစ်ပါသည်။**

# ရီယိုအိုလံပစ်လက်မှတ်များ တရားမဝင်ရောင်းချမှုကြောင့် လူလေးဦးအား ဖမ်းဆီးထိန်းသိမ်းမည်

ဘရာဇီးတရားသူကြီးများသည် ရီယိုအိုလံပစ်လက်မှတ်များကို ဈေးကြီးကြီးဖြင့် တရားမဝင်ပြန်လည်ရောင်းချနေသော အားကစားကုမ္ပဏီမှ အမှုဆောင်အရာရှိလေးဦးကို ဖမ်းဆီးထိန်းသိမ်းရန် အမိန့်ပေးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အဆိုပါပုဂ္ဂိုလ်လေးဦးစလုံးမှာ တီအိတ်ချ်ဂျီ အားကစားအကျိုးဆောင် ကုမ္ပဏီအတွက် အလုပ်လုပ်ပေးနေသူများဖြစ်ပြီး လေးဦးစလုံးမှာ လက်ရှိအချိန်တွင် ဘရာဇီးနိုင်ငံတွင် ရှိနေမည်မဟုတ်သဖြင့် အင်တာပိုလ် (အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့)၏ ပူးပေါင်းမှုဖြင့်သာ ဖမ်းဆီးနိုင်တော့မည်ဖြစ်သည်။

၎င်းတို့ လေးဦး၏အမည်များကို ဩဂုတ် ၁၅ ရက်တွင် ထုတ်ဖော်ကြေညာခဲ့ပြီး ဂရိတ်ဗြိတိန်မှ မားကပ်စ်အီဗန်စ်နှင့် မာတင်စတပ်၊ အိုင်ယာလန်မှ ဒေးဗစ်ဂေးမောလ်နှင့် နယ်သာလန်နိုင်ငံမှ မာတန်ဗန်အော့စ်တို့ ဖြစ်ကြောင်း သိရသည်။ တီအိတ်ချ်ဂျီတာဝန်ရှိသူများကမူ ဘရာဇီးဘက်မှ စွပ်စွဲချက်များမှာ အခြေအမြစ်မရှိသည့် စွဲချက်သက်သက်သာဖြစ်ကြောင်း ချက်ချင်းဆိုသလိုပင် တုံ့ပြန်ခဲ့သည်။

ဘရာဇီးရဲတပ်ဖွဲ့သည် ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် ဒပ်ဘလင်မြို့ အခြေစိုက် တီအိတ်ချ်ဂျီကုမ္ပဏီမှ ဒါရိုက်တာ ကီဗင်မယ်လွန်အား တရားမဝင်လက်မှတ်ရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်သည်ဟု စွဲချက်ဖြင့် ထိန်းသိမ်းခဲ့ပြီးဖြစ်သည်။ သို့သော် တီအိတ်ချ်ဂျီတာဝန်ရှိသူများက မစ္စတာ မယ်လွန်မှာ လက်မှတ်များကို ပြန်လည်ရောင်းချရန် စုဆောင်းထားခြင်းမဟုတ်ဘဲ အိုင်ယာလန် တရားဝင်လက်မှတ်အရောင်းဌာနပိုင်လက်မှတ်များကို ကိုင်ဆောင်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။ **(မေလှဲ့သင်း)**




# အုံ့အားသင့်ဖွယ်ရာပန်းဝင်မှုပုံစံနဲ့ ရှာနေးမေလာ အိုလံပစ်ရွှေတံဆိပ်ဆု ဆွတ်ခူး

ဘဟားမားစ်နိုင်ငံသူ ရှာနေးမေလာက အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် အံ့အားသင့်ဖွယ်ရာ ပန်းဝင်မှုပုံစံဖြင့် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ကြောင်း သိရသည်။ ရှာနေးမေလာသည် ပန်းတိုင်မျဉ်းကြောင်းလိုင်းကို ကျော်ဖြတ်ရာ မှောက်လဲခဲ့သော်လည်း ကမ္ဘာ့ချန်ပီယံ အမေရိကန်နိုင်ငံသူ အယ်လီဆန်ဖီလစ်ဇ်ကို အသာရကာ ၄၉ ဒသမ ၉၉ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။




ဖီလစ်ဇ်သည် အိုလံပစ် ရွှေတံဆိပ်လေးဆု ဆွတ်ခူးထားသူဖြစ်သော်လည်း ယခုပြိုင်ပွဲတွင် မေလာ၏ နောက်ကောက်ချမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ တတိယနေရာကိုမူ ဂျမေကာနိုင်ငံသူ ရှီရီကာ ဂျက်ဆန်က ဆွတ်ခူးခဲ့သည်။

အသက်(၂၂)နှစ်အရွယ် မေလာသည် ၂၀၁၅ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဒုတိယနေရာသာ ရရှိခဲ့သော်လည်း ယခုပြိုင်ပွဲတွင် ဖီလစ်ဇ်ကို သုည ဒသမ ၀၇ စက္ကန့် အသာရကာ ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဖီလစ်ဇ်သည် အိုလံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးဆု၊ ငွေတံဆိပ်သုံးခု စုစုပေါင်း ခုနစ်ဆု ဆွတ်ခူးထားရာ အခြားအမေရိကန်နိုင်ငံသူ အမျိုးသမီးများထက် အိုလံပစ်ဆုတံဆိပ် ပိုမိုဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားလည်း ဖြစ်လာခဲ့သည်။

**(မေလှဲ့သင်း)**

## စစ်ကိုင်းမြို့တွင် အခြေခံတိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်း (၁/၂၀၁၆) ဖွင့်လှစ်

**စစ်ကိုင်း ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဘတ်ဂျက်အကူအညီဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး အထောက်အကူပြု သင်တန်း (၁/၂၀၁၆)ကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဒေါက်တာမြင့်သန်းနှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြများနှင့် ကျေးလက်နေ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကိုပြောကြားရာတွင် ကျွန်တော်တို့ နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တာနဲ့အညီ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ကျွဲ၊ နွားတွေကိုအသုံးပြုနေရပြီး ၎င်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်နှင့် မွေးမြူထိန်းသိမ်းနည်းစနစ်များ ကောင်းမွန်စွာရရှိစေရန် ယခုလိုသင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ အဓိကမှာ တိရစ္ဆာန်များနှင့်ပတ်သက်သည့် ရောဂါအခြေအနေများ၊ ကာကွယ်ကုသရေးအပိုင်းများတွင် စိတ်အားထက်သန်စွာဖြင့် သင်တန်းက ပို့ချပေးလိုက်သော ပညာရပ်တွေကို ကြိုးစားသင်ယူသွားကြစေလိုကြောင်း၊ မိမိတို့ဒေသရောက်ရှိသောအခါ လက်တွေ့အသုံးချပြီး တိရစ္ဆာန်များနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို စာတွေ့၊ လက်တွေ့ ငါးရက်ကြာ သင်တန်းပို့ချသွားမည် ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြကာ သင်တန်းများကို ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင် (ခရိုင် ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေဝင်ရောက်၍ထိခိုက်ပျက်စီးခဲ့သည့်မိုးစပါးစိုက် တောင်သူများအားစိုက်ပျိုးရေးပညာပေးလုပ်ငန်းများဆောင်ရွက်

**ဆိပ်ဖြူ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ ဧရာတီမြစ်ရေဝင်ရောက်၍ ထိခိုက်ပျက်စီးခဲ့သည့် လယ်မြေအချို့အား ခရိုင်စိုက်ပျိုးရေးဦးဌာနမှ ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြစ်ရေနစ်မြုပ်ခဲ့သည့် လယ်ပိုင်ရှင် တောင်သူများအား စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများကို ဩဂုတ် ၁၄ ရက်က ပြုလုပ်ဆောင်ရွက်သည်။



အဆိုပါလုပ်ငန်းများကို ပခုက္ကူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးရန်နိုင်ဝင်းဦးဆောင်၍ ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံနှင့် ပိုးမွှားတာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ မြေအသုံးချရေးတာန်ခံ အရာရှိများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ငွေငွေအေးနှင့် ဝန်ထမ်းများနှင့် မြင်ကဝကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြသိန်းတို့သည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်စနစ်မှ ကွင်းအမှတ် ၁၁၂၂/၅၇ တွင် တောင်သူ ၂၄ ဦးစိုက်ပျိုးထားရှိသည့် မိုးစပါး လယ်မြေများ ဧရာတီမြစ်ရေဝင်ရောက်၍ ပျက်စီးခဲ့မှုအခြေနေများနှင့် ထိခိုက်ကျန်ရှိသည့် စပါးခင်းများအားကွင်းဆင်းကြည့်ရှုခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးရန်နိုင်ဝင်းဦးဆောင်သောအဖွဲ့သည် မွန်းလွဲပိုင်းတွင် မြင်ကကျေးရွာ ဓမ္မာရုံ၌ မြစ်ရေဝင်ရောက်သည့်လယ်မြေများမှ တောင်သူ ၂၄ ဦးနှင့်တွေ့ဆုံခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက ထိခိုက်ပျက်စီးသွားသည့် လယ်မြေများအား စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးမည့် စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းပြောကြားသည်။ သီးနှံနှင့်ပိုးမွှားတာဝန်ခံ ဒေါ်သက်သက်မြင့် က သီးနှံပိုးမွှား ကာကွယ်ရေး နည်းပညာများကိုလည်းကောင်း၊ မျိုးစေ့တာဝန်ခံ ဒေါ်မြင့်မြင့်သန်းက မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးနည်းစနစ်နှင့် ပတ်သက်သည်များကို လည်းကောင်း၊ မြေအသုံးချရေး တာဝန်ခံ ဒေါ်သင်းသင်းချိုက ရေဝင်ရောက်သည့် မြေများကို ပြုပြင်စိုက်ပျိုးရေးနည်းစနစ်များနှင့် မြေဩဇာဆောင်ရွက်နည်းများကို ရှင်းလင်းအသိပညာပေးခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြစ်ရေဝင်ရောက်သည့် လယ်မြေများအား စပါးများအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး အသိပညာများ ပေးခဲ့သည်။

ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ လယ်မြေ ၃၇ ဒသမ ၅၇ ဧက မြစ်ရေဝင်ရောက်ခဲ့ပြီး ၂၈ ဒသမ ၂၁ ဧက ပျက်စီးခဲ့ကြောင်း၊ ၉ ဒသမ ၃၆ ဧက ထိခိုက်ခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

ပျက်စီးခဲ့သည့် လယ်မြေများ ပြန်လည်၍ စိုက်ပျိုးလျက်ရှိရာတွင် စပါးတစ်တင်းပျိုးလျှင် ကျပ်နှစ်သောင်းခန့်ရှိပြီး တစ်ဧကလျှင် နှစ်တင်းခန့် ပျိုးကုန်ကျမည်ဖြစ်ကြောင်း၊ ပုံမှန်စိုက်ပျိုးချိန်ဆိုလျှင် စပါးတစ်တင်းပျိုးကို ကျပ်တစ်သောင်းသာရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် တောင်သူများအနေဖြင့် စပါးပျိုးအခက်အခဲများနှင့် အလုပ်သမားအခက်အခဲများ ရှိနေကြောင်း တောင်သူတစ်ဦးက ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ စပါးပျိုးအခက်အခဲများနှင့် အလုပ်သမားရှားပါးမှု ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် တိုက်ရိုက်မျိုးစေ့ချစနစ်နှင့် လိုအပ်သော နည်းပညာများကိုလည်း ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**စိုးလင်းနိုင်** (IPRD)

## ဖရူဆိုမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းနှင့် အာဟာရအကြောင်းသိကောင်းစရာ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

**ဖရူဆို ဩဂုတ် ၁၆**

ကျေးလက်နေပြည်သူများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ပညာရေးကို အထောက်အကူပြု၍ စာဖတ်ရှိန်မြှင့်တင်စေရန် ရည်ရွယ်၍ ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း၊ အာဟာရအကြောင်း သိကောင်းစရာ ဟောပြောပွဲနှင့် ဆုချီးမြှင့်ခြင်းကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းလွင်က ကျောင်းသား၊ ကျောင်းသူများအား အာဟာရအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး ကျောင်းကျန်းမာရေးသီတင်းပတ် အထက်တန်းဆင့် 'အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ' ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် အလယ်တန်းဆင့် 'အာဟာရပြည့်ဝစားပါမှ ကျန်းမာပျော်ရွှင် ပညာသင် ' ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကော်မတီဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခင်းကျင်းပြသထားသော သုတရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## ရွှေဖရုံစိုက်တောင်သူများ ဝင်ငွေတိုးလျက်ရှိ

**လယ်ဝေး ဩဂုတ် ၁၆**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး တောင်သူများအနေဖြင့် ရာသီပေါ်သီးနှံများလည်း စိုက်ပျိုးလျက်ရှိရာ ကူသပိတ်ကျေးရွာအုပ်စု ကြက်သွန်ခင်းကျေးရွာ တောင်သူများအနေဖြင့် ရာသီပေါ်သီးနှံ ရွှေဖရုံသီးများစိုက်ပျိုးကြပြီး ယခုအခါ ရွှေဖရုံသီးများ ခူးဆွတ်ရောင်းချလျက်ရှိသောကြောင့် ဝင်ငွေတိုးလျက်ရှိသည်။

ကြက်သွန်ခင်းကျေးရွာအနေဖြင့် ရွှေဖရုံသီးစိုက်တောင်သူ ၂၅ ဦးခန့်ရှိပြီး ဧက ၅၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း၊ ရွှေဖရုံသီးများကို တန်ခူးလဆန်းပိုင်းတွင် မျိုးစေ့ချစိုက်ပျိုးကြပြီး ဝါဆို၊ ဝါခေါင်လတို့တွင် ခူးဆွတ်ရကြောင်း၊ ရာသီဥတုပေါ်မူတည်၍ အထွက်နှုန်း ကောင်းမွန်မှုရှိကြောင်း သိရသည်။

ရွှေဖရုံသီး စိုက်ခင်းများကိုအညွန့်ဆင်းချိန်နှင့် အသီးချချိန်များတွင် သွင်းအားစု ပက်ဖျန်းပေးကာ ရေလောင်းစိုက်ပျိုးလျက်ရှိပြီး တစ်ဧကလျှင် ပျမ်းမျှရွှေဖရုံသီးအလုံးရေ ၈၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်ဝင်ရွှေဖရုံသီးများအား မိတ္ထီလာဈေးကွက်သို့ တင်ပို့ရောင်းချရပြီး ရွှေဖရုံသီး အကြီး၊ အသေးပေါ်မူတည်၍ ဈေးကောင်းရရှိသောကြောင့် ရွှေဖရုံသီးစိုက်တောင်သူများ ဝင်ငွေတိုးလျက်ရှိကြောင်း ကြက်သွန်ခင်း ကျေးရွာနေ တောင်သူဦးစိုးလွင်က ပြောသည်။

**ကျော်စွာ (လယ်ဝေး)**

# မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့်ပျက်စီးသွားသည့်ကျေးရွာတွင်းလမ်းအားပြည်သူများစုပေါင်းပြုပြင်



**တောင်တွင်းကြီး ဩဂုတ် ၁၆**

တောင်တွင်းကြီးမြို့နယ်တွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက မိုးများအဆက်မပြတ် ရွာသွန်းခဲ့ခြင်းကြောင့် တရုပ်ကောအုပ်စု၊ သဖန်းကုန်းကျေးရွာမှ အရှည် ပေ ၁၀၀၀ ရှိ ရွာတွင်းလမ်းမကြီးမှာပျက်စီးသွားသဖြင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ၏ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ကြုံတွေ့နေရသဖြင့် ရွာဦးကျောင်း ဆရာတော်၊ အုပ်စုအုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါလမ်းကောင်းမွန်ရေး စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ လမ်းကောင်းမွန်ရေးဆောင်ရွက်ရာတွင် အလှူရှင် ဦးပဲလေး-ဒေါ်စုစုလှိုင် (တောင်တွင်းကြီးမြို့) မိသားစုက ငွေကျပ် ၁၆၀၀၀၀၊ ဦးအောင်ထွေးကို-မသီဂီကျော်(ရန်ကုန်) မိသားစုက ငွေကျပ် ၃၀၀၀၀၊ ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ် ၂၈၇၁၅၀ ဖြင့် ကျောက်စရစ်ခဲများ၊ သဲများဝယ်ယူကာပျက်စီးသွားသည့်နေရာများအား အုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကိုနှင့် ရွာသူ ရွာသားများက ကျောက်စရစ်ခဲနှင့် သဲအိတ်များချကာ လမ်းကောင်းမွန်ရေး စုပေါင်းပြုပြင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**၅၈၀**

# မြို့နယ်နာရေးကူညီမှုအသင်းနှင့် လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပရဟိတအဖွဲ့များ တွေ့ဆုံ

**ဒလ သြဂုတ် ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ မြို့နယ်နာရေးကူညီမှုအသင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပရဟိတအဖွဲ့များ တွေ့ဆုံပွဲကို သြဂုတ် ၁၄ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်နှင့် တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်တို့က အသီးသီး နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ယင်းနောက် ဒလမြို့နယ် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းက နာရေးကူညီမှုအသင်းကြီးဖြစ်ပေါ်လာပုံနှင့် အသင်းလုပ်ငန်းအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်ဦးက လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား တင်ပြခဲ့သည်။ ဘဏ္ဍာရေးမှူး ဦးအေးမောင်က အသင်းဘဏ္ဍာရေးအခြေအနေများအား ရှင်းလင်းခဲ့ကြောင်း သိရသည်။

ယင်းနောက် တက်ရောက်လာကြသော ဧည့်သည်များက မြို့နယ်နာရေးကူညီမှုအသင်းသို့ အကြံပြုဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ရာ မြို့နယ်သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ဦးထွန်းလှက မြို့နယ်နာရေးကူညီမှုအသင်းကြီးအနေဖြင့် တွေ့ဆုံပွဲတွင် ယခုလို တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပရဟိတအဖွဲ့များအား ကျေးဇူးတင်ရှိကြောင်း၊ ရပ်ကွက်အားလုံးမှာရှိတဲ့နာရေးကူညီမှုအသင်းများမှလည်း မြို့နယ်နာရေးကူညီမှုအသင်းကြီးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ခုလိုတွေ့ဆုံပွဲမျိုးကို ခြောက်လ တစ်ကြိမ် ကျင်းပနိုင်ရေးကို ပြုလုပ်စေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ ဒလမြို့နယ်နာရေးကူညီမှုအသင်းကြီးကို ၂၀၀၃ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၁၃ ခုနှစ် သြဂုတ် ၂၇ ရက်က တရားဝင်အသိအမှတ်ပြုမှတ်ပုံတင်ရရှိခဲ့သည်။ အသင်းဝင်၆၂ ဦးဖြင့် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ပရဟိတစိတ်ဖြင့် နာရေးကိစ္စများအား အခမဲ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မည်သူမဆို နာရေးကိစ္စအရေးပေါ်လိုအပ်ပါက ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ် ၀၉၅၀၈၆၄၉၄ မှတစ်ဆင့် မြို့နယ်နာရေးကူညီမှုအသင်း ဒုဥက္ကဋ္ဌ ဦးဇော်ဝင်းထံသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**



# ရွှေဘို၊ ကသာ ခရိုင်ချင်းဆက်လမ်း ထီးချိုင့်အပိုင်းပြုပြင်နေမှု မြို့နယ်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေး

**ထီးချိုင့် သြဂုတ် ၁၆**

စစ်ကိုင်း၊ ရွှေဘို၊ မြစ်ကြီးနား ခရိုင်ချင်းဆက်လမ်းတွင် စစ်ကိုင်းတိုင်းအတွင်း ၂၂၂ မိုင်ပါဝင်ပြီး ထီးချိုင့်မြို့နယ်အတွင်း ဘောင်းတော်ကျမှ မဲဟင်းအထိ ၃၇ မိုင် ၇ ဖာလုံ၊ ဘောင်းတော်ကျမှ ထီးချိုင့်ထိ ၂၃ မိုင် ၃ ဖာလုံ၊ ထီးချိုင့်မှ မဲဟင်းထိ ၁၃ မိုင် ၄ ဖာလုံ၊ ထီးချိုင့်မြို့တွင်း ၁ မိုင်ပါဝင်ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ ဒု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်၊ ဒုရဲမှူး စိုးအောင်၊ ကျေးလက်ဦးစီးမှူး ဦးဗိုလ်မင်း၊ လ-ဝ-က ဦးစီး ဦးမောင်မောင်ဦးတို့သည် သြဂုတ် ၁၃ ရက်က ထီးချိုင့်မြို့နယ်အတွင်း လမ်းအပိုင်းပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ရေးမြို့နယ်ဟံဂံကျေးရွာရှိနေအိမ်များ တောင်ကျရေများဝင်ရောက်

**ရေး သြဂုတ် ၁၆**

သြဂုတ် ၁၄ ရက်တွင် မိုးရေချိန် ၅ ဒသမ ၃၉ လက်မရွာသွန်းခဲ့သဖြင့် ရေးမြို့နယ် ဟံဂံကျေးရွာတွင် တောင်ကျရေများစီးဆင်းလာမှုကြောင့် ရွာလယ်လမ်းမ၌ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် အလျား ၂ ဖာလုံခန့်၊ ရေအမြင့် ၃ ပေခန့် ရေဖုံးလွှမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ကျရေများသည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှစတင်၍ တဖြည်းဖြည်းပြန်လည်ကျဆင်းလာခဲ့ရာ ညနေ ၄ နာရီ ၅ မိနစ်တွင် ရေအမြင့် တစ်ပေခွဲခန့်အထိ ပြန်လည်ကျဆင်းသွားခဲ့သည်။ ရေးမြို့နယ် ဟံဂံကျေးရွာ ရွာလယ်လမ်းမအတွင်း တောင်ကျရေများ ဝင်ရောက်စီးဆင်းမှု အခြေအနေအား သက်ဆိုင်ရာတာဝန်ရှိသူများက စောင့်ကြည့်လျက်ရှိပြီး လိုအပ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသင့်အနေအထားဖြင့် စီစဉ်ဆောင်ရွက်ထားရှိသည်။ သြဂုတ် ၁၅ ရက် နံနက် ၁၁ နာရီအထိ ရေအမြင့်ပေမှာ ၁ ပေခွဲခန့်သာ ရှိသေးကြောင်း သိရသည်။ **ထွန်းထွန်း (ရေး)**

# ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေး ပညာပေးဆွေးနွေး

**ကျောက်ကြီး သြဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှု ကျဆင်းပပျောက်ရေးအသိပညာပေး ဆွေးနွေးပွဲကို သြဂုတ် ၁၀ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းပညာပေးဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာမိုးကျော်သူက ကွမ်းစားခြင်း၏ ဆိုးကျိုးများနှင့် ဖြစ်တတ်သောရောဂါများ အကြောင်းကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဟန်ရှိန်က ကွမ်းတံတွေးများ စည်းကမ်းမဲ့ထွေးခြင်းကြောင့် မြို့သန့်ရှင်းသာယာလှပမှုကို ထိခိုက်နိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ ကွမ်းယာဆိုင်ပိုင်ရှင်များ၊ ကွမ်းစားသုံးသူများနှင့် ပြည်သူအင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# မြိတ်မြို့၌ (၅၂)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မြိတ် သြဂုတ် ၁၆**

အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သြဂုတ် ၁၄ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု အဒွင်းကျေးရွာရှိ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအဟောင်းနေရာတွင် ခုတင် ၁၀၀ ဆံ့ မူးယစ်ဆေးဖြတ်ဆေးရုံအဖြစ် ပြောင်းလဲဖွင့်လှစ်မည့်နေရာအား မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ချုံနွယ်နှင့် အမှိုက်များအား စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်းကြ သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာတွင် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး ဒေါ်ငွေငွေဝင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဘဝင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ မြိတ်မြို့ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဝင်းဇော်ဦး ဦးစီးတပ်ဖွဲ့ဝင်များ စုစုပေါင်း ၆၀ ဖြင့် ခုတင် ၁၀၀ ဆံ့ မူးယစ်ဆေးဖြတ်ဆေးရုံအဖြစ် ယာယီပြောင်းလဲဖွင့်လှစ်မည့် မူးယစ်ဆေးဖြတ်ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်များနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်း၊ အဆောက်အအုံအတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသည် လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအဖြစ် တည်ရှိခဲ့ပြီး ယခုအခါ တနင်္သာရီတိုင်းဒေသကြီးရုံးစိုက်ရာ ထားဝယ်မြို့သို့ ပြောင်းရွှေ့သွားခဲ့သောကြောင့် ယင်းအဆောက်အအုံသည် အသုံးမပြုဘဲ ချုံနွယ်ပိတ်ပေါင်းများဖြင့်ရှိခဲ့ရာမှ ယခုအခါ မြိတ်ခရိုင်အတွင်းရှိ မြို့နယ် ကျေးရွာများရှိ မူးယစ်ဆေးဖြတ်မည့် လူကြီး၊ လူငယ်များအား မူးယစ်ဆေးဖြတ်ရန်အတွက် မြိတ်ပြည်သူ့ဆေးရုံကြီးတွင် နေရာအခက် အခဲရှိနေသောကြောင့် အဆိုပါအဆောက်အအုံအား ခုတင် ၁၀၀ ဆံ့မူးယစ်ဆေးဖြတ် ဆေးရုံအဖြစ်သို့ ယာယီအသစ်ပြောင်းလဲ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူများထံမှ သိရသည်။

**မြင့်ဦး (မြိတ်)**



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပျက်စီးဆုံးရှုံးရသော ရေနစ်မြေပ်လယ်မြေများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၄ ရက် နံနက် ၁၁ နာရီက မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမောင်နှင့် စိုက်ကြပ်အဖွဲ့ဝင်များသည် စိုက်ပျိုးရေးဦးစီးဌာနမှ စက်အား၊ လူအား၊ မျိုးစေ့ပံ့ပိုးမှုအားတို့ဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်း၍ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- သိန်းလွင်(ပြန်ဆက်)

# ပင်လည်ဘူးမြို့နယ်တွင်ကျေးရွာမြေငှားဂရန် ဒုတိယအကြိမ် ထပ်မံပေးအပ်

**ပင်လည်ဘူး သြဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ၏ နေထိုင်မှုဘဝလုံခြုံရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေး မိမိနေထိုင်သောမြေနေရာများ ပိုင်ဆိုင်မှုအခိုင်အမာရရှိစေရန်အတွက် ဒုတိယအကြိမ်မြောက် မြေငှားဂရန် ပေးအပ်ပွဲအခမ်းအနားကို သြဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ပင်လည်ဘူးမြို့နယ် မိချောင်းအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးခင်ဇော်က ကျေးရွာမြေငှားဂရန်ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ တာဝန်ရှိသူများက မြေငှားဂရန် လျှောက်ထားသော အိမ်ခြေ ၂၇၂ ခုတို့ကို မြေငှားဂရန်များပေးအပ်ခဲ့သည်။

“အခုလို ရက် ၁၀၀ စီမံချက်ဖြင့် ကျွန်တော်တို့ကျေးရွာကို မြေငှားဂရန်ထုတ်ပေးလို့ မိမိနေထိုင်သောမြေမှာ မြေငှားဂရန်အခိုင်အမာရရှိပြီဖြစ်သည့်အတွက် အထူးပင်ဝမ်းသာပီတိဖြစ်မိပါတယ်” ဟု မြေငှားဂရန်ရရှိသော ကျေးရွာပြည်သူတစ်ဦးက ပြောသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မြို့မိမြို့ဖများ၊ ကျေးရွာဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးလွင် (ပင်လည်ဘူး)**

# ကန်ကြီးထောင့် ပဒေါင်းပိုင်းလမ်းတာမြေသားများ နိမ့်ကျမှု အချိန်မီပြုပြင်ဆောင်ရွက်နိုင်ခဲ့



**ကန်ကြီးထောင့် ဩဂုတ် ၁၆**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ပဒေါင်းပိုင်းလမ်းတာသည် ဒါးကမြစ်ရေတိုးလာမှုကြောင့် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာအမြင့် ၁၂ ပေ၊ အရှည် ပေ ၄၀ ခန့်ရှိ တာဘေးမြေသားများ တစ်ပေခွဲခန့်နိမ့်ကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ မြို့နယ်ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၇ ဦးတို့ဖြင့် ဝါးကတုတ်ရိုက်ခြင်း၊ ဂန်ရိုက်ခြင်း၊ ယိုင်များကာ၍ သဲအိတ်များချခြင်း၊ တာဖို့ခြင်းတို့ဖြင့် အချိန်မီကာကွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍လည်း မြို့မစည်ပင်သာယာဈေးထိပ်ရှိ တာကိုလည်း သဲအိတ်များဖြင့် တာဖို့ခြင်း၊ သဲစက်လှေများမှ သဲများကိုစုပ်တင်ပြီး သဲအိတ်များထည့်၍ အရံထားရှိခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမြို့၏ ဒါးကမြစ်ရေမှာ အထက်မြစ်ရေများ ကျဆင်းလာမှုနှင့် မိုးများဆက်တိုက်ရွာသွန်းသောကြောင့် အတက်မြန်နေပြီး ယနေ့တိုင်းထွာရရှိသောရေအမှတ်မှာ စိုးရိမ်ရေအမှတ် ၁၈ ပေအောက် ၁၇ ဒသမ ၈ ပေသို့ ရောက်ရှိနေကြောင်း သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ် ဆိုက်ခေါင်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေး သင်တန်းဖွင့်လှစ်

**မိုင်းဖြတ် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက တောညကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာ အ. မ. က စာသင်ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်က အသက်မွေးဝမ်းကျောင်း စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းတွင် ဂရုတစိုက်သင်ယူမှတ်သားပြီး လက်တွေ့ဘဝတွင် အကျိုးရှိရှိအသုံးချနိုင်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းလောင်မိုင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး Dr မျိုးနိုင်ဝင်းတို့က သင်တန်းတွင် ပို့ချမည့် ဘာသာရပ်ဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စာပေအသိမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပိုးသတ်ဆေးများကို စနစ်တကျကိုင်တွယ်အသုံးပြုနည်းနှင့် အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲပုံစနစ်များကို လက်တွေ့သရုပ်ပြသရှင်းလင်းပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဝန်ထမ်းများက စိုက်ပျိုးရေးအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါသင်တန်းသို့ တောညကျေးရွာအုပ်စုအတွင်းရှိ ဆိုက်ခေါင်ကျေးရွာ၊ ဆွပ်ပန်းကျေးရွာ၊ တာလကျေးရွာ၊ ငှက်ပျောတောကျေးရွာ စသည့်ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ပြီး သင်တန်းကို ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၅ ရက်ထိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာပေါင်းစပ်၍ စနစ်တကျထည့်သွင်းအသုံးပြုနည်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း၊ သီးနှံအလိုက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့် ပိုးသတ်ဆေးများကို စနစ်တကျကိုင်တွယ်အသုံးပြုနည်းများကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များကို စနစ်တကျမွေးမြူရေးစနစ်များ၊ တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နည်းစနစ်နှင့် ကုသနည်းစနစ်များကိုလည်းကောင်း၊ စာတွေ့၊ လက်တွေ့ပြုလုပ်ခြင်းတို့ဖြင့် သင်ကြားပို့ချကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**ကျောက်မဲ ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အေးမေတ္တာကျောင်းတိုက်၌နေထိုင်၍ ပညာသင်ကြားနေသော စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (IPPS SPRINT Project) မှပေးပို့သော ထောက်ပံ့ပစ္စည်းနှင့် ကျောက်မဲခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ စားသောက်စရိတ်ထောက်ပံ့ငွေများကို ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီက ထောက်ပံ့လှူဒါန်းခဲ့သည်။

ကျောက်မဲမြို့နယ် တော့ဆန်၊ ညောင်မောင်းကျေးရွာတို့မှ စစ်ဘေးရှောင်ကာ အေးမေတ္တာကျောင်းတိုက်တွင် တည်းခိုနေထိုင်၍ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပေးပို့လှူဒါန်းသော Hygiene Kit For Man & Women (Kit) အိတ် ၁၉ အိတ်နှင့် ကျောက်မဲခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ စားသောက်စရိတ် ထောက်ပံ့ငွေကျပ် ၅၅၀၀၀ တို့အား ကျောက်မဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့် အဖွဲ့ဝင်များက အေးမေတ္တာကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး အဆိုပါအဖွဲ့သည် ကျား(၅)ကောင်ဆေးတိုက်ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ၄၂ ဒါဇင်နှင့် ဘောပင်အချောင်း ၂၁၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

## ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်ကိုင်းများရှင်းလင်း



**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း MGLS. Co.,ltd. က ဩဂုတ် ၁၃ ရက်တွင် မိုးရာသီအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်ပြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ဧရာဝဏ်လမ်းတစ်လျှောက်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသောသစ်ပင်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“မိုးရာသီအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ကိုင်းသစ်ခက်များကို ယခုကဲ့သို့ ခုတ်ထွင်ရှင်းလင်းပေးခြင်းဖြင့် လျှပ်စစ်နှင့်ပတ်သက်ပြီး မလိုလားအပ်သော ပြဿနာများကို ကြိုတင်ကာကွယ်ပေးခြင်း ဖြစ်ပါတယ်”ဟု လျှပ်စစ်ဝန်ထမ်းတစ်ဦးက ပြောသည်။ **နှင်းနှင်း(ပြန်/ဆက်)**

# အကြိမ် ၇၀ မြောက် အိန္ဒိယသမ္မတနိုင်ငံလွတ်လပ်ရေးနေ့အထိမ်းအမှတ် အိန္ဒိယ–မြန်မာ ချစ်ကြည်ရေး ပန်းချီလက်တွေ့ရေးဆွဲပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးမြို့ရုံးစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှကြီးမှူး၍အကြိမ် ၇၀ မြောက် အိန္ဒိယသမ္မတနိုင်ငံလွတ်လပ်ရေးနေ့အထိမ်းအမှတ် အိန္ဒိယ-မြန်မာချစ်ကြည်ရေး ပန်းချီလက်တွေ့ရေးဆွဲပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် ငုရွှေဝါလမ်းထောင့်ရှိ မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်(မန္တလေး)ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာနှီးနွှယ်တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ပန်းချီပညာဌာနမှ ကျောင်းသား၊ ကျောင်းသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အမှုဆောင်များ၊ မန္တလေးပန်းချီပညာရှင်များအသင်းနာယက ဒေါက်တာကိုကိုကြီး၊ ဦးကျော်မိုးနှင့် ပန်းချီပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် ဒေါက်တာနာဒါကူးမားလ်က အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးပန်းချီလက်တွေ့ရေးဆွဲပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပန်းချီရေးဆွဲပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် မန္တလေးမြို့ရှိ ရေဆေးပန်းချီဆရာကြီး ၃၃ ဦးတို့က အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး သရုပ်ဖော်ပန်းချီကားများ ရေးဆွဲခဲ့ကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



# ကျွန်းထောင်မြေရောက် ခရီးသည်

à ကိုငြိမ်း (တောင်သာ)

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးတွင် တစ်နေ့နှင့်တစ်ည တည်းခို၍ ကွန်ဟိန်းမြို့သို့ လွိုင်နမ့်ခုံးအသင်းမှ ခရီးသည်တင်ယာဉ်ငယ်ဖြင့်လိုက်ပါခဲ့သည်။ တောင်ကြီးမြို့သည် မြန်မာပြည်ရဲ့တိုင်းနှင့်ပြည်နယ်တို့၏ မြို့တော်များတွင် အတော်သန့်ရှင်းသပ်ရပ်နေသည်ဟုထင်သည်။ မြို့လယ်လမ်းပေါ်တွင် ကွမ်းတံတွေးအစွန်းကွက်များကို မမြင်မိ။ လူဦးရေထူထပ်မှုကြောင့် အဆောက်အအုံတွေတိုးချဲ့လာသဖြင့် သစ်ပင်ကြီးများ ရှင်သန်ခွင့်မရှိတော့ပေ။ ကား၏ဘေးအစွန်ဆုံး ပြတင်းပေါက်မှန်နှင့်ကပ်လျက်ထိုင်နေသော်လည်း မော်တော်ကားဘော်ဒီနှင့် မျက်စေ့တစ်တန်းတည်းဖြစ်နေ၍ ဘေးဘက်ရှိမြင်ကွင်းများကို ကောင်းစွာမမြင်ရ။ ခါးကုန်း၍ ဘေးစောင်းငုံ့ကြည့်နေရသည့်အဖြစ်က ကြာလာတော့ လည်ပင်းညောင်း၊ ခါးနာလာတော့၏။ ပေ ၄၅၀၀ ကျော်တည်ရှိရာ တောင်ကြီးမြို့မှဆင်းလိုက်သည်နှင့် မကြာခင် ဟိုပုံးမြို့ကိုရောက်သည်။ လမ်းဘေးဝဲယာမြင်ကွင်းတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တွေ့ရသည့် ခြောက်သွေ့သွေ့ ရိုးတံကျဲကျဲ သစ်ပင်ငယ်များကိုသာ ဖြစ်သည်။ ထူးထူးခြားခြား သတိပြုမိသည်မှာ လမ်းဘေးဝဲယာအရိပ်ရပင်များ ကင်းမဲ့နေသည့်မြင်ကွင်းတို့ပင်ဖြစ်သည်။ ကျွန်တော်သည် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) ၏ တာဝန်ပေးချက်အရ ရှည်လျားသောနွေရက်များအတွင်း သုတေသနလုပ်ငန်းများ စတင်ခဲ့ပါတော့သည်။

### ဖောက်နက်သော ချောက်ကမ်းပါးများ

ဟိုပုံးမြို့လွန်သော် ဟိုပုံးမြို့တစ်ဝိုက်တွင်လည်း လမ်းဘေးအရိပ်ရပင်များ ကင်းမဲ့နေဆဲပင်။ မိုင်းပွန်မြို့လွန်သော်တောင်တက်လမ်းတွေက ပို၍မတ်စောက်လာသည်။ တစ်ချို့တောင်နံရံတွင် ကားတစ်စီးသာသာလောက်သာလျှင်လမ်းအကျယ်ရှိနေလျက် အခြားတစ်ဖက်တွင် အတော့်ကိုဖောက်နက်သော ချောက်ကမ်းပါးများရှိနေပါသည်။ လမ်းနံရံမပြိုစေရန် အမာခံကွန်ကရစ်များဖြင့် ထိန်းထားရသလို တောင်နံရံများကိုလည်း လျှောမကျစေရန် ကျားကန်ပေးနေရသည့် လုပ်ငန်းခွင်များကိုတွေ့ရသည်။ နေ့ခင်းဘက်တွင် အကြီးစားလမ်းတိုးချဲ့ဖောက်နေသဖြင့် မော်တော်ယဉ်များတန်းစီရပ်စောင့်နေရသည့်မြင်ကွင်းများကိုလည်း ခဏခဏတွေ့ရသည်။ မြို့တော်ရန်ကုန်မှာကဲ့သို့ပင် နေ့ခင်းဘက်လမ်းပြင်၊ လမ်းချဲ့သည့် နည်းစနစ်သည် နိုင်ငံအနှံ့ နေရာအနှံ့ ကူးစက်နေပြီ။ ညဘက်တွင်လုပ်သော်မရလော။ အကွေ့အကောက်၊ တောင်တက်လမ်းတွေများလာသည်။ ကွေ့ပတ်တက်ရင်း တောင်စွယ်တောင်တန်းတစ်လျှောက် စွယ်တော်ပွင့်များ ပွင့်နေသည်ကို အပေါ်စီးမှမြင်ခွင့်ရသည်။

### လွိုင်လင်မြို့

လမ်းခရီးတွင် အစုန်-အဆန် ဖြတ်သန်းသွားနေသောအရွယ်စုံကားများ၊ ဆိုင်ကယ်များကလည်း မနည်းမနောပင်။ ငြိမ်းချမ်းကာလ၊ ငြိမ်းချမ်းသောနယ်မြေဖြစ်လာသောကြောင့် ယခုကဲ့သို့ စည်ပင်နေခြင်းပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းကိုသရုပ်ဖော်ပြနေခြင်းဖြစ်သည်။ တောင်ကြောကဆင်းလိုက်သည်နှင့် တောင်ကြီးမှ ၅၀ မိုင်ဝေးသည့်မြေပြန့်လွင်ပြင်တွင် တည်ရှိနေသော လွိုင်လင်မြို့ကိုရောက်ပါသည်။ ဘယ်ကိုကြည့်ကြည့် ထင်းရှူးတောများသာ တွေ့နေရသည်။ ထင်းရှူးရိပ်အောက်မှဖြတ်သန်းရင်း ထင်းရှူးမြို့တော် လွိုင်လင်ကို ရောက်ခဲ့ပြီဖြစ်သည်။ 'လွိုင်' ဆိုသည်မှာ တောင်။ 'လင်' ဆိုသည်က ချွန်။ တောင်ချွန်မြို့ (သို့မဟုတ်) အများသိသော လွိုင်လင်မြို့ဖြစ်ပါသည်။

### ပြည်ထောင်စုစိတ်ဓာတ်စတင်သန္ဓေတည်ရာ

လွိုင်လင်မြို့သည် ရှမ်းပြည်နယ်ရှိမြို့အသီးသီးသို့ သွားရာအချက်အချာကြသည့်မြို့တစ်မြို့တွင် ပါဝင်သည်။ ဈေးအနီးတွင် ကားခေတ္တရပ်သည်။ ခရီးသည်အတင်အချလုပ်ပြီးသော် မြောက်ဘက်စူးစူးကိုမောင်းလိုက်သည်။ သွားရမည့်အရပ်မှ အရှေ့စူးစူးရှိ ကွန်ဟိန်းမြို့ ဖြစ်သည်။ ပင်လုံကွန်ပျူတာတက္ကသိုလ်အဆောက်အအုံကို လှမ်းမြင်လိုက်တော့မှ ပင်လုံဘက်သို့ ဦးတည်မောင်းနေမှန်း သဘောပေါက်လိုက်ပါသည်။ ပင်လုံကိုမြို့အဆင့်ရောက်စေခဲ့ပြီမှာ ကြာခဲ့ပြီဖြစ်သည်။ မြန်မာ့သမိုင်းရဲ့ ပြည်ထောင်စုစိတ်ဓာတ်စတင်သန္ဓေတည်ရာနေရာကို ရောက်တော့မည်ဖြစ်သည်။ ယင်းစိတ်ဓာတ်ကို ကျွန်တော်တို့ပြည်သူပြည်သားတိုင်း မြန်မာနိုင်ငံရှိနေသရွေ့ မွေးမြူနေရမည့်စိတ်ထားဖြစ်ပါသည်။

ကချင်ပြည်နယ် မိုင်ဂျာယန်ဒေသမှသည် ပြည်သူတွေလိုလားနေသည့် သမိုင်းတင်မည့် ငြိမ်းချမ်းရေး ၂၁ ရာစုပင်လုံညီလာခံစတင်ရန် မဝေးတော့ပေ။ ၁၅ မိနစ်ခန့်မောင်းလိုက်သောအခါ ရွှေတိဂုံစေတီပုံစံစေတီနှင့် ရတနာကန်တော်တို့အား ဖြတ်ကျော်လျက် ပင်လုံမြို့ဈေးအနီးရှိလွိုင်နမ့်ခုံး ယဉ်အသင်းအနီးတွင် ရပ်လိုက်သည်။ ပင်လုံမြို့သည် လွိုင်လင်ခရိုင်မြို့မှ ၇ မိုင်ခန့်သာဝေးပြီး တောင်ကြီးမှဆိုလျှင် ၆၄ မိုင်ဖြစ်သည်။ ရှမ်းလို ပန်လုံဟုခေါ်သည်။ 'ပန်' ဆိုသည်က ကွင်းပြင်၊ 'လုံ' ဆိုတာကြီးမားခြင်း။ ကွင်းကျယ် သို့မဟုတ် လွင်ပြင်။ ပုဂံကြောင့် ညောင်ဦးပိုမိုထင်ရှားလာရသလို၊ ပင်လုံကြောင့် လွိုင်လင်ကိုပိုမိုထင်ရှားစေခဲ့ပြီဟု ပြောနိုင်ပါသည်။

ဗြိတိသျှအစိုးရမှအဆိုပြုသော ဓနသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ်ကိုပင် လက်မခံ၊ လုံးဝလွတ်လပ်ရေးအတွက်တောင်တန်း၊ ပြည်မ လက်မှတ်ရေးထိုးခဲ့သည့် နေရာဖြစ်သည်။ အင်္ဂလိပ်လိုတော့ Independence။ ကျစ်ကျစ်လစ် စကားလုံးလှလှဖြစ်စေရန် မြန်မာမှုပြုလိုက်ကြသည်က 'လွတ်လပ်ရေး'။ 'အမှီခိုကင်းခြင်း' ဆိုသည့်အဓိပ္ပာယ်ပင်ဖြစ်သည်။ အမှီခိုမကင်းနိုင်သော်လည်း အမှီခိုနည်းရန်တော့ လိုအပ်ပါသည်။ အမြဲမှီခိုနေရတော့ အမြဲမျက်နှာချိုသွေးနေရလိမ့်မည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ နိုင်ငံဖြစ်သွားလိမ့်မည်။ အာဇာနည်အမျိုးသားခေါင်းဆောင်ကြီးတွေထဲက ဆရာကြီးဦးရာဇတ်၏ မန္တလေးမြို့ အမျိုးသားကျောင်းမှာ ဆောင်ပုဒ်တစ်ခုရေးထားတာရှိသည်ဟု သိရ ဖတ်ရဖူးသည်။ အဲဒါက 'အတ္တာဟိ အတ္တနော နာထော' ဆိုသော ဗုဒ္ဓရဲ့အဆုံးအမ၊ သွန်သင်ချက်၊ လမ်းညွှန်ချက်ဖြစ်ပါသည်။

ပင်လုံကျောက်တိုင်ကို တွေ့လိုတွေ့ငြား တရိပ်ရိပ်မောင်းနေသောကားပေါ်မှ လမ်းဘေးဝဲယာ ရှာဖွေမိပါသည်။ ပင်လုံနဲ့ပတ်သက်ပြီး သီချင်းတစ်ပုဒ်ရှိခဲ့ကြောင်း ပန်းဆိုးတန်းက စာအုပ်ဟောင်းရောင်းတဲ့ဦးတင်ငွေပြောလို့ မှတ်သားရဖူးသည်။ အဲဒါက စာရေးဆရာ၊ အဆိုတော်၊ ဒါရိုက်တာ၊ ရုပ်ရှင်မင်းသားကြီးဦးမြတ်လေး ရေးစပ်သီကုံးဖွဲ့သော 'ပင်လုံလှိုင်ထိပ်ထားဦး' သီချင်းဖြစ်သည်။



နမ့်ပန်ချောင်းကူး ကွန်ဟိန်းတံတား(၁၁၈၅)ပေပတ်ဝန်းကျင်ရှိ ကျောက်တုံး ကျောက်စွယ်များ။

လုံးဝမကြားဘူးသေးပေ။ ဦးဝင့်အောင် (ငြိမ်း-မြန်မာ့အသံ)အား ဒီသီချင်းအကြောင်း မေးရဦးမည်။

### အမြင်ဆန်း၊ အသွင်ဆန်းမြင်ကွင်း

ပင်လုံမြို့မှ ခရီးသည်အချို့ကိုတင်ကာ လွိုင်လင်မြို့ကိုပြန်မောင်းခဲ့ပြီး အရှေ့စူးစူးအရပ်မှ နမ့်စန်မြို့သို့ ခရီးဆက်ပါသည်။ မကွေး၊ ရေနံချောင်းဒေသလိုနေရာမျိုးကိုရောက်နေသလားအောက်မေ့ရသည်။ မြင်ကွင်းတွေခြောက်သွေ့ပူလောင်သည့်အတွေ့ကို ခံစားနေရသည်။ လွင်တီးခေါင်ပြင်မှာ ခရီးသွားနေရသည် မဟုတ်ပါလား။ လမ်းဘေးဝဲယာတို့တွင် အရိပ်ရပင်လေးများ ကြိုးပမ်းစိုက်ပျိုးထားသင့်ပါသည်။ တစ်နေရာအရောက်၊ ကားလမ်း ဘေးခြေတွင် ငွေရောင်ခါးပတ်အပြားကြီးကို ခါး၌ပတ်ထားသည့် ခြေလျင်လျှောက်နေသော အမျိုးသမီးများကို တွေ့ရသည်။ အမြင်ဆန်းသကဲ့သို့ အသွင်လည်းဆန်းနေပါသည်။ ပလိုင်းများလွယ်ထားသည်။ နားနှစ်ဖက်တွင်ပန်ထားသော ငွေနားသံသီး၊ ငွေနားဆွဲများမှာအရွယ်အစား အတော်ကြီးသည်။ ကျွန်တော်တွေ့ခဲ့ဖူးသော ချင်းအမျိုးသမီးများ ပန်ဆင်ထားသည့် ငွေနားတောင်းကဲ့သို့ပင် ကြီးမားသည်။

အမျိုးသားများဝတ်ထားသော အနက်ရောင်ဘောင်းဘီကို အောက်ဘက်ကခြေကျင်းဝတ်များတွင် စည်းနှောင်ထားသည်။ ရုတ်တရက်ကြည့်လိုက်လျှင် ဂါဝန်ဝတ်ထားသကဲ့သို့ ဖြစ်ပါသည်။ သိချင်သည့်စိတ်ကဖြစ်လာပြန်တော့သည်။ ဘေးတွင်ထိုင်နေသော ရှမ်းအမျိုးသမီးကိုမေးလိုက်သည်။ 'ငွေပလောင်'၊ 'လက်ဖက်ကောင်းစားလို၊ ပလောင်တောင်တက်နေ့' လို့ မှတ်သားရတဲ့ လူမျိုး၊ ဒို့ပြည်ထောင်စုဖွား၊ ကျွန်တော်တို့သွေးသားတွေဖြစ်ပါသည်။ ပလောင်လူမျိုး ဘယ်နှမျိုးရှိသလဲ။ မြန်မာ့လူမျိုးစု ၁၃၅ စုတွင်ပါဝင်သည့် ပလောင်လူမျိုးတွေဖြစ်သည်။ ရွှေပလောင်လူမျိုးမှာလည်း ၁၃၅ မျိုးတွင်ပါဝင်သည်။ ၁+ ၃+ ၅ ဆိုတော့ ၉ ရသည်။ ကိုးနဝင်းရစေရန် တီထွင်ခဲ့လေရော့လား မသိပေ။ လူဦးရေသန်း ၁၀၀၀ ကျော်သော တရုတ်ပြည်တွင် လူမျိုးစု ၆၀ ကျော်သာလျှင်ရှိဟု သိရသည်။ သန်း ၅၀ ကျော်ရှိသော ကျွန်တော်တို့နိုင်ငံတွင် လူမျိုးစုပေါင်း ၁၃၅ မျိုးရှိနေသည်မှာ အတော့်ကိုထူးခြားလွန်းနေသည်။

ရွှေ့ရောက်တော့မှာက 'ခိုလန်မြို့'ဟု ယာဉ်မောင်းဦးသန်းကျော်က ပြောသည်။ ခိုလန်မြို့သည် ရှမ်းပြည်နယ်၏ အလယ်ပိုင်းတိုင်းမှာရှိသည်ဟုသိရသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် မီးခိုးတွေနှင့် မှိုင်းမှုံဝေဝါးနေသည်။ အလွန်ရှည်လျားသော အုတ်တံတိုင်းတွေကာရံထားသည့် စစ်တပ်ရင်းများကို ဆက်တိုက်တွေ့ရကာ လေ့ကျင့်ကွင်းဆင်းနေသော စစ်သည်များကိုတွေ့ရသည်။ မီးခိုးများပိုမိုထူထပ်လာသည်။ တောင်ယာမီးရှို့ရာမှ တလိပ်လိပ်တက်နေသည့်မီးခိုးများဖြစ်သည်။ ကားလမ်းနဲ့ အလွန်နီးကပ်စွာမီးလောင်နေသည့်နေရာအရောက်တွင် ဦးသန်းကျော်သည် ဘရိတ်ရုတ်တရက်နင်းလိုက်ပြီးကာမှ အရှိန်မြင့်မောင်းထွက်လိုက်သည်။ မျက်နှာချင်းဆိုင်မှ ကားများလည်း မီးလောင်နေသည့်အခြေအနေကို ရပ်စောင့်နေကြသည်ကို မီးခိုးတွေကြားမှ မြင်လိုက်သည်။ ကျွန်တော်တို့အရှေ့မြောက်ဘက်သို့ ဦးတည်မောင်းခဲ့သည်။

### ငွေပလောင်လူမျိုး

ကွန်ဟိန်းနဲ့နီးလာလေလေ ငွေပလောင်လူမျိုးများကိုအတွေ့များလာပြန်သည်။ ကျွန်တော့်ဘဝတွင် ဒို့ပြည်ထောင်စုဖွား ငွေပလောင်လူမျိုးများကို ပထမဦးဆုံးတွေ့မြင်ရသောနေ့ဖြစ်ပါတော့သည်။ မြောက်ပိုင်းရှမ်းပြည်တွင်တွေ့ခဲ့သူတွေသည်လည်း ရွှေပလောင်လူမျိုးတွေလား၊ ရွှေပလောင်စကားနဲ့ ငွေပလောင်စကားတို့သည် အတူတူပဲလား၊ တော်တော်ကွဲပြားသလား၊ တွေးနေမိတော့သည်။ ကွဲပြားစွာရှိနေသည့် နာဂလူမျိုးစုတွေ စကားပြောသောအခါ ဗမာစကားကို ဘုံစကားအဖြစ်ပြောရသကဲ့သို့ ရွှေပလောင်နဲ့ ငွေပလောင်တို့ရဲ့ဘုံစကားသည် မည်သည့်ဘာသာစကားလဲ။ ရှမ်းစကားလော။ ကားလမ်းမပေါ်တွင် မကြာခဏဆိုသလိုပင် ဗုဒ္ဓဘာသာ သာသနာ့အလံများတလွင့်လွင့်စိုက်ထားသော ကားပေါ်၌ ပလောင်လူမျိုးများကို အုပ်စုအလိုက်တွေ့နေရပြန်သည်။ ကားလမ်းကောင်း၍ ကားတွေဖြတ်သွားဖြတ်လာရှင်းမှ သိလိုသည်များကို ကားဆရာကို မေးရပြန်သည်။

'ဘုရားပွဲရှိလား' ဘုရားပွဲရာသီပဲ၊ မိုင်းကိုင်မြို့ဘုရားပွဲနဲ့ သံလွင်မြစ်ကူး တာကော်တံတားရဲ့မြောက်ဘက်မှာရှိတဲ့ ဘုရားပွဲကိုသွားကြတာ။ ခွန်ဆံလော နန်းဦးပြင်ဘုရားပွဲလည်းရှိတာယ်လေ။ ခွန်ဆံလော၊ နန်းဦးပြင်ဆိုတာ ကျွန်တော်ဖတ်ဖူးကြားဖူးပါသည်။ ကျောင်းသုံးပြဋ္ဌာန်းမှာ ကျောင်းသူ၊ ကျောင်းသားတွေ သင်ရသည်။ သိချင်သော်လည်း ကားဆရာကို အနှောင့်အယှက်မပေးလိုသဖြင့် နှုတ်ဆိတ်နေလိုက်ရပါသည်။


### ကျွန်းထောင်မြို့နှင့် ကွေးကောက်ကောက်တံတား

နံနက် ၈ နာရီ ၄၅ မိနစ်တွင် တောင်ကြီးမှထွက်သောကားသည် ကွန်ဟိန်းမြို့သို့ ညနေ ၄ နာရီကျော်တွင်ရောက်ခဲ့သည်။ ကားမောင်းချိန် ၇ နာရီ၊ ကွန်ဟိန်းမြို့သည် N 21°18 လက်မ 09 ဒသမ 2 လက်မ E 098°25 လက်မ 45 ဒသမ 6 လက်မ၊ တောင်ကုန်းရှည်တွင်ရှိသည်။ ကွန်ဟိန်းမြို့ကို ရှမ်းနာမည်ကို အနီးစပ်ဆုံး ဗမာမှုပြုထားခြင်းဖြစ်ပါသည်။ 'ကွန်' ဆိုသည်မှာ 'ကျွန်း'၊ 'ဟိန်' ဆို သည်မှာသချာ 'ထောင်' ဂဏန်းလို့သိရသည်။ ရေပတ်လည်ဝိုင်းလျက်ရှိသောကျွန်းကို ဆိုလိုသည်။ ထောင်နှင့်ချီ၍ပေါများသောကျွန်း။ ကျွန်းထောင်မြို့လို့ ဘာသာပြန်ရမည်ထင်သည်။ ခန္တီးခရိုင် ထမံသီကျေးရွာနှင့် ခန္တီးမြို့ကြား ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိသော ကောင်းဟိန်နှင့်အသံထွက်ဆင်သည်။ အဲဒီ ကောင်းဟိန်ဆိုတာက ရှမ်းနီ(တိုင်းလျှံ) စကားဖြစ်ကာ အခု ကွန်ဟိန်က ရှမ်းစကားဖြစ်သည်။



နမ့်ပန်ချောင်းကူး ကွန်ဟိန်းတံတားကွေးကွေး၊ တံတားသုံးစင်း (၂၅၅+ ၂၅၅+၆၇၅)

(ဆက်လက်ဖော်ပြပါမည်)



# ဥပဒေများ၏အမှာစာ

စောလှထွန်း(ချောင်းဦး)
ဥပဒေရေးရာ အထူးကော်မရှင်

ကျွန်တော်သည် ပထမအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းရွက်ခဲ့ရာ လုပ်ငန်းသဘာဝအရ ဥပဒေပေါင်း မြောက်မြားစွာနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင် ဥပဒေပေါင်း ၂၃၂ ခုပြဋ္ဌာန်းနိုင်ရန် အဓိကနေရာမှ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်။ ထို့ကြောင့် ဥပဒေများနှင့် အတော်အတန်ရင်းနှီးကျွမ်းဝင်ခဲ့သည်ဟု မိမိကိုယ်ကို ယူဆခဲ့မိသည်။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလစတင်ချိန်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်သို့ ရောက်ရှိ တာဝန်ထမ်းရွက်ခွင့် ရရှိသည့်အချိန်တွင်မှ ကျွန်တော် ထိတွေ့ခဲ့ရသည့် ဥပဒေများသည် နိဒါန်းပိုင်း အကျဉ်းမျှသာ ရှိသေးကြောင်းသိရသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံဥပဒေ နိဒါန်း**

၁၉၄၂ ခု ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြင်ဆင်ထားသော မြန်မာပြည်နှင့် သက်ဆိုင်သည့် တရားဥပဒေများကို စုပေါင်း၍ ၁၉၄၄ ခုနှစ်တွင် ယခင်အကြိမ် ပုံနှိပ်ဖြန့်ချိခဲ့ပါသည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်ကြီးဆိုက်ရောက်သဖြင့် ဗြိတိသျှဘုရင်ခံသည် ၁၉၃၅ ခုနှစ် မြန်မာပြည်ဘုရင်ခံ အစီရင်အုပ်ချုပ်မှုအက်ဥပဒေအရ တရားဥပဒေပြဋ္ဌာန်းပိုင်ခွင့်အာဏာကို သုံးစွဲလျက် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက်ခြင်းမရှိမီ ကြားကာလ၌ အက်ဥပဒေပေါင်း ၂၁၅ ကို ပြဋ္ဌာန်းခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တိုင်းပြုပြည်ပြု လွှတ်တော်က အတည်ပြုလိုက်သည့်အခါ ယခင်လက်ရှိ တရားဥပဒေများသည် အခြေခံဥပဒေနှင့် မညီမညွတ်မဖြစ်သည်အထိလည်းကောင်း၊ ၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် အကျိုးသက်ရောက်စေရမည်ဟု နိုင်ငံတော်သမ္မတက အမိန့်ထုတ်၍ ပြဋ္ဌာန်းသည့် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ (တရားဥပဒေများ သင့်တင့်ဆီလျော်အောင်ပြုပြင်ချက်) အမိန့်ကို လေးစားထောက်ထား၍လည်းကောင်း ဆက်လက်၍ အာဏာတည်ခဲ့ပါသည်။ ထို့နောက်ပါလီမန်က ၁၉၅၄ ခုနှစ်ကုန်အထိ နောက်ထပ် အက်ဥပဒေ ၄၆၇ ကို ပြဋ္ဌာန်းခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြန်မာပြည်တရားဥပဒေများကို စုပေါင်း၍ ယခင်အကြိမ် ပုံနှိပ်ဖြန့်ချိပြီးသည့်နောက် အက်ဥပဒေ စုစုပေါင်း ၆၈၂ ရပ်ကို ပြဋ္ဌာန်းခဲ့ပြီဖြစ်ရာ ထိုဥပဒေများ အနက် ၃၉၇ မှာ ပြင်ဆင်ချက် အက်ဥပဒေများဖြစ်ကြပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရသည် အများပြည်သူတို့နှင့် ဥပဒေပညာသည် ရှေ့နေ ရှေ့ရပ်တို့၏ အကျိုးကို လိုလားသည်ဖြစ်၍ ထိုများလှသော ဥပဒေများကိုပါ ထည့်သွင်းကာ ပြည်ထောင်စု မြန်မာနိုင်ငံ၏ တရားဥပဒေများကို ပေါင်းစု၍ အသစ်တစ်ဖန် ပုံနှိပ်ဖြန့်ချိရန်တာဝန်ကို ဥပဒေပြင်ဆင်ရေးကော်မတီသို့ ပေးအပ်ခဲ့ပါသည်။

**အတွဲပေါင်း ၁၃ တွဲရှိ**

ဥပဒေပြင်ဆင်ရေးကော်မတီသည် အက်ဥပဒေများကို အမျိုးအစားခွဲရာ၌ တတ်နိုင်သရွေ့ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ (တရားဥပဒေများသင့်တင့် ဆီလျော်အောင်ပြုပြင်ချက်) အမိန့်တွင်ပါရှိသည့် အစီအစဉ်ကို လိုက်နာခဲ့ပါသည်။ သို့သော် လိုအပ်သဖြင့် အနည်းငယ် ပြောင်းလဲခြင်းကိုလည်းကောင်း၊ အမျိုးအစားအသစ်များအတွက် ခေါင်းစဉ်အသစ်များကိုလည်းကောင်း ပြုလုပ်ခဲ့ပါသည်။ ယခုအချိန်ပုံနှိပ်ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဥပဒေများကို ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြုပြင်၍ ပုံနှိပ်ခြင်းဖြစ်ပါသည်။ စာအုပ်အတွဲပေါင်း ၁၃ တွဲရှိပါသည်။ အတော်အတန်ကြာမြင့်စွာ အာဏာတည်ဦးမည်ဖြစ်သော ဥပဒေများမှအပ အခြားအခိုက်အတန့်အားဖြင့် ခေတ္တပြဋ္ဌာန်းသည့် အက်ဥပဒေများကို ချန်လှပ်ထားပါသည်။ ပြင်ဆင်ချက် အက်ဥပဒေများကို တသီးတခြား ပုံနှိပ်ခြင်းမပြုဘဲ ထိုဥပဒေများ၌ ပါရှိသော ပြင်ဆင်ချက်များကို မူရင်းအက်ဥပဒေများတွင် ထည့်သွင်း၍ ပုံနှိပ်ပါသည်။

၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ (တရားဥပဒေများ သင့်တင့်ဆီလျော်အောင်ပြုပြင်ချက်) အမိန့်အရ ပြုပြင်ပြောင်းလဲချက်များကို ဆိုင်ရာအက်ဥပဒေများတွင် ထည့်သွင်းပုံနှိပ်ပါသည်။ ထိုအမိန့်တွင် ပါရှိသည့် အရေးကြီးသော ပြောင်းလဲပြင်ဆင်ချက်များကို အောက်ခြေမှတ်ချက်တွင် ရည်ညွှန်းဖော်ပြပါသည်။ အခြားပြင်ဆင်ချက်များကို မည်သည့် အက်ဥပဒေအရပြင်ကြောင်း အောက်ခြေမှတ်ချက်၌ ရှင်းလင်းဖော်ပြပါသည်။

အက်ဥပဒေများတွင် ပါရှိသော ပုဒ်မအသီးသီး၏ အကြောင်းအရာ အတိုချုပ်ကို ဘေးဘက်တွင် ထည့်သွင်းဖော်ပြပါသည်။ ရှည်လျားသော အက်ဥပဒေများတွင် သိရှိရာအချက် ရှာလွယ်စေခြင်းငှာ အက်ဥပဒေအရှေ့ပိုင်း၌ ပုဒ်မများ၏ အစီအစဉ်ကို မာတိကာပြုလုပ်၍ ထည့်သွင်းပုံနှိပ်ပါသည်။

အက်ဥပဒေအသီးသီး စတင်အာဏာတည်သည့်နေ့ကို ထိုဥပဒေအမည်ခေါင်းစဉ်အောက်တွင် လက်သည်းကွင်း၌ ထည့်သွင်း၍ဖော်ပြပါသည်။

အခိုက်အတန့်အားဖြင့် ပေါ်ပေါက်သည့် အရေးကိစ္စအတွက် ပြဋ္ဌာန်းခဲ့သော အက်ဥပဒေအချို့မှာ သက်ဆိုင်ရာကိစ္စပြီးမြောက်သည့်နောက် အသုံးမဝင်တော့ပြီဖြစ်၍ ထည့်သွင်းပုံနှိပ်ခြင်းမပြုပါ။ ထိုအက်ဥပဒေများကို ပယ်ဖျက်ရန်အတွက် သီးခြားအရေးယူမည်ဖြစ်ပါသည်။

အတွဲအသီးသီးတွင် ပါရှိသော အက်ဥပဒေများ၏ အစီအစဉ်ကို စာအုပ်အရှေ့ပိုင်း၌ ဖော်ပြပါသည်။ ထိုအတွဲနှင့် သက်ဆိုင်သော မာတိကာကို နောက်ပိုင်းတွင် ထည့်သွင်းထားပါသည်။ အတွဲအားလုံးနှင့် သက်ဆိုင်သော မာတိကာကို တသီးတခြားပုံနှိပ်ပါမည်။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ တရားဥပဒေများကို ယခုအကြိမ်စုပေါင်း၍ ပုံနှိပ်ဖြန့်ချိခြင်းသည် အများပြည်သူတို့အတွက် ကျေးဇူးဖြစ်ထွန်းလိမ့်မည်ဟု ဥပဒေပြင်ဆင်ရေးကော်မတီက ယုံကြည်မျှော်လင့်ပါကြောင်းဟူ၍ (ဦး) စံညွှန့်၊ အတွင်းရေးမှူး၊ ဥပဒေပြင်ဆင်ရေးကော်မတီ၊ တရားရေးဝန်ကြီးဌာနက ၁၆- ၈-၁၉၅၅ ရက်စွဲဖြင့် ထုတ်ပြန်ကြောင်း ဖော်ပြထားပါသည်။

**အတွဲ ၁ ၏ နိဒါန်း**

ဤအတွဲပါ ဥပဒေများကို အပိုင်း ၁ (အရပ်ရပ်ဆိုင်ရာ)၊ အပိုင်း ၂ (အပြည်ပြည်ဆိုင်ရာ) နှင့် အပိုင်း ၃ (ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ)၊ က (အုပ်ချုပ်မှု)၊ ခ (ဥပဒေပြုမှု)၊ ဂ(တရားစီရင်ရေး)၊ ဃ (ရဲအမှုထမ်းဆိုင်ရာ) နှင့် င (အကျဉ်းဌာနဆိုင်ရာ) ဟူသောခေါင်းစဉ်များဖြင့် အမျိုးအစားခွဲခြားထားပါသည်။

ဤအတွဲ အက်ဥပဒေများကို ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြင်ဆင်ထားသည့် အတိုင်း ပုံနှိပ်ခြင်းဖြစ်ကြောင်း ထပ်မံဖော်ပြထားပါသည်။

ထို့ကြောင့် ဥပဒေပြုရေး၊ ဥပဒေရေးဆွဲရေးနှင့် ရှေ့နေချုပ်ရုံး ပေါ်ပေါက်လာပုံ သမိုင်းကြောင်းတို့ကို လိုက်လံစူးစမ်းရှာဖွေလျက် ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့သော ဥပဒေများ၏ စာရင်းကိုလည်း လေ့လာသိရှိခွင့် ရရှိခဲ့ပါသည်။

**ရှေ့နေချုပ်ရုံး**

ပြည်ထောင်စု မြန်မာနိုင်ငံဥပဒေ အတွဲ(၁) မှ အတွဲ (၁၃)ထိကို THE BURMA CODE, VOLUME 1 TO 13 ကို လေ့လာရာမှ အထက်ဖော်ပြပါနိဒါန်းစာပါ အကြောင်းအရာများ အရဥပဒေပြုရေး၏ အရေးပါသော တရားရေးအဖွဲ့များ ပေါ်ပေါက်လာပုံကိုလည်းကောင်း၊ တာဝန်ခံဆောင်ရွက်မှုများကိုလည်းကောင်း သိရှိဖော်ထုတ်လိုသည့် ဆန္ဒပြင်းပြခဲ့ပါသည်။ ထို့အတွက် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်မှုစိစစ်ရေးအဖွဲ့၏ အစီရင်ခံစာတွင် လေ့လာတွေ့ရှိရပါသည်။

၁၉၄၁ ခုနှစ်အထိ ဗြိတိသျှအုပ်ချုပ်ရေးခေတ်တွင် တရားရေးဌာနကို ဖွဲ့စည်းထားပြီး ယင်း၏ လက်အောက်၌ အောက်ပါအတိုင်း ဖွဲ့စည်းထားရှိပါသည်-

၁။ မြန်မာနိုင်ငံတရားရုံးချုပ်၊
၂။ ရန်ကုန်မြို့တရားမရုံး၊
၃။ မြန်မာနိုင်ငံ ရှေ့နေချုပ်ဌာနခွဲ၊
၄။ ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဌာနခွဲ၊
၅။ မြန်မာနိုင်ငံ အမွေနှင့် ပစ္စည်းထိန်းဝန်ရုံး၊
၆။ အကျဉ်းဌာန တို့ဖြစ်ကြပါသည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ၏ ယိုယွင်းနေသော အခြေအနေကို ထိန်းသိမ်းအုပ်ချုပ်ရေးကို ၁၉၆၂ မှ ၁၉၇၀ အထိ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ၁၉၆၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၁၅ ကို ထုတ်ပြန်၍ ရှေ့နေချုပ်အသစ်ကို ခန့်အပ်ပါသည်။ ၁၉၆၂ ခု မတ်လ ၃၀ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၂၅ နှင့် ၂၆ တို့ကို ထုတ်ပြန်၍ တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်နှင့် တရားဝန်ကြီးများကို ရပ်စဲပြီး တရားရုံးချုပ်ကို အသစ်ဖွဲ့စည်းခဲ့ပါသည်။

ယင်းနောက် ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ် ဖွဲ့စည်းပြီးနောက် တရားရေးနှင့် စပ်လျဉ်းပြီး အောက်ပါဌာနသုံးခု ကွဲပြားအုပ်ချုပ်ကြောင်း တွေ့ရှိရပါသည်။ ယင်းမှာ-

၁။ တရားရုံးချုပ်
၂။ ရှေ့နေချုပ်ဦးစီးဌာန
၃။ အကျဉ်းဦးစီးဌာနတို့ဖြစ်ကြပါသည်။

**၁၉၉၇ခုနှစ် ရှေ့နေချုပ်ရုံးက ထုတ်ဝေခဲ့သည့် ဥပဒေများနှင့် အက်ဥပဒေများ**

ဗြိတိသျှကိုလိုနီခေတ် ၁၉၄၃ အထိ မြန်မာနိုင်ငံတွင် အာဏာသက်ရောက်စေခဲ့သော အက်ဥပဒေများမှ စတင်ပြီး ယနေ့အထိ ခေတ်အဆက်ဆက် နှစ်အလိုက် ဥပဒေပေါင်း မြောက်မြားစွာကို လေ့လာသိရှိခွင့် ရခဲ့သည်။

ယင်းဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကလည်းကောင်း စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုမျှများပြားသော ဥပဒေများကို အစဉ်အဆက် လေ့လာသိမ်းဆည်း မှတ်တမ်းပြုစုပေးခဲ့ကြသူများမှ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသော ဥပဒေအရာရှိကြီးများပင် ဖြစ်ကြပါသည်။

“သိပ်ပြီးအရေးကြီးတယ် ဥပဒေတစ်ရပ်ကို လက်ကိုင်ပြုပြီး တာဝန်ခံကျင့်သုံးကြရတဲ့ တရားရေးအဖွဲ့အစည်းတွေ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူတွေမှာ အဲဒီဥပဒေတစ်ရပ်ရဲ့ သမိုင်းကို မသိတောင်မှ ဘယ်တုန်းက ဘယ်လိုပြင်ဆင်ခဲ့တယ်ဆိုတာ မဖြစ်မနေ သိရှိထားဖို့လိုတယ်” ဟု ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးကျော်စိန်က ရှင်းပြခဲ့ဖူးပါသည်။

ကျွန်တော့ဆောင်းပါးကို ‘ဥပဒေများ၏အမှာစာ’ ဟု ဖော်ပြထားရာ အဓိက တင်ပြလိုသည်မှာ ဥပဒေများ၏ သမိုင်းအစကို ဆွဲထုတ်မှတ်တမ်းတင်ချက်များ ဖြစ်ကြပါကြောင်းကို မိတ်ဆက်ပေးလို၍ ဖြစ်ပါသည်။ အမှာစာတွင် ဖော်ပြထားသည်မှာ နှစ်အလိုက်ထုတ်ဝေသော ဥပဒေများနှင့်စပ်လျဉ်းပြီး ၃၁ ရက် မေလ ၁၉၉၇ ခုနှစ်က ရှေ့နေချုပ်ရုံးက ထုတ်ဝေခဲ့သည့် ၁၉၅၅ ခုနှစ် ဥပဒေများနှင့် အက်ဥပဒေများစာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြရှင်းလင်းထားသည်ကို တွေ့ရှိရပါသည်-

‘ဗြိတိသျှကိုလိုနီခေတ်မှစ၍ ၁၉၃၄ ခုနှစ်အထိ မြန်မာနိုင်ငံတွင် အာဏာသက်ရောက်စေခဲ့သော အက်ဥပဒေများနှင့် ပြဋ္ဌာန်းခဲ့သော အက်ဥပဒေများကို မြန်မာနိုင်ငံဥပဒေ အတွဲ (၁)မှ (၃)အထိ စုစည်း၍ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ တစ်ဖန် ၁၉၄၂ အထိ တည်ဆဲ အက်ဥပဒေများကို အကြောင်းအရာအလိုက် ခွဲခြားပြီး မြန်မာနိုင်ငံဥပဒေ အတွဲ(၁)မှ (၇)အထိ ပုံနှိပ်ထုတ်ဝေခဲ့ဖူးပါသည်။ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၄ ခုနှစ်အထိ တည်ဆဲအက်ဥပဒေများကို အကြောင်းအရာ အလိုက် ခွဲခြားပြီး မြန်မာနိုင်ငံ ဥပဒေအတွဲ(၁)မှ (၁၃) အထိ ထုတ်ဝေခဲ့ပါသည်။

၁၉၅၅ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ပြဋ္ဌာန်းခဲ့သောအက်ဥပဒေများကို နှစ်အလိုက်စုစည်း၍ အစိုးရပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့ပြီး ၁၉၆၂ မှ ၁၉၇၄ ခုနှစ် မတ်လ ၁ ရက်နေ့အထိ တော်လှန်ရေး ကောင်စီက ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ပြည်သူ့လွှတ်တော်ရုံးက ပထမတွဲမှ တတိယတွဲအထိ စုစည်းထုတ်ဝေခဲ့သည်။

၁၉၇၄ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ ၁၉၈၈ ခုနှစ် ဩဂုတ်လအထိ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများကို ပြည်သူ့လွှတ်တော်ရုံးကလည်းကောင်း၊ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ပြည်သူ့လွှတ်တော်ရုံးနှင့် ရှေ့နေချုပ်ရုံးတို့ကလည်းကောင်း နှစ်အလိုက်စုစည်း၍ ပုံနှိပ်ထုတ်ဝေလျက်ရှိပါသည်။

လေ့လာတွေ့ရှိရသမျှကို တင်ပြရမည်ဆိုပါက ပြည်သူ့လွှတ်တော်ရုံးနှင့် ရှေ့နေချုပ်ရုံးတို့က ဥပဒေများကို နှစ်အလိုက် စုစည်းစာအုပ်ထုတ်ဝေထားသည်ကို တွေ့ရှိရပြီး အလွယ်တကူ လေ့လာနိုင်ကြပါကြောင်းနှင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သော ဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်ပုံနှိပ်တိုက်က နှစ်အလိုက်ထုတ်ဝေပေးလျက်ရှိပါသည်။

ဥပဒေများတွင် အက်ဥပဒေဟူ၍ မူလကအမည်ခေါ်ဆိုမှုကို နောက်ပိုင်းတွင် မတွေ့ရတော့ဘဲ ပြဋ္ဌာန်းဥပဒေများတွင် ဥပဒေဟုသာ ပြောင်းလဲခေါ်ဝေါ် ပြဋ္ဌာန်းခဲ့ကြရာ အင်္ဂလိပ်ခေတ် လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကို အက်ဥပဒေဟုခေါ်ဝေါ်ကြောင်းနှင့် မြန်မာနိုင်ငံက သီးခြားလွတ်လပ်သည့် နိုင်ငံဖြစ်လာသည့် နောက်ပိုင်းတွင် ဥပဒေဟုသာ ပြဋ္ဌာန်းသုံးစွဲခဲ့ကြောင်း အငြိမ်းစား ဥပဒေအရာရှိ ဦးစန်းလွင်က ရှင်းပြခဲ့ဖူးပါသည်။ ထို့အပြင် ယနေ့ခေတ်တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်းမပြုမီ ဥပဒေအတည်ပြုရေး အဆင့်ဆင့်ဆောင်ရွက်သည့်အချိန်တွင် ဥပဒေကြမ်းဟုသာ ခေါ်ဝေါ်ကြောင်းကို အလွယ်တကူ လေ့လာနိုင်ကြပါသည်။

> “ယခုအချိန် ပုံနှိပ်ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဥပဒေများကို ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြုပြင်၍ ပုံနှိပ်ခြင်းဖြစ်ပါသည်။ စာအုပ်အတွဲပေါင်း ၁၃ တွဲရှိပါသည်။ အတော်အတန်ကြာမြင့်စွာ အာဏာတည်ဦးမည်ဖြစ်သော. . .”


City Mart
20th Anniversary Celebration
Come Celebrate With Us!
18th ~ 24th August, 2016
Free Gift
20% Off
Fun
20 Anniversary ~ 20% off
MONDE VOIZ
-Creamy Butter
-Strawberry
-Chocolate
400g
Ks. 1,450/ each
1,150
MASITA
Seaweed Snack
48g
Ks. 1,900/ each
1,500
MA MA
Instant Noodle
55g/60g
Buy 5 Get 20% off
SIN PHYU TAW
Chicken Egg
10's
Ks. 1,500
1,200
100 PLUS
Edge Non-Carbonated Isotonic Drink
300ml/500ml
20% Off
COOK
Soyabean Oil
1.9 Ltr
Ks. 3,700/ each
2,950
HERBALLINES
Shampoo/Shower
1000ml
20% Off
REXONA
Roll On
50ml
Ks. 2,050/ each
1,650
GALANZ
Romance Hand & Body Cream 200g
Ks. 5,500/ each
4,400
BAYGON
Insect Killer Spray
600ml
Ks. 3,500/ each
2,800
MERRIES
Baby Diaper Pants
(M/L/XL)
Ks. 29,550/ each
23,600
FARFALLA
Electric Kettle
FEK-1221S
1800 – 2200 Watt
Ks. 22,000
17,500
HITACHI
Vacuum Cleaner
CV-950Y
2000 Watt
Made In Japan
Ks. 167,000
133,600
TULIP
Bed Sheet
5's 6x6.5 FT (Fitted)
Ks. 20,300/ each
17,200
THAI DRANGON FRUIT
Ks. 315/-100g
252
ORION
Fresh Pie 12's
300g
Buy 2 Get 1
Free
2,800Ks.
WEI CHUAN
Vegetables Seasoning Powder
500g
Buy 1 Get 5
50g
Free
5,750Ks.
DANISA
Traditional Butter Cookies
454g
Buy 1 Get 1
Free
5,300Ks.
SUNDAY
3 In 1 Instant Coffeemix
30's 900g
Buy 1 Get 1
Free
2,950Ks.
PEPSI
1.25 Ltr
Buy 2 1,200Ks
800Ks.
WE ACCEPT TELEPHONE ORDER
email: enquiry@city.com.mm
Hot line: 01-253022
Prices may change without prior notice. While Stocks Last!
All items limited to 6pcs per customer.
DELIVERY ORDER CONTACT
Phone : (+95) 01- 253022
Email : bm-aungsan@city.com.mm
Orders before 1 pm will be delivered within the same day
Orders received after 1 pm will be delivered the next day (within the afternoon).
www.citymart.com.mm
citymart_supermarket
@citymartmm
www.facebook.com/CityMartSupermarketMyanmar

## ကြော်ငြာ


**First Myanmar Investment Co., Ltd.**
A Public Company Listed on the Yangon Stock Exchange
Company Registration No. 159/92-93 | YSX Code 00001

### အမြတ်ဝေစုစတင်ထုတ်ပေးမည့်နေ့ကြေညာခြင်း

First Myanmar Investment Co., Ltd. (FMI) ၏ (၂၄)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ကြေညာခဲ့သည့်အတိုင်း အစုရှယ်ယာရှင်များအတွက် ၂၀၁၅–၂၀၁၆ အမြတ်ဝေစုများကို အောက်ပါအတိုင်း ထုတ်ပေးသွားမည် ဖြစ်ပါသည်။

**အမြတ်ဝေစုများ ထုတ်ဝေပေးရာတွင် -**

* **Securities Account ဖွင့်လှစ်ထားသည့် အစုရှယ်ယာရှင်များ -**

FMI ကုမ္ပဏီအနေဖြင့် အမြတ်ဝေစုများကို **၃၀-၈-၂၀၁၆ ရက်နေ့တွင်** KBZSC, MSEC, AYAtrust Securities, CB Securities နှင့် KTZRH Securities ကုမ္ပဏီများသို့ ထည့်သွင်းပေးမည် ဖြစ်ပါသည်။ ယင်းကုမ္ပဏီတို့အနက် မိမိတို့ Securities Account ဖွင့်လှစ်ထားသည့် Securities ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ကြရပါမည်။

* **Securities Account ဖွင့်လှစ်မထားရသေးသည့် အစုရှယ်ယာရှင်များ -**

FMI ကုမ္ပဏီ ရန်ကုန်ရုံးချုပ်နှင့် မန္တလေးရုံးခွဲတို့တွင် **၃၀-၈-၂၀၁၆ ရက်နေ့မှစတင်၍ ရုံးဖွင့်ရက်များတွင် နံနက် (၉း၀၀)နာရီမှ မွန်းလွဲ (၂း၀၀)နာရီအတွင်း** ထုတ်ပေးသွားပါမည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့
FMI Co., Ltd.

First Myanmar Investment Co., Ltd.
ရန်ကုန်ရုံးချုပ် – FMI Centre ၊ အမှတ်–၃၈၀၊ ၁၀–ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၀၃၆၃၊ ၂၄၀၃၇၃ | Web: fmi.com.mm | Email: fmi@spa-mm.com
မန္တလေးရုံးခွဲ – အမှတ် (၃၀၃)၊ ၇၆–လမ်း (၃၃× ၃၄ လမ်းကြား)၊ မောရဂီဝါရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း – ၀၂ ၆၀၅၆၁ | Email: fmi-mdy@spa-mm.com


### ဖခင်အမည်မှန်

အထက(၈)လှိုင်သာယာကျောင်းမှ ဒသမတန်း(D)မှ စန်းနုလင်း၊ အဌမတန်း(G)မှ မောင်သီဟထွန်း၊ အမက(၂၀) လှိုင်သာယာကျောင်း စတုတ္ထတန်းမှ မအိအိသူတို့၏ဖခင်အမည်မှန်မှာ ဦးနေလင်းထက်[၇/ညလပ(နိုင်)၂၁၆၇၄၇]ဖြစ်ပါသည်။


**ATH**
Engineering Group
အောင်သီဟ
AIR-CON SERVICES
လူကြီးမင်းတို့၏ နေအိမ်၊ဆိုင်ခန်း၊ စက်ရုံ၊အလုပ်ရုံများတွင်ရှိသော အဲယားကွန်း၊ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကိုပြုပြင်တပ်ဆင်ခြင်း၊ ဆေးကြောခြင်းလုပ်ငန်းများကိုအထူးအာမခံဖြင့်ဝန်ဆောင်မှုပေးနေပါသည်။
၀၉-၅၀၈၉၈၃၁၊ ၀၉-၄၂၀၁၁၇၅၃၂၊ ၀၉-၇၉၈၁၈၃၅၃၀

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်၊
09-442076599
09-400448695
09-33100721






**ကုံကော်စက်ဝန်း**
နှင့် အိပ်မက်လွန်ကဗျာများ နိုးထမှု
အေအပ်တီ





"Study Double Majors at Kaplan Singapore
to be ready for **Global Competitive Market**"






**Universities**
• University College Dublin

**Universities**
• Murdoch University

**Universities**
• Royal Holloway University
• Northumbria University
• University of Portsmouth
• University of Bedfordshire
• University of Essex

**Mandalay**
Date : 20 Aug 2016 (Sat)
Time : 3:00 pm - 5:00 pm
Venue : Sedona Hotel (Amarapura Room)

**Yangon**
Date : 21 Aug 2016 (Sun)
Time : 3:00 pm - 5:00 pm
Venue : Novotel Hotel (Bagan Room)

စင်ကာပူဒေါ်လာ (SGD 1,000) ကို ရရှိနိုင်မည့် အခွင့်အရေး

- Kaplan Scholarships များအတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ သိကောင်းစရာများ၊
- Double Majors သင်ယူနိုင်မည့် အခွင့်အလမ်းများ၊
- (၂)နှစ်ခွဲဖြင့် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်မှ စီးပွားရေးဘွဲ့ဒီဂရီ ရရှိနိုင်မည့်အခွင့်အရေး၊
- နိုင်ငံတကာကျောင်းမှ (Grade - 10) အောင်မြင်ထားသူများနှင့် မြန်မာ(၉)တန်းအောင်မြင်ထားသူများ သင်ယူတက်မြောက်နိုင်မည့် အခွင့်အလမ်း၊
- NCC, HND, ABE ကျောင်းသူ၊ ကျောင်းသားများအတွက် Exemption ရရှိနိုင်မှု၊

SA IC STUDY ABROAD Information Centre
သင့်ပညာရေး အတွက် ယုံကြည် အားထားရာ
(09) 5151 008, (09) 73 2424 04 f STUDY ABROAD Information Centre

**ရောင်ခြည်သစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
အိမ်တပ်မြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620






ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ (သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ Top Royal (ပါရမီ)၊ မင်္ဂလာဂမုန်းပွင့်(လှည်းတန်း-စံရိပ်ငြိမ်)၊ JCGV (Junction Spuare)၊ JCGV (Junction Mawtin)
မန္တလေး - ဝင်းလိုက်၊မြို့မ၊ JCGV၊နေပြည်တော် - JCGV ၊အောင်သပြေ၊ဖေယျာသီရိ၊ပြည် -မင်္ဂလာထွန်းသီရိ၊ တောင်ကြီး-မြသုခ၊ဖန်းမော် - Star ၊ပြင်ဦးလွင်၊ Movie Planet ချယ်ရီလွင်၊ ရေနံချောင်း-ရတနာ၊ ပခုက္ကူ- သီဟ၊ လားရှိုး-သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ မြဝတီ-သွန်းရွှေဇင်၊ ထားဝယ်-အောင်မင်္ဂလာ၊ ဘားအံ-တက်နေဝင်း၊ ပုသိမ်-ရွှေပြည်တော်၊ မော်လမြိုင်-JCGV ၊မြိတ်-မင်္ဂလာ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် တပြိုင်နက်ပြမည်။

# Aldersgate College ( Philippines )
မှ ပေးအပ်ချီးမြှင့်မည့်

## MBA
(Master of Business Administration)




Aldersgate College (Philippines) မှ Master of Business Administration (MBA-6th Batch) သင်တန်းကို ( ၂၁ - ၉ -၂၀၁၆ ) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

အဆိုပါသင်တန်းကို ပြည်တွင်း၊ ပြည်ပမှ ဝါရင့်ပါမောက္ခကြီးများ၊ စီးပွားရေးစီမံခန့်ခွဲမှုလက်တွေ့အတွေ့အကြုံရှိ ဝါရင့်ပညာရှင်များ မှ လုပ်ငန်းအတွေ့အကြုံ Case များနှင့်အတူ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

သင်တန်းဖွင့်မည့်ရက် - ၂၁. ၉.၂၀၁၆ ( ဗုဒ္ဓဟူးနေ့ )
သင်တန်းကာလ - ( ၁၈ ) လ
သင်တန်းချိန် - ညနေ (၅း၀၀) နာရီမှ ည (၈း၀၀) နာရီအထိ (ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့)
မနက် (၉း၃၀) နာရီမှ ညနေ (၄း၀၀) နာရီအထိ (စနေနေ့)

** လူဦးရေကန့်သတ်ထားပါသဖြင့် သင်တန်းလျှောက်လွှာများကို ယနေ့မှစတင်ပြီး၊ ဖော်ပြပါလိပ်စာအတိုင်း လျှောက်လွှာများကို ဝယ်ယူလျှောက်ထားနိုင်ပါသည်။ **

Lecturers....
- Prof. Dr. Nay Zin Latt
- Dr. Yusra Anas
- Asst. Prof. U Khin Maung Wynn
- Asst. Prof. U Aye Kyaw
- Adjunct Prof. Dr. Kyaw Nyein Aye
- Dr. Myint San
- Dr. Myo Nyein Aye
- Dr. Zarni Maw Win
- Asso Prof. Daw Thida Myint
- U Sit Maung
- Daw Tin Moe Wai
- Daw Thin Thin Oo
- Daw Moe Zar Zar Myint
- U Thit Sar
- U Aye Kyaw (LL.B)
- Daw Khin Moe Thi

CSIS
Center for Strategic and International Studies

ပထမဆုံး အပ်နှံသူ ၁၀ ဦး အား ၁၀% discount ပေးသွားမည်။

No. (27), 6 ½ Mile, Pyay Road, Hlaing Township, Yangon, Myanmar. ၂၅၃ ၈၆၈ ၂၂၃၊ ၂၅၃ ၈၆၈ ၂၂၄ သို့ ဆက်သွယ်လိုက်ပါ။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၅)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ယမင်းသူ
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန် ကားမျိုးစုံရှိပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421

ODYSSEY
ပြည်တွင်း၊ပြည်ပလေယာဉ်လက်မှတ် ဘိုင်အရောက်ပို့ဝန်ဆောင်မှု
01-246334,246339,240545
အရောင်းအခွဲကိုယ်စားလှယ် ယူနိုင်သည်

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၆၉၊ မြေညီထပ်၊ မဟာလမ်း၊ 09401505559 စမ်းချောင်း



NELC
Don't Worry, Just Speak!
Preschool
သယ်န်းကျွန်းကျောင်းခွဲ စက်တင်ဘာလ တွင် ဖွင့်မည်
မြောက်ဥက္ကလာပကျောင်းခွဲ အောက်တိုဘာလ တွင် ဖွင့်မည်။

အမှတ်-၃၊ ပေါ်ဆန်းမွှေးလမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ဖုန်း-09 960603700 / 09 960603800
အမှတ်-၁၁၅၁၊ သီတာလမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ဖုန်း-09 960604700
ဗိုလ်အောင်ကျော်-01 256516~7 စမ်းချောင်း-01 501947/09 8612639 မရမ်းကုန်း- 09 73065345
မန္တလေး-09 91023900 ပြင်ဦးလွင်-09 400306019 လားရှိုး-082 26611 တာချီလိတ်-084 52572

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
LCCI (UK)
Level I,II & III
For April 2017 Exam
နံနံပါတ်ကြိုတင်ယူပြီးကျောင်းအပ်နိုင်ပါပြီ။
Nay Lin Aung Finance & Accountancy Academy
အမှတ် - (၁၈ , 3A ~ 6 B) ဦးထွန်းလင်းခြံလမ်း၊ (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ - ၅၀၄၇၃၇၊ ၀၁ ၅၁ ၂၉၀၀၊ ၀၉ ၄၅၀၀ ၂၂၆၄၆၊ ၀၉ ၇၈ ၂၅၁၅၁၀၆ ၊ ၀၉ ၇၈ ၂၅၁၅၁၀၇
တာမွေကျောင်း - ၀၁-၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၉၇၁၄၉၀၁၀၁

FAME Arthrotec®
Bio supplement for joint
အဆစ်အားဖြည့်ဆေး
TMR 011382 (0615)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Osteomax®
Bone density enhancement
အရိုးသန်မာဆေး
TMR 011384 (0615)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

Edu Study Guide
(Int'l School & မူကြိုမှအထက်တန်းအထိ)
Teaching & Guide
Edu မှသင်ကြားမှုကျွမ်းကျင်၍ အတွေ့အကြုံရှိသော ဆရာ/ဆရာမများက အိမ်တိုင်ရာရောက် အထူးအာမခံ၍ သင်ကြားပေးနေပါသည်။
09-5412613, 09-43118125, 09-43192684

ကမ္ဘာ့အဆင့်မီ အရည်အသွေးမြင့် MGC
(၈) ပေါက်အုတ်စက်ရုံ မှော်ဘီမြို့နယ်။
၀၉-၃၀၀၈ ၁၁၁၁၊ ၀၉-၃၀၀၈ ၂၂၂၂
၀၉-၃၀၀၈ ၃၃၃၃

အမှောင်ခွင်း အလင်းဆောင်၊ ပညာခေတ်မှာ ရွှေလက်ဆောင်
ထူးချွန်အောင်မြင် ဂုဏ်ထူးပန်းဆင်နိုင်ရန် လေ့လာ၊ လေ့ကျင့် ကျက်မှတ်ဖို့ တိကျပြည့်စုံသော မှတ်စုရှိရမည်။

ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
Reg. 3123/2003
တက္ကသိုလ်ဝင်စာမေးပွဲ ၂၀၀၂ မှ ၂၀၁၆ ထိ
ဘာသာစုံမေးခွန်းဟောင်းများနှင့် စံပြအဖြေများ
အကောင်းဆုံး လမ်းညွှန်မှတ်စု
တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ပညာရေးအတွက်ဆိုရင် စေတနာနှင့်ပညာပြည့်ဝသော ရွှေလက်ဆောင် ကိုသာ ရွေးချယ်လိုက်ပါ။

မြန်မာစာ
အင်္ဂလိပ်စာ
သင်္ချာ
ဓာတုဗေဒ
ရူပဗေဒ
ဇီဝဗေဒ
ဘောဂဗေဒ
ထွက်နေပြီ

လက်ဆောင်သစ်
Reg. 3616/2010
တက္ကသိုလ်ဝင်စာမေးပွဲ ၂၀၀၂ မှ ၂၀၁၆ ထိ
မေးခွန်းဟောင်းများစုစည်းချက်
ဘာသာစုံ တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ပညာရေးအတွက်ဆိုရင်
စေတနာနှင့်ပညာပြည့်ဝသော လက်ဆောင်သစ် ကိုသာ ရွေးချယ်ပါ။

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

**Aung's College (Tu Tu - Su Su)**

သစ်တောဦးစီးဌာန–ကျွမ်းကျင်အဆင့်(၄)/ တောအုပ်ကြီး–၇၆နေရာ
**နိုင်ငံခြားရေးဝန်ကြီးဌာန–အငယ်တန်းစာရေး**
UCSB ပြည်ထောင်စုရာထူးဝန်အဖွဲ့ (သင်တန်းများစတော့မည်)
၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ ဖုန်း– 250727,09-5163884

အရည်အချင်းပြည့် အတွေ့အကြုံရင့်ဆရာများ ဦးစီးသော
**အောင် နိုင်ငံခြားရေး**–အငယ်တန်းစာရေး
အထူးသီးသန့် သင်တန်း စတော့မည်။
ဘိုက်(၇)၊ လှည်းတန်း(၁)လမ်း၊ရန်ကုန်။ Ph:09786583429

**ကား** မျိုးစုံ
(Alphard/Crown/MarkII/အနီးစတုံး/ Hiace ၉/၁၃ယောက်စီး ၂၄/၂၆/၃၃/၄၅/၄၄ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် မျှတသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph : 09795549249, 095418126

**တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက်**




GETC™
George English Training Centre
building a better future

▲Communicative English
▲General English ▲FCE

Enroll Now for August Intake!

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း |
| --- | --- | --- | --- |
| 01-537895, 09262963776 | 01-549590, 09254148006 | 09259822226/ 7 | 01-663960, 09259822220 |

**ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ မွှာရုံ ကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
| --- | --- | --- |
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကွင်းကြွေပြား | ၁သိန်း |
| ၃။ | အခန်းတံခါး | ၂သိန်း |
| ၄။ | ရေချိုးခန်း | ၃သိန်း |
| ၅။ | ကုဋိတစ်ခန်း | ၅သိန်း |
| ၆။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၇။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉သိန်း |
| ၈။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀သိန်း |
| ၉။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၁။ | မုခ်ဦး | ၃၀သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅သိန်း |
| ၁၈။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၉။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅သိန်း |

အလှူရှင်များကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
မွှာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရုံးလမ်းမတော်
(Account No. 061-301-06100921001)
နိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

SIM GLOBAL EDUCATION
simge.edu.sg

USA, UK နှင့် Australia နိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ်များ၏ ဘွဲ့များကို

"Singapore Institute of Management တွင် ရယူနိုင်မည့် အခွင့်အရေးများအကြောင်းဆွေးနွေးပွဲ"

CROWN EDUCATION
Award Winning Company

| MANDALAY | YANGON |
| --- | --- |
| Date : 20 Aug 2016 | Date : 21 Aug 2016 |
| Time : 12:00 pm - 2:00 pm | Time : 2:00 pm - 4:00 pm |
| Venue : HOTEL MANDALAY, Sabai Phyu Ballroom | Venue : PARKROYAL HOTEL, Yadanar 1 Ballroom |

- Singapore Institute of Management (SIM) နှင့် ချိတ်ဆက်ထားသော US, UK နှင့် Australia ထိပ်တန်းတက္ကသိုလ်များအကြောင်း
- Singapore Institute of Management (SIM) တွင် တက်ရောက်ရယူနိုင်သော ဘွဲ့၊ ဘွဲ့လွန်ဘာသာရပ်များအကြောင်း
- တက္ကသိုလ်ဝင်တန်းနှင့် iGCSE အောင်မြင်ထားသော ကျောင်းသားကျောင်းသူများအတွက် ဝင်ခွင့်လိုအပ်ချက်များ၊ HND အောင်မြင်ပြီးသူများအတွက် တိုက်ရိုက်ဝင်ခွင့်အခွင့်အရေးများ
- ၁၀၀% ပညာသင်ဆုအကြောင်းနှင့် ပညာသင်ဆုလျှောက်ထားခြင်းတွင် လိုအပ်သောအရည်အချင်းများ စသည့်အချက်များကို SIM မှ တာဝန်ရှိသူကိုယ်တိုင်ဆွေးနွေးပေးမည်ဖြစ်ပါသည်။



Su Myat Moe (Helen)
SIM GE Scholar
BSc (Business Administration)
University at Buffalo (SUNY),US.

**Call us : 01 527 838, 09 450 200 040, 09 730 40 688, 09 732 732 77**

အသုံးမလိုတော့သော
လေအေးပေးစက်များ
ဝယ်ယူလိုပါသည်။
09 253582510

GLOBAL PHOENIX
REAL ESTATE

ပြင်ဆင်ပြီး ကွန်ဒိုအခန်း၊ လုံးချင်းအိမ်များကို ငှားရမ်းလိုသော နိုင်ငံခြားသားဧည့်သည်များ ရှိနေပါသည်။ Global Phoenix သို့ ပိုင်ရှင်များ အမြန်ဆက်သွယ်ပေးပါ။

09 - 260 2600 29 / 59

No. 153, 1st Fl, Anawrahta Road, Corner of 47th St, Botahtaung Tsp.
globalphoenix.realestate@gmail.com

**သာလွန်ကျော်**
အုံမြို့သစ်တောင်ပိုင်း၊မြောက်ပိုင်း၊ အရှေ့ပိုင်း၊ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေး ဝယ်ပါသည်။
Ph:09-420780797
09-254285314

အမှောင်ခွင်း အလင်းဆောင်၊ ပညာခေတ်မှာ ရွှေလက်ဆောင်

မေးခွန်းပုံစံ၊ မေးလေ့မေးထရှိသော မေးခွန်းများနှင့် အမှတ်ပြည့်ရ ဖြေဆိုချက်များ

လေ့လာလေ့ကျင့်သူများသည် ထူးချွန်အောင်မြင်ကြ၏။

ကျောင်းသားအများဆောင်
**ရွှေလက်ဆောင်**
Reg. 3123/2003
ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်မေးခဲ့သော
**အဌမတန်း**
၂၀၁၅/၂၀၁၆ (၂-နှစ်အတွက် ၃၄-စုံ)
**မေးခွန်းဟောင်းအပြည့်အစုံနှင့်စံပြအဖြေများ**
တစ်ဘာသာ တစ်အုပ်

မြန်မာစာ
အင်္ဂလိပ်စာ
သင်္ချာ
ပထဝီဝင်
သမိုင်း
အထွေထွေသိပ္ပံ

လေ့လာဖို့
လေ့ကျင့်ဖို့
ထူးချွန်အောင်မြင်ဖို့

**လက်ဆောင်သစ်**
Reg. 3616/2010
၂၀၁၅/၂၀၁၆
ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်မေးခဲ့သော
**ဘာသာစုံ အဌမတန်း**
**မေးခွန်းပေါင်းချုပ်**
ထွက်နေပြီ
(၂) နှစ်အတွက် တစ်ဘာသာမေးခွန်း (၃၄)စုံ၊
(၆)ဘာသာ အပြည့်အစုံ

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

# ကြော်ငြာ


**မြတ်ဗောဓိ** ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့ ၈၀

"ဝန်ဆောင်မှုကောင်းကောင်းဈေးနှုန်းချိုချိုအထူးခရီးစဉ်"

၁၀ ရက်ခရီး - ၈ . ၉သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၃) ဌာန(အိန္ဒိယ - နီပေါ)

၁၂ ရက်ခရီး - ၉ . ၂သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ (သက်သာနဝိုရ်)ဘုရားဌာနအားလုံး (အိန္ဒိယ-နီပေါ) (အထူးခရီးစဉ်)

၁၅ ရက်ခရီး - ၁၀ . ၃သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ ဝင်္ဂမြစ်၊ အာဂရာ(တပ်ချ်မဟာ)၊ နယူးဒေလီ နေရာစုံ (အိန္ဒိယ - နီပေါ)

သာသနာ့ဝန်ထမ်းနှင့်အသက်(၈၀)အထက်ရှိသူတစ်ဦးလျှင်-၁၀၀၀၀ိ/-တိတိနှင့်(၁၂)ဦးတစ်ဖွဲ့(၁)ဦးလက်ဆောင်ပေးသည်။နယ်မှခရီးသည်များ ကြို/ပို့တည်းခိုရေးစီစဉ်ပေးသည်။ယာဉ်ကုန်ဆွမ်း၊ရေချမ်း၊ပန်း၊သစ်သီးဆွမ်း၊ India GSM Simcardနှင့်ကားပေါ်တွင်Internet Wifi Free Service၊ ဘုရားဌာန(၄)ဌာနတွင်စုပေါင်းကြာသက်နိုး(၁၁)ထည်တိုက်မွေပါ နပေးသည်။ နယူးဒေလီ Hotelတွင်ညအိပ်၍ နံနက်/နေ့လည်/ညစာ ဖြင့်ကျွေးမွေးသည့်ခံမည်။ကားညမောင်းခရီးစဉ်လုံးဝ(လုံးဝ)မပါပါ ခရီးစဉ်အားလုံးစရိတ်ငြိမ်းဖြစ်ပါသည်။ဩဂုတ်လ၊စက်တင်ဘာလနှင့်အောက်တိုဘာလအတွင်းစရံငွေ(၂)သိန်းပေးသွင်းသူများကိုအထူး(အထူး)ဈေးနှုန်းစီစဉ်ပေးပါမည်။(၂)လကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများအထက်ပါဈေးနှုန်းဖြင့်ပို့ဆောင်ပေးပါသည်။မြတ်ဗောဓိရုံးခန်းတွင် DVDအခွေနှင့်ဝန်ဆောင်မှုလက်ကမ်းကြော်ငြာများ အခမဲ့ လာရောက်ယူနိုင်ပါသည်။ခရီးစဉ်အသေးစိတ်ကိုစုံစမ်းမေးမြန်းနိုင်ပါသည်။

၅.၁၀.၂၀၁၆ မှစ၍ ဘုရားဖူးခရီးစဉ်များ အပတ်စဉ်/လစဉ်ထွက်ပါမည်။

ရန်ကုန်ရုံးချုပ်။ အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ၀၁၃၇၇၁၁၊ ၀၉၄၅၀၀၄၉၇၃၅၅၊ ၀၉၇၈၀၃၀၄၈၂၈၊ ၀၉၂၆၃၁၂၅၂၆၁၊ ၀၉၄၂၀၁၃၄၅၂၈၊ Email:maythodhi@gmail.com

မန္တလေးရုံးခွဲ။ အခန်း (ဘီ/၅)၊ ရတနာပုံ (စ)ဈေး၊ ဘုရင့်နောင်လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ Ph: 09 91038589, 09-797512889, 09 797351099



ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821



**မင်းကျန်စစ်** ပြည်တွင်း - ပြည်ပခရီးသွားလုပ်ငန်းနှင့် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

ယခုနှစ် ၂၀၁၆-၁၇ ခုနှစ်ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန (အိန္ဒိယ+နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို လစဉ်ထွက်ရှိရန်အောက်ပါခရီးစဉ်များကို စီစဉ်ထားပါသည်။ ဗုဒ္ဓဂယာခရီးစဉ်တွင် (၁၆)ဦး စုစည်းလိုက်ပါလျှင် တစ်ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။ နိုင်ငံကူးလက်မှတ်ရှိသူများ (၁၀,၀၀၀/-)ကျပ် ပြန်လျှော့ပေးပါမည်။ (၂)လကြိုတင် စာရင်းပေးသွင်းရန် မေတ္တာရပ်ခံအပ်ပါသည်။

- (၈ ရက်ခရီး) (ဆီးဂိုလ်ပြင်း) ➡ သံဝေဇနီယလေးဌာန (ဗုဒ္ဓ+ဗွဲ+ဓမ္မ+စံ) + အဝိဇဟိတဌာန + (အိန္ဒိယ + နီပေါ)
- (၁၅ ရက်ခရီး) (ဆီးဂိုလ်ပြင်း) ➡ သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန၊ နယူးဒေလီ + တာ့ဂျ်မဟာ + (အိန္ဒိယ+နီပေါ)

| အောက်တိုဘာ (၂၈) | နိုဝင်ဘာ (၂၀) | ဒီဇင်ဘာ (၄) | ဒီဇင်ဘာ (၁၄) |
|---|---|---|---|
| ၁၅ ရက်ခရီး | ၈ ရက်ခရီး | ၁၅ ရက်ခရီး | ၈ ရက်ခရီး |



ရွှေခိုးစည်
50% Discount
Aug 19, 26
(16-9-2016)
373275, 708342, 0949219404



တရုတ် | ENGLISH Conversation Practice
Sayar.Yang
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182



**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်..
လိပ်စာ - ဒဂုံစင်တာ(၁)၊ ဘီဆောင် - ၈၀၁၊ မြေနီကုန်း၊ စမ်းချောင်း။
01-503815 ,09-333 777 82,09-42 101 3085



လူတကာစွဲမက်တဲ့ **ဖွဲ့ထက်** စိန်ရွှေရတနာဆိုင်

အခြားဆုမဲပေါင်းများစွာနှင့် ဗလာမပါမိုးရာသီ ကံစမ်းမဲ အစီစဉ်ကို 31-8-2016 တွင် ဆိုင်(၃)၌

**ကား** အပါအဝင်

နိုင်ငံကျော်အဆိုတော်များနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားမည်ဖြစ်ပါ၍ အရောက်ကြွလှမ်းခဲ့ပါရန် ဖိတ်ခေါ်အပ်ပါသည်။



နေ့ရက် - ၃၁.၈.၂၀၁၆ (ဗုဒ္ဓဟူးနေ့) ။ အချိန် - နေ့လည်(၁)နာရီ။ နေရာ - ဂေလမ်း၊ လမ်း၃၀ထောင့် ဖွဲ့ထက်စိန်ရွှေရတနာဆိုင်။



Global ဆေးရုံ၏ ခွဲစိတ်ပြီးလူနာများ၊ လူနာဟောင်းများနှင့် လူနာသစ်များ ဆက်သွယ်နိုင်ပါသည်။

India နိုင်ငံ ၊ Chennai မြို့ ၊ Global Hospital မှ အောက်ပါဆရာဝန်ကြီးများကမြန်မာနိုင်ငံသို့ လာရောက်၍ ဆေးကုသမှုလုပ်ငန်းများ လာရောက်လုပ်ဆောင်မည် ဖြစ်ပါသောကြောင့် ဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးလိုသူများ ဗိတိုရိယဆေးရုံကြီးသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၁၆ ဩဂုတ်လ (၂၃)ရက် နှင့် (၂၄)ရက် တို့တွင် လာရောက်ဆွေးနွေး ကုသမည်ဖြစ်ပါသည်။

Dr. JOY VARGHESE - အသည်းအထူးကုဆရာဝန်ကြီး

Dr. K R GOPI - ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီး

ကြိုတင်စုံစမ်း စာရင်းပေးသွင်းရန် ဖုန်း (01) 9666 141 , (09) 783 666 141 - 144

နေရာ။ ။ ဗိတိုရိယဆေးရုံကြီး (Victoria Hospital) ၊ အမှတ် (၆၈)၊ တော်ဝင်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

GLOBAL HOSPITALS more to life
CHENNAI | Hyderabad | Bengaluru | Mumbai

ZAR & ZAR Co.,Ltd. Quality & Quantity

ဗိတိုရိယဆေးရုံ Victoria Hospital Quality Care



SCI™ STYLE · CONCEPT · INNOVATION
Cabinet Gallery

Have you found the best deals in Kitchen & Wardrobe?



Buy Kitchen Cabinet



Get Free
Rinnai Hood + FAGOR Gas Hob



အမှတ်(၁၃/အေ)၊ကမ္ဘာအေးဘုရားလမ်း (ဂန္ဓမာလမ်းထောင့်အနီး)၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရွှေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 73126362, 01 665467


oppo
OPPO F1s Pre-Order
Gift Box
1. OPPO x Barcelona Backpack
2. Selfie Stick Package
(9) ရက်အတွင်းသာ ရရှိနိုင်မည့်အခွင့်အရေး 17 Aug ~ 25 Aug 2016

# ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ အစည်းအဝေး နေပြည်တော်၌ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**(အောက်ပုံ)**

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတွင် ဆွေးနွေးမည့်အစီအစဉ်များ၊ ညီလာခံကျင်းပရေး ပူးတွဲကော်မတီဖွဲ့စည်းရေး၊ ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များကိစ္စ၊ ဖွင့်ပွဲနှင့် ညစာစားပွဲ အစီအစဉ်တို့ကို ဆက်လက်ဆွေးနွေးကြသည်။

“မိုင်ဂျာယန်မှာ ကျွန်မတို့စဉ်းစားထားတာက အားလုံးပါဝင်ရေးနဲ့ ဘယ်လို ပါဝင်နိုင်မလဲဆိုတာကို ကြိုးပမ်းဆောင်ရွက်ဖို့ အရေးပေါ်ဆွေးနွေးခဲ့ကြတယ်။ မိုင်ဂျာယန်အစည်းအဝေးအပြီးမှာ CT လို့ခေါ်တဲ့ Coordination Team နဲ့ DPN လို့ခေါ်တဲ့ UNFC က ဖွဲ့စည်းထားတဲ့ အဖွဲ့နဲ့ ချင်းမိုင်မှာ အစည်းအဝေးဆက်လုပ်တယ်။

“ရှေ့က EAO ရှစ်ဖွဲ့ကလည်း ကျွန်မတို့တစ်တွေ ပါဝင်လာဖို့အတွက် အများကြီးကြိုးစားပါတယ်။ အဲဒီလို ကြိုးစားတဲ့အချိန်မှာ သူတို့တစ်တွေ ဖြစ်မြောက်ရေးကော်မတီမှာ ပူးပေါင်းပါဝင်လာဖို့အတွက် ကျွန်မတို့အားလုံးက ဆုံးဖြတ်လိုက်တဲ့အတွက်ကြောင့် ဒီဆွေးနွေးပွဲဟာ အနာဂတ်တိုင်းပြည်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖



## ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ၌ သတင်းရယူကြမည့် မီဒီယာသမားများ မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များ အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် **Union Peace Conference-21st Century Panglong** ကို နှိပ်ကာ **MEDIA REGISTRATION FORM** တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ် မှတ်ပုံတင်ခြင်းကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဩဂုတ် ၃၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်း သတင်းထောက်များ ဝင်/ထွက်ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း-၀၆၇-၄၁၂၀၀၂ သို့လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ညီလာခံသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပ မီဒီယာများ တည်းခိုမှုလွယ်ကူစေရန် Sky Palace Hotel တွင် စျေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရေးစီစဉ်ထားကြောင်းနှင့် Sky Palace Hotel မှ ညီလာခံကျင်းပရာ နေရာ (MICC-2) သို့ Shuttle Bus များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများ ဒုတိယအကြိမ် သတင်းစာရှင်းလင်း

**နေပြည်တော် ဩဂုတ် ၁၆**

အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အစိုးရသစ် ရက် ၁၀၀ ကာလအတွင်း နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် အဓိကကျသည့် ရန်ကုန်၊ မန္တလေးတို့၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ရေးဆွဲပြီး မေ ၁ ရက်မှ ဩဂုတ် ၈ ရက်အထိ ဆောင်ရွက်ခဲ့ပါကြောင်း။

မှုခင်းကျဆင်းရေးဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့် ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသူများ၏ အမှုများအား တရားရုံးများတွင် ရုပ်သိမ်းခြင်း၊ ပိတ်သိမ်းခြင်း၊ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်သို့ အသွင်သဏ္ဌာန် ပြောင်းလဲခြင်းနှင့် အနှစ်သာရတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ခြင်းဟူသည့် အပိုင်းလေးပိုင်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❒

